၂၀၁၂ ခုနှစ် မြန်မာနိုင်ငံ လူ့အခွင့်အရေးအစီရင်ခံစာ

အကျဉ်းချုပ်အချက်အလက်များ

မြန်မာနိုင်ငံပါလီမန်အစိုးရကို သမ္မတဦးသိန်းစိန် ဦးဆောင်ပါသည်။ ဖေပြီ ၁၁ ရက်တွင် ပွင့်လင်းမြင်သာ၍ အများပါဝင်ခွင့်ရှိသော ကြားဖြတ်ရွေးကောက်ပွဲကို တစ်နိုင်ငံလုံးတွင် ကျင်းပခဲ့ပါသည်။ ယင်းကြားဖြတ်ရွေးကောက်ပွဲတွင် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီက ဥပဒေပြု အမတ်နေရာစုစုပေါင်း ၆၆၄ နေရာအနက် မဲဆန္ဒနယ်မြေ ၄၅ နေရာတွင် ၄၃ နေရာ အနိုင်ရရှိခဲ့ပါသည်။ အဆိုပါ ကြားဖြတ်ရွေးကောက်ပွဲသည် လွတ်လပ်မှုနှင့် တရားမျှတမှုမရှိသော ၂၀၁၀ ခုနှစ် အထွေထွေရွေးကောက်ပွဲနှင့် သိသာခြားနားခဲ့ပါသည်။ အာဏာရပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီက အမျိုးသားလွှတ်တော်အမတ်နေရာ၊ ပြည်နယ်နှင့်တိုင်းလွှတ်တော် အမတ်နေရာအများစုကို ဆက်လက်၍ သြဇာလွှမ်းမိုးရယူထားပါသည်။ ထို့အပြင် စစ်ဘက်ရာထူးစွဲကိုင်ထားသော အရာရှိကြီးများကလည်း အစိုးရအုပ်ချုပ်ရေးပိုင်းရှိ ရာထူးအဆင့်ဆင့်ကို ဆက်လက်၍ရယူထားပါသည်။ စစ်တပ်လုံခြုံရေးတပ်ဖွဲ့များက စစ်ဘက်ဆိုင်ရာအဖွဲ့အစည်းများကို အစီရင်ခံစာတင်ပြရသည်။ ရဲတပ်ဖွဲ့ကဲ့သို့သော အရပ်ဘက်လုံခြုံရေးအဖွဲ့က စစ်ဘက်ရာထူးစွဲကိုင်ထားသော စစ်တပ်ဗိုလ်ချုပ်ကြီးတစ်ဦး၊ ဦးဆောင်နေသော အရပ်ဘက်အမည်ခံ ဝန်ကြီးဌာနသို့ အစီရင်ခံစာပေးပို့သည်။

၂၀၁၂ ခုနှစ်တွင် အစိုးရ၏ ပြုပြင်ပြောင်းလဲမှုဆိုင်ရာ ကြိုးပမ်းမှုများကြောင့် လူ့အခွင့်အရေးဆိုင်ရာ တိုးတက်မှုများကို သိသာထင်ရှားစွာ ရရှိလာခဲ့သည်။ သို့သော် ဒေသဆိုင်ရာ အဆင့်တွင်မူ ဥပဒေနှင့် မူဝါဒဆိုင်ရာပြင်ဆင်မှုများအား အပြည့်အဝကိုက်ညီစေရန် အကောင်အထည်မဖော်နိုင်ခဲ့ပါ။ အထူးသဖြင့် တိုင်းရင်းသားမျိုးနွယ်စုဒေသများတွင် ဖြစ်ပါသည်။ ဇန်နဝါရီ ၁၃ ရက်တွင် သမ္မတဦးသိန်းစိန်က နိုင်ငံရေးအကျဉ်းသား ၃၀၀ ခန့်အား အကျဉ်းထောင်အသီးသီးမှ လွှတ်ပေးခဲ့သည်။ ထိုနိုင်ငံရေးအကျဉ်းသားများထဲတွင် ဒီမိုကရေစီလှုပ်ရှားမှု ဦးဆောင်ပါဝင်ခဲ့သူများနှင့် သတင်းစာဆရာများပါဝင်ကြသည်။ နောက်ပိုင်းတွင် နိုင်ငံရေးအကျဉ်းသား ၁၄၀ ခန့်အား လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့သည်။ သို့သော် ၂၀၁၂ ခုနှစ် လွတ်ငြိမ်းချမ်းသာခွင့်သည် ခြွင်းချက်ဖြင့် လွှတ်ပေးခြင်းသာဖြစ်သည်။ အစိုးရသည် အရပ်သားများအပေါ် တာရှည်စွာကန့်သတ်ထိန်းချုပ်မှုများကို ဖြေလျော့ပေးခဲ့ပါသည်။ ၎င်းတို့မှာ သတင်းမီဒီယာအပေါ် ပြဋ္ဌာန်းထားသော ဥပဒေပါဆင်ဆာဖြတ်တောက်မှုများအား လျော့ပေါ့ပေးခြင်း၊ အလုပ်သမားအခွင့်အရေးများကို တိုးမြှင့်ပေးခြင်း၊ ရာဇဝတ်မှုမြောက်သော အမှုခိုင်းစေမှုတို့ကို အရေးယူပေးခြင်းနှင့် နိုင်ငံရေးတက်ကြွလှုပ်ရှားသူများအတွက် အကျိုးဆောင်လိုက်ခဲ့ခြင်း (သို့) နိုင်ငံရေးလှုပ်ရှားမှုများကြောင့် ရှေ့နေလိုင်စင်ရုပ်သိမ်းခံခဲ့ရသော ရှေ့နေများအား လိုင်စင်ပြန်လည်ထုတ်ပေးပြီး ရှေ့နေအသက်မွေးဝမ်းကျောင်းလုပ်ငန်းကို ဆက်လက်လုပ်ကိုင်ခွင့်ပေးခြင်းတို့ဖြစ်ပါသည်။ ထို့အပြင် အစိုးရသည် ပြည်ပနှင့်ပြည်တွင်းရှိ နိုင်ငံရေးလှုပ်ရှားမှုပြုသူများဟု သံသယရှိသူဦးရေ ၂,၀၀၀ ကျော်တို့၏ နာမည်များကို နာမည်ဆိုးစာရင်းမှ ပယ်ဖျက်ပေးခဲ့ပြီး၊ ၎င်းတို့ကို မြန်မာနိုင်ငံအတွင်း ဝင်ရောက်ခွင့်နှင့် ထွက်ခွာခွင့်တားမြစ်ချက်များကိုပါ ပယ်ဖျက်ပေးခဲ့သည်။

ရခိုင်ပြည်နယ်အတွင်း ဇွန်တွင် ဖြစ်ပွားခဲ့သော ဗုဒ္ဓဘာသာဝင် ရခိုင်လူမျိုးနှင့် အစ္စလာမ်ဘာသာဝင် ရိုဟင်ဂျာလူမျိုးများအကြား ဒေသတွင်းပဋိပက္ခကြောင့် ခန့်မှန်းခြေအရပ်သား စုစုပေါင်း ၁၀၀ ခန့်သေဆုံးခဲ့ကြပြီး၊ ထောင်ပေါင်းများစွာသော ဒေသခံများသည် ဗဟိုအစိုးရတည်ငြိမ်အေးချမ်းမှုပြန်လည်မတည်ဆောက်ခင် အိုးအိမ်စွန့်ခွာပြောင်းရွှေ့ခဲ့ကြရသည်။ အောက်တိုဘာအတွင်း အဆိုပါ လူမျိုးရေးပဋိပက္ခ ထပ်မံဖြစ်ပွားခဲ့ပြီး သေဆုံးသူဦးရေ ၁၀၀ ခန့်ရှိခဲ့သည်။ ရိုဟင်ဂျာလူမျိုးများ၏ ကျေးရွာများရှိ အိမ်ခြေ ၃,၀၀၀ ကျော်မှာ မီးရှို့ခြင်းခံခဲ့ရသည်။ ဗဟိုအစိုးရသည် ကောင်းမွန်ထိရောက်သော ဆောင်ရွက်မှုများပြုလုပ်ခဲ့ပါသည်။ စစ်တပ်လုံခြုံရေးတပ်ဖွဲ့များချထားပြီး ပဋိပက္ခကိုနှိမ်နင်းခြင်း၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများအား ပဋိပက္ခဖြစ်ပွားခဲ့သော နေရာသို့ရောက်ရှိအောင် ဆောင်ရွက်ပေးခြင်း၊ ပဋိပက္ခဖြစ်ပွားရခြင်း အကြောင်းရင်းကို စုံစမ်းဖော်ထုတ်ရန် ကော်မရှင်ဖွဲ့စည်းပေးခြင်းနှင့် အပြည်ပြည်ဆိုင်ရာ ပဋိပက္ခပြေလည်ညှိနှိုင်းမှုဆိုင်ရာ ကျွမ်းကျင်သူ

ပညာရှင်များကိုခေါ်ယူကာ အကူအညီရယူခဲ့ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ ရခိုင်ဒေသအတွင်းရှိ တင်းမာမှုမှာ ဆက်လက်မြင့်မားနေဆဲ ဖြစ်သည်။ ၂၀၁၂ ခုနှစ် နှစ်ကုန်ပိုင်းတွင် ပြည်တွင်းရွှေ့ပြောင်း ဒုက္ခသည်ဦးရေ ၁၀၀,၀၀၀ ကျော်ရှိနေခဲ့သည်။

မြန်မာ့တပ်မတော်သည် ဒီဇင်ဘာအတွင်း ကချင်လွတ်မြောက်ရေးတပ်မတော်အပေါ် အရှိန်ယူထိုးစစ်ဆင်ခဲ့ရာတွင် လေကြောင်းတိုက်ခိုက်မှုကို အသုံးပြုခဲ့သည်။ ဇူလိုင်အတွင်း အစိုးရသည် ကချင်ပြည်နယ်ရှိ ကချင်လွတ်မြောက်ရေးအဖွဲ့ထိန်းချုပ်နယ်မြေများသို့ သွားမည့် ကုလသမဂ္ဂ၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထောက်အပံ့ပေးမည့် ယာဉ်တန်းကို သွားလာခွင့်ရပ်ဆိုင်းလိုက်ပါသည်။ ထို့ကြောင့် ဒေသတွင်းရွှေ့ပြောင်း ဒုက္ခသည်ဦးရေ ၄၀,၀၀၀ ခန့်သည် အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထောက်အပံ့များ ဖြတ်တောက်ခြင်း ခံခဲ့ကြရပါသည်။ ယေဘုယျအားဖြင့် ဒေသတွင်းရှိ အစိုးရမဟုတ်သော အဖွဲ့အစည်းများ (အင်နင်ဂျီအို)သည် ထိုဒေသရှိ လူထုထံ ၎င်းကာလအတွင်း သွားရောက်နိုင်ခဲ့ကြသည်။ ကချင်လွတ်မြောက်ရေးတပ်မတော်က ကချင်ပြည်နယ်အတွင်းရှိ အရပ်ဘက်လူမှုအခြေခံအဆောက်အဦးများ၊ လမ်းတံတားများ၊ မီးရထားများနှင့် ရဲဝန်ထမ်းများအား ပစ်မှတ်ထား၍ တိုက်ခိုက်ဖျက်ဆီးခဲ့သည်ဟု စွပ်စွဲခံထားရပါသည်။

နိုင်ငံအတွင်းရှိ သိသာထင်ရှားသော လူအခွင့်အရေးဆိုင်ရာ ပြဿနာများဆက်လက်ရှိနေခဲ့ပါသည်။ နယ်စပ်ဒေသရှိ တိုင်းရင်းသားလူနည်းစုကို တိုက်ခိုက်ခြင်း၊ အကျဉ်းသားများကို နှိပ်စက်ခြင်း၊ နိုင်ငံရေးအကျဉ်းသားဦးရေ ၂၀၀ ကျော်ကို ဆက်လက်၍ အကျဉ်းချထားခြင်း၊ လွှတ်ပေးခဲ့သော နိုင်ငံရေးအကျဉ်းသားဟောင်းများကို တားမြစ်တင်းကြပ်မှု ဆက်လက်ပြုလုပ်နေခြင်းနှင့် အထွေထွေတရားဥပဒေစိုးမိုးမှုကင်းမဲ့ခြင်းကြောင့် အဂတိလိုက်စားမှုနှင့် မြေယာအသက်မွေးမှုလုပ်ငန်းများမှ ဖယ်ရှားခြင်းခံရခြင်း စသည်တို့ဖြစ်ပွားနေပါသည်။

အစိုးရစစ်တပ်၏ တပ်ဖွဲ့များသည် တရားစီရင်ရေးနှင့် မသက်ဆိုင်သော သတ်ဖြတ်မှု၊ မုဒိမ်းမှုနှင့် ညှဉ်းပန်းနှိပ်စက်မှုများကို ကျူးလွန်ခဲ့ကြသည်ဟု စွပ်စွဲခံနေကြရပါသည်။ အစိုးရသည် အချို့သော အကျဉ်းသားများနှင့် ထိန်းသိမ်းခံနေရသူများအား အကြမ်းဖက်ပြုမှုခြင်း၊ လူအချို့အား ကြမ်းတမ်းစွာနှိပ်စက်ပြီး အသက်အန္တရာယ်ရှိစေခြင်းနှင့် ပဋိပက္ခဖြစ်ပွားရာဒေသရှိ အရပ်သားများအပေါ် ကာကွယ်စောင့်ရှောက်ရန်ပျက်ကွက်ခြင်းတို့ကို ပြုလုပ်ခဲ့ပါသည်။

ဤနှစ်အတွင်း အစိုးရသည် တရားဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။ လက်တွေ့မှတ်သားတင်ပြရမည်ဆိုလျှင် မြန်မာနိုင်ငံ၏ အမျိုးမျိုးသောလူအခွင့်အရေးများကို ထိန်းချုပ်ကန့်သတ်မှုများသည် လွန်ခဲ့သော နှစ်များနှင့်နှိုင်းယှဉ်ပါက လျော့နည်းသွားပါသည်။ သို့သော် လွတ်လပ်စွာပြောဆိုခွင့်၊ လွတ်လပ်စွာရေးသားပုံနှိပ်ထုတ်ဝေခွင့်၊ လွတ်လပ်စွာစုရုံးခွင့်၊ လွတ်လပ်စွာအဖွဲ့အစည်းဖွဲ့စည်းခွင့်၊ လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့်နှင့် လွတ်လပ်စွာလှုပ်ရှားခွင့်တို့ကို တင်းကြပ်ကန့်သတ်သော ဥပဒေများ ဆက်လက်တည်ရှိနေသည်။ လွန်ခဲ့သောနှစ်များနှင့်စာလျှင် လူမှုအဖွဲ့အစည်းများသည် ထုတ်ဖော်ပြောဆိုခွင့် ပိုမိုရရှိလာခြင်းနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများသည် ပိုမိုပွင့်လင်းစွာ လုပ်ကိုင်ဆောင်ရွက်နိုင်စေရန် အစိုးရက ခွင့်ပြုပေးခဲ့သည်။ သို့သော် အစိုးရမဟုတ်သော အဖွဲ့အစည်းများအတွက် လုပ်ပိုင်ခွင့်ဆိုင်ရာ မှတ်ပုံတင်ရာတွင် မှတ်ပုံတင်လုပ်ထုံးလုပ်နည်းသည် ဆက်လက်၍ နေးကွေးရှုပ်ထွေးပြီး ပွင့်လင်းမြင်သာမှုမရှိဖြစ်နေဆဲဖြစ်သည်။

အစိုးရသည် တရားမဝင် ကလေးစစ်သားစုဆောင်းခြင်းကို အဆုံးသတ်ရန်အတွက် ကုလသမဂ္ဂနှင့် ဆောင်ရွက်မည့်စီမံကိန်းကို လက်မှတ်ရေးထိုးခဲ့သည်။ ဤနှစ်အတွင်း ကလေးစစ်သားစုဆောင်းထားခြင်းကို ဖျက်သိမ်းကြောင်း ပြည်သူ့လူထုကို ထုတ်ဖော်ပြခဲ့သော်လည်း ကလေးစစ်သားစုဆောင်းခြင်းကို ဆက်လက်လုပ်ကိုင်နေဆဲဖြစ်သည်။ တိုင်းရင်းသားလူနည်းစုနှင့် တိုင်းပြည်မဲ့ (နိုင်ငံမဲ့) သူများအား ခွဲခြားဆက်ဆံမှုများ ဆက်လက်ပြုလုပ်နေသည်။ လူကုန်ကူးခြင်းဟုဆိုရာတွင် အမျိုးသမီးများနှင့် ကလေးများပါဝင်ကြောင်း အတိအကျ ပြောနိုင်သည်။ ဤပြဿနာကို အစိုးရက ကိုင်တွယ်ဖြေရှင်းပေးခြင်း၊ အရေးယူဆောင်ရွက်ခြင်းတို့ကို ပြုလုပ်သည်။ အဓမ္မခိုင်းစေမှုတွင် ကလေးများအား အသုံးချနေခြင်းမှာ ဆက်လက်ဖြစ်ပွားနေပါသည်။ အစိုးရသည် ယေဘုယျအားဖြင့် လူအခွင့်အရေးချိုးဖောက်သူများအား အနည်းငယ်သော သီးခြားခြွင်းချက်ကိစ္စများမှလွဲ၍ တရားစွဲဆိုခြင်း အပြစ်ပေးအရေးယူခြင်းမရှိခဲ့ပါ။ လူအခွင့်အရေးချိုးဖောက်မှုများကို ပြင်းပြင်းထန်ထန်ကျူးလွန်နေဆဲဖြစ်သည်။

တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များသည်လည်း လူအခွင့်အရေးများကို ချိုးဖောက်ကျူးလွန်ခဲ့ကြသည်။ ကျူးလွန်မှုများတွင် အဓမ္မခိုင်းစေမှု၊ ကလေးစစ်သားစုဆောင်းမှုနှင့် ပဋိပက္ခဒေသအတွင်းရှိ အရပ်သားများကို ကာကွယ်ရန် ပျက်ကွက်ခြင်းတို့ ပါဝင်သည်။

အပိုင်း(၁)။ ။ အောက်ဖော်ပြပါအခြေအနေများမှ လွတ်လပ်ခွင့်အပါအဝင် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ ဂုဏ်သိက္ခာကို လေးစားလိုက်နာမှု

(က) **တရားလက်မဲ့ သို့မဟုတ် ဥပဒေနှင့် လျော်ညီခြင်းမရှိဘဲ အသက်ဆုံးရှုံးရခြင်း**

တရားလက်မဲ့ သို့မဟုတ် ဥပဒေနှင့် လျော်ညီခြင်းမရှိဘဲ၊ ပြည်တွင်းပဋိပက္ခနှင့်သက်ဆိုင်ခြင်းမရှိဘဲ တရားလက်လွတ်သတ်ဖြတ်မှု ပြုခဲ့သည်ဆိုသော အစီရင်ခံစာအများအပြားရှိသည်။ (ပြည်တွင်းပဋိပက္ခနှင့်သက်ဆိုင်သော ကိစ္စများအား အပိုင်း-၁ (ဆ)တွင် ကြည့်ရန်)၊ ဒီဇင်ဘာ ၁၄ ရက်တွင် ဟသ်ာတမြို့နယ်မှ အသက် ၁၆ နှစ်အရွယ်ရှိ မောင်သန်းထိုက်အောင် ဆိုသူသည် မော်တော်ဆိုင်ကယ်ကို စီးလာစဉ် ဒေသဆိုင်ရာ စစ်တပ် တပ်ရင်းမှ စစ်သားတစ်ဦးကို မတော်တဆတိုက်မိခဲ့သည်။ ထို့ကြောင့် စစ်သားတစ်စုက မောင်သန်းထိုက်အောင်ကို ဝိုင်းဝန်းရိုက်နှက်ခဲ့ကြသည်။ မောင်သန်းထိုက်အောင်သည် ရိုက်နှက်ခံရသောဒဏ်ရာများကြောင့် ဒီဇင်ဘာ ၂၇ ရက်တွင် သေဆုံးသွားခဲ့သည်။ သေဆုံးသူ၏ မိသားစုက ထိုဖြစ်စဉ်အား တရားဥပဒေအရ အရေးယူဆောင်ရွက်ပေးရန် တိုင်တန်းခဲ့သော်လည်း ကျူးလွန်ခဲ့သူအဆိုပါ စစ်သားများကို အစိုးရက ဤနှစ်ကုန်သည်အထိ အရေးယူခဲ့ခြင်းမရှိပါ။

၂၀၁၁ ခုနှစ်တွင် ရန်ကုန်-မန္တလေးအဝေးပြေးလမ်းတွင် မော်တော်ဆိုင်ကယ်စီးခွင့် ပိတ်ပင်ထားမှုကို ချိုးဖောက်သည်ဟုဆိုကာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဝန်ထမ်းတစ်ဦးက အမျိုးသားတစ်ဦးကို ရိုက်နှက်သတ်ဖြတ်ခဲ့သည်။ ဆောက်လုပ်ရေးဝန်ကြီးဌာနက သေဆုံးသူ၏ မိသားစုအား ကျပ်သိန်း ၇၀ ခန့် (အမေရိကန်ဒေါ်လာ ၇,၀၀၀ ခန့်) ပေးအပ်ခဲ့သည်။

(ခ) **တိတ်တဆိတ်ပျောက်ဆုံးမှုများ**

အကျဉ်းထောင်နေရာများနှင့် ပဋိပက္ခဖြစ်ပွားခဲ့သော နယ်စပ်ဒေသများတွင် တိတ်တဆိတ်ပျောက်ဆုံးမှုများကို စွပ်စွဲခြင်းမှတပါး တသီးပုဂ္ဂလနိုင်ငံသားများနှင့်ပတ်သက်သော တိတ်တဆိတ်ပျောက်ဆုံးမှုများနှင့် ပတ်သက်သော ဖြစ်ရပ်မှန်များကို ဖော်ပြသော အစီရင်ခံစာများ မရှိခဲ့ပါ။ ကျော်ကြားသော လူအခွင့်အရေးတောင်းဆိုသော အုပ်စုတစ်စုက အစီရင်ခံရာတွင် ဤနှစ်အတွင်း ကချင်ပြည်နယ် ဟိုပင်မြို့၊ မိုးညှင်းမြို့နှင့် ဗန်းမော်မြို့များတွင် တိတ်တဆိတ်ပျောက်ဆုံးသူ ၁၀၀ ဦးထက်မကရှိကြောင်း ဖော်ပြထားသည်။ (အပိုင်း ၁-ဆ ကြည့်ပါ)

(ဂ) **ဖိနှိပ်ညှဉ်းပန်းမှုများနှင့် ရက်စက်ကြမ်းကြုတ်သော လူမဆန်မှုများ သို့မဟုတ် လူဂုဏ်သိက္ခာကို နှိမ့်ကျစေသော ပြုမူဆက်ဆံမှုများနှင့် ပြစ်ဒဏ်များ**

နှိပ်စက်ညှဉ်းပန်းမှုများကို ဥပဒေများက ပိတ်ပင်တားမြစ်ထားသော်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များသည် အကျဉ်းသားများ၊ အချုပ်သားများ၊ ထိန်းသိမ်းထားသူများနှင့် အခြားသော နိုင်ငံသားများကို ညှဉ်းပန်းခြင်း၊ ရိုက်နှက်ခြင်းအပြင် အခြားသော နှိပ်စက်စော်ကားမှုများ ကျူးလွန်ခဲ့ကြောင်း အစီရင်ခံစာများအရသိရသည်။ စက်တင်ဘာအတွင်း ကချင်ပြည်နယ် ဟိုပင်မြို့နယ်၌ အလုပ်မှ အိမ်သို့အပြန် မီးရထားစီးလာသော မောင်ဦးဆိုသူကို ရထားပေါ်တွင် ရဲများက စစ်ဆေးမေးမြန်းခဲ့သည်။ မောင်ဦးသည် ၄က်ဖျားဝေဒနာရှင်တစ်ဦးဖြစ်သည်။ ရဲများက မောင်ဦးကို ရဲစခန်းသို့ခေါ်ဆောင်သွားပြီး စစ်ဆေးမေးမြန်းရုံမက ညှဉ်းပန်းနှိပ်စက်ခဲ့ကြသည်။ မောင်ဦးသည် ရောဂါဝေဒနာကြောင့် ကောင်းစွာမဖြေနိုင်ခဲ့ပါ။ ရိုက်နှက်မေးမြန်း ဒဏ်ရာပြင်းထန်သောကြောင့် ရဲများက မောင်ဦးအား ဟိုပင်မြို့ရှိ ဆေးခန်းတစ်ခုသို့ တင်ပို့လိုက်သည်။ မောင်ဦးသည် ရဲများ၏ ရိုက်နှက်ဒဏ်ရာများကြောင့် သေဆုံးခဲ့သည်။ အဆိုပါဖြစ်စဉ်ကို ထင်ရှားသော လူအခွင့်အရေးလှုပ်ရှားသူ အုပ်စုတစ်စုက အစီရင်ခံစာပေးပို့ခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဖမ်းဆီးထိန်းသိမ်းထားသူများ ထိတ်လန့်ကြောက်ရွံ့စေရန်နှင့် စိတ်ဓာတ်ယိမ်းယိုင်စေရန်အတွက် ပြင်းထန်စွာရိုက်နှက်ခြင်း၊ အစာရေစာနှင့် အိပ်စက်ခြင်းအား လုံလောက်စွာမပေးခြင်းစသည့် ရက်စက်ကြမ်းတမ်းသော နည်းလမ်းများကို အသုံးပြု၍ စစ်ကြောမေးမြန်းလေ့ရှိကြသည်ဟု အစီရင်ခံစာများအရသိရသည်။ သက်ဆိုင်ရာ အာဏာပိုင်များသည် နိုင်ငံရေးအကျဉ်းသားများအား မီးရှို့ခြင်း၊ ရေဖြင့်ညှဉ်းပန်းခြင်းနှင့် လိင်ပိုင်းဆိုင်ရာကျူးလွန်ခြင်းတို့ကို မပြုလုပ်တော့ပါဟု အစီရင်ခံစာအရသိရသည်။ ခါတိုင်းနှစ်များကဲ့သို့ပင် အာဏာပိုင်တို့က နှိပ်စက်ညှဉ်းပန်းမှုများ၊ ကျူးလွန်သူများနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးခြင်းနှင့် အရေးယူအပြစ်ပေးခြင်းမျိုး

မရှိသလောက်ပင်ဖြစ်သည်ဟု သိရသည်။ ဇွန် ၂၄ ရက်က နေပြည်တော် မီးရထားဘူတာရုံတွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီးနောက် အာဏာပိုင်တို့သည် အပြစ်မဲ့သူတစ်ဦးအား ဖမ်းဆီးထိန်းသိမ်းခဲ့ပြီး ဝန်ခံဖြောင့်ချက်ရရေးအတွက် ညှဉ်းပန်းနှိပ်စက်ခဲ့ကြောင်း လူအခွင့်အရေး ဆိုင်ရာ လှုပ်ရှားဆောင်ရွက်သူတို့၏ အစီရင်ခံစာအရသိရသည်။

အကျဉ်းထောင်နှင့်ထိန်းသိမ်းရေးစခန်းများအခြေအနေ

အချို့သော အကျဉ်းထောင်နှင့်ထိန်းသိမ်းရေးစခန်းများ၏ အခြေအနေမှာ ကောင်းမွန်တိုးတက်မှုရှိလာပြီဖြစ်သော်လည်း အကျဉ်းထောင်နှင့် အလုပ်စခန်းများ၏ အခြေအနေမှာ ဆက်လက်၍ ဆိုးရွားကြမ်းတမ်းပြီး အသက်အန္တရာယ်ကို ခြိမ်းခြောက်နိုင်သည်အထိ ရှိနေသည်ဟု အစီရင်ခံစာအရသိရသည်။

အကျဉ်းထောင်အခြေအနေများ။ ။ ပြစ်ဒဏ်ပေးပြုပြင်ရေးဌာနသည် ခန့်မှန်းခြေအကျဉ်းထောင် ၄၂ ခုနှင့် အလုပ်ကြမ်းစခန်း ၁၀၀ ကျော်ကို လုပ်ကိုင်လည်ပတ် နေခဲ့သည်။ လူအခွင့်အရေးလှုပ်ရှားသူအုပ်စုတစ်စုနှင့် ထင်ရှားသော အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သော အဖွဲ့အစည်းတို့၏ အဆိုအရ ခန့်မှန်းခြေအားဖြင့် အမျိုးသားအကျဉ်းသား ၅၇,၀၀၀ နှင့် အမျိုးသမီး အကျဉ်းသူ ၈,၀၀၀ အပါအဝင် စုစုပေါင်း အကျဉ်းသား ၆၅,၀၀၀ ခန့် ရှိကြောင်း သိရသည်။ ကလေးသူငယ်အကျဉ်းသားများမှာမူ ခန့်မှန်းခြေ ရာဂဏန်းအနည်းငယ်သာရှိသည်ဟု သိရသည်။ နိုင်ငံ၏အကြီးဆုံး အကျဉ်းထောင်ဖြစ်သော အင်းစိန်အကျဉ်းထောင်မှတပါး အခြားအကျဉ်းထောင်များရှိ လူပြည့်နှက်မှုအရေးကို ဖြေရှင်းဆောင်ရွက်မှုအဖြစ် အကျဉ်းသားများအား အလုပ်ကြမ်းစခန်းများသို့ လွှဲပြောင်းပေးရန် အာဏာပိုင်တို့ကို မှာကြားထားခြင်းကြောင့် ဖြစ်ကြောင်း သိရသည်။

အမှုရင်ဆိုင်နေရဆဲ အထိန်းသိမ်းခံများအား ပြစ်ဒဏ်စီရင်ထားသော အကျဉ်းသားများနှင့် အတူတကွချုပ်နှောင်သက့ဲသို့ နိုင်ငံရေး အကျဉ်းသားများကိုလည်း ရဲဖန်ရဲခါဆိုသလို သာမန်ရာဇဝတ်မှုကျူးလွန်သူများနှင့် အတူတကွထားရှိကြောင်း သိရသည်။ အစီရင်ခံစာများ အရဆိုလျှင် နိုင်ငံရေးအကျဉ်းသားများသည် ခါတိုင်းနှစ်များနှင့်စာလျှင် ပိုမိုကောင်းမွန်သော ဆက်ဆံမှုရရှိခဲ့ကြောင်း သိရသည်။

အကျဉ်းထောင်များတွင် အစားအစာ၊ အဝတ်အထည်နှင့် ဆေးဝါးအထောက်အပံ့များ အလွန်ရှားပါးပြီး အရည်အသွေးလည်း နိမ့်ကျသည်။ အကျဉ်းသားများသည် သန့်ရှင်းသောရေကို မရရှိခဲ့ပါ။ ဤအခြေအနေများကြောင့် အကျဉ်းသား၏ မိသားစုဝင်များက ဆေးဝါးနှင့် အခြေခံလိုအပ်ပစ္စည်းများကို အကျဉ်းထောင်၏ ပုံမှန်ရိက္ခာအပြင် ထပ်ဆောင်း၍ ဖြည့်ဆည်းပေးကြရပါသည်။ ထို့အပြင် အကျဉ်းသားများသည် အခြေခံလိုအပ်ချက်ပစ္စည်းများဖြစ်သော သောက်ရေသန့်၊ အကျဉ်းကျဝတ်စုံ၊ ပန်းကန်၊ ခွက်နှင့် အိုးခွက်များကို အကျဉ်းထောင်ကြီးကြပ်သူများ ထံမှ အခကြေးငွေပေး၍ ဝယ်ယူကြရသည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။

အစိုးရက အကျဉ်းသားများအတွက် လုံလောက်သော ဆေးဝါးကုသစောင့်ရှောက်မှု မပေးဘဲထားသည်။ အကျဉ်းထောင်အတွင်းရှိ ကျန်းမာရေးစောင့်ရှောက်မှုအနေအထားသည် တစ်နိုင်ငံလုံးရှိ ပြည်သူများရရှိနေသော နိမ့်ကျညံ့ဖျင်းသည့် ကျန်းမာရေးဝန်ဆောင်မှုကို ထင်ဟပ်လျက်ရှိသည်။ အကျဉ်းသားများတွင် ငှက်ဖျား၊ နှလုံး၊ သွေးတိုး၊ တီဘီနှင့် အရေပြားရောဂါများ အများဆုံးဖြစ်ပွားခဲ့ကြသည်။ အစာအိမ် ရောဂါလည်း ဖြစ်ပွားနေသည်။ ယင်းသည် ကျန်းမာရေးနှင့် မညီညွတ်သော အခြေအနေနှင့် ညံ့ဖျင်းသော အစားအစာတို့ကြောင့်ဖြစ်သည်။ အကျဉ်းထောင်အတွင်း အိတ်ခ်အိုင်ဗီ/အိဒ်စ်ရောဂါကူးစက်ပျံ့နှံ့မှုနှုန်းလည်း အလွန်မြင့်မားသည်ဟု သိရသည်။ ထိုသို့ မြင့်မားရခြင်းမှာ ဆေးကုသရာတွင် ဆေးထိုးအပ်များကို ဘုံသုံးခြင်းနှင့် ရောဂါကူးစက်ခံထားရသော အကျဉ်းသားများက ကျန်အကျဉ်းသားများကို လင်ပိုင်းဆိုင်ရာအရ ကျူးလွန်စော်ကားမှုပြုခြင်းတို့ကြောင့်ဖြစ်သည်။ အကျဉ်းသားဟောင်းတို့၏ ပြန်လည်ပြောပြချက်အရ အကျဉ်းထောင် အာဏာပိုင်တို့သည် နှစ်ကြီးအကျဉ်းသားအချို့အား တရားမဝင်ထောင်ဝါဒါအဖြစ်ထားရှိပြီး အကျဉ်းထောင်အာဏာပိုင်များသည် ထောင်ဝါဒါ အဖြစ်ထားရှိသော အကျဉ်းသားများကို ငယ်ရွယ်သော အကျဉ်းသားများအား လင်ပိုင်းဆိုင်ရာကျူးလွန်စော်ကားမှုထိန်းချုပ်ရန် သို့မဟုတ် ထိုသူများကို အခြားအကျဉ်းသားထံလွှဲပြောင်းပေးပြီး တံစိုးလက်ဆောင်ရယူရန် ပြုလုပ်ခိုင်းသည်။ ထိုထောင်ဝါဒါများက အသက် ၁၅ နှစ်နှင့် ၁၆ နှစ်အရွယ် အကျဉ်းသားငယ်များအထိ လင်ပိုင်းဆိုင်ရာကျူးလွန်စော်ကားမှုပြုသည့်အတွက် အိတ်ခ်အိုင်ဗီ/အိဒ်စ်ရောဂါကူးစက်မှုနှုန်း အလွန်မြင့်မားစေခဲ့သည်ဟု သိရသည်။ အကျဉ်းသားဟောင်းများကလည်း သူတို့အား ချုပ်နှောင်ထားရာ အဆောက်အအုံများမှာ

အိုမင်းဟောင်းနွမ်းနေပြီး ပြုပြင်ထိန်းသိမ်းမှုညံ့ဖျင်းသည့်အတွက် ကြွက်များ၊ ပိုးမွှားများ၊ ငွေ့မြားခိုအောင်းကာ မှိုများစွဲကပ်လျက်ရှိကြောင်း ပြောပြသည်။

အချုပ်ခန်းတွင်း သေဆုံးမှုဆိုင်ရာ အစီရင်ခံစာများတွင် ရန်ကုန်တိုင်း၊ လှိုင်သာယာမြို့နယ်မှ အမျိုးသားတစ်ဦးသည် ဖေဖော်ဝါရီ ၁၂ ရက်တွင် သေဆုံးခဲ့ကြောင်း ပါဝင်သည်။ သတင်းမီဒီယာ၊ လူ့အခွင့်အရေးလှုပ်ရှားသူများနှင့် ရှေ့နေများ၏ ပြောကြားချက်အရ ထိုသေဆုံးသူ အမျိုးသားအား အပိုင်ရဲစခန်းမှ ရန်ကုန်အင်းစိန်ထောင်သို့မပို့ခင် ရဲက အချုပ်ကာလအတွင်း နှစ်ရက်ကြာ ကြမ်းတမ်းစွာ ရိုက်နှက်စစ်ဆေးခဲ့သည်ဟု သိရသည်။ ထိုသူသည် ရဲစခန်းမှ အင်းစိန်ထောင်သို့ရောက်ပြီး တစ်ရက်အကြာတွင် သေဆုံးသွားကြောင်း သိရှိရပါသည်။

အကျဉ်းထောင်အတွင်းအုပ်ချုပ်မှု။ ။ အကြမ်းဖက်ခြင်းမပြုသော ကျူးလွန်သူများအား အခြားနည်းလမ်းအားဖြင့် ပြစ်ဒဏ်ပေးရာတွင် ဒဏ်ငွေရိုက်ခြင်းနှင့် ပြစ်ဒဏ်ချထားသူအား လူ့အဖွဲ့အစည်းအတွင်းနေထိုင်စေ၍ အာဏာပိုင်များထံ မှန်မှန်သတင်းပို့စေခြင်းတို့ဖြစ်သည်။ ထိုပြစ်ဒဏ်ကျခံရသူတို့၏ ဘဝပြန်လည်ထူထောင်ရေးအစီအစဉ်များမရှိကြောင်း သိရသည်။ အကျဉ်းသားများနှင့် အထိန်းသိမ်းခံများသည် လာရောက်တွေ့ဆုံသူများကို လက်ခံတွေ့ဆုံခွင့်ရရှိပြီး လာရောက်တွေ့ဆုံသူ မိသားစုဝင်များကို တစ်လလျှင် တစ်ကြိမ် သို့မဟုတ် နှစ်ကြိမ် ယေဘုယျအားဖြင့် တွေ့ဆုံခွင့်ပြုထားပါသည်။ အကျဉ်းသားများနှင့် အထိန်းသိမ်းခံများသည် တစ်ခါတစ်ရံ မိမိတို့ တိုင်တန်းချက်များကို တရားရေးအာဏာပိုင်များထံ စိစစ်ခြင်းမရှိဘဲ၊ မကောင်းသော တုန့်ပြန်ချက်မရှိဘဲ ပေးပို့တင်ပြနိုင်သော်လည်း အားလုံးသော အကျဉ်းသားများ အနေဖြင့် လွတ်လွတ်လပ်လပ် ဘုရားဝတ်ပြုခွင့်မရရှိကြောင်း သိရသည်။ အကျဉ်းခံရသော ဘုန်းကြီးများ၏ အဆိုအရ သူတို့အနေဖြင့် ဥပုသ်သီတင်းဆောက်တည်ခွင့်၊ သက်နှံရုံခွင့်နှင့် ဦးခေါင်းတုံးခွင့်မရရှိသကဲ့သို့ ရဟန်းသံဃာတို့၏ ဝိနည်းတော်နှင့်အညီ ဆွမ်းဘုန်းခွင့် မရရှိခဲ့ကြောင်း သိရသည်။ များသောအားဖြင့် အာဏာပိုင်တို့က ထိုသို့သော စာနာထောက်ထားမှုမရှိသော အခြေအနေအပေါ် စွပ်စွဲချက်များကို စုံစမ်းစစ်ဆေးလေ့မရှိကြောင်း သိရသည်။

စောင့်ကြည့်ခြင်း။ ။ ဤနှစ်အတွင်း များသောအားဖြင့် အစိုးရသည် မီဒီယာ သို့မဟုတ် အခြားလွတ်လပ်သော အုပ်စုများအား အကျဉ်းထောင် အခြေအနေများကို စောင့်ကြည့်ရန်ခွင့်မပြုဟု သိရသည်။ နိုဝင်ဘာတွင် အစိုးရက နိုင်ငံတကာကြက်ခြေနီအဖွဲ့ (အိုင်စီအာရ်စီ)အား အကျဉ်းထောင်များနှင့် အကျဉ်းသားများကို လွတ်လပ်စွာ တိုက်ရိုက်တွေ့ဆုံခွင့်ပြုမည်ဟု လူသိထင်ရှားကတိပေးခဲ့သော်လည်း ယခုနှစ်ကုန်သည်အထိ ခွင့်ပြုခြင်းမပြုခဲ့ပါ။

တိုးတက်မှုများ။ ။ ဤနှစ်အတွင်း နိုင်ငံတကာကြက်ခြေနီအဖွဲ့ (အိုင်စီအာရ်စီ)မှ အရာရှိများကို အကျဉ်းထောင်သုံးခု၏ ရေနှင့်မိလ္လာ အဆောက်အအုံစီမံကိန်းများကို ကြည့်ရှုစစ်ဆေးခွင့်ပြုခဲ့ပြီး အကျဉ်းထောင်တိုးချဲ့မှုနှင့် ကိုက်ညီလုပ်ဆောင်ရန်ကိုလည်း သဘောတူခဲ့ပါသည်။

(ဃ) တရားလက်မဲ့ဖမ်းဆီးခြင်း သို့မဟုတ် ထိန်းသိမ်းခြင်း

ဥပဒေက တရားလက်လွတ် တစ်ဖက်သတ် ဖမ်းဆီးခြင်းနှင့်ထိန်းသိမ်းခြင်းကို တားမြစ်ပိတ်ပင်ထားခြင်းမရှိပေ။ သို့သော် ၂၄ နာရီထက် ကျော်လွန်ကာ ဖမ်းဆီးထိန်းသိမ်းထားရန်အတွက် တရားရုံး၏ ခွင့်ပြုချက်လိုအပ်မည်ဖြစ်သည်။ မည်သို့ဆိုစေ အစိုးရက တရားလက်လွတ် တစ်ဖက်သတ် ဖမ်းဆီးခြင်းနှင့် ထိန်းသိမ်းခြင်းကို ဆက်လက်ပြုလုပ်ခဲ့သည်။ မူလချမှတ်ထားသော ပြစ်ဒဏ်ကို အကုန်အစင် ကျခံပြီးသော်လည်း အကျဉ်းသားများကို ပြစ်ဒဏ်သစ်များ ထပ်မံချမှတ်နိုင်ရန် ဥပဒေကခွင့်ပြုထားပြီး အစိုးရကလည်း ယင်းလုပ်ပိုင်ခွင့်ကို ပုံမှန်ကျင့်သုံးသည်။ ဥပဒေအရ အာဏာပိုင်များသည် အချုပ်အခြာအာဏာ သို့မဟုတ် နိုင်ငံတော်လုံခြုံရေး သို့မဟုတ် ပြည်သူလူထု၏ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို ထိပါးအောင်ဆောင်ရွက်သူ သို့မဟုတ် ဆောင်ရွက်သည်ဟု သံသယရှိသူများကို ရုံးတင်တရားစွဲခြင်း၊ စီရင်ချက်ချခြင်းမရှိဘဲနှင့် ဖမ်းဆီးထိန်းသိမ်းခြင်းကို ခွင့်ပြုထားသည်။ တရားလက်မဲ့ ဖမ်းဆီးခြင်းနှင့် ထိန်းသိမ်းခြင်းကို အရင်နှစ်များနှင့် ခြားနားသော အခြေအနေကို ယခုအခါ တွေ့မြင်နေရပြီဟု ဆန္ဒပြခေါင်းဆောင်များက အစီရင်ခံခဲ့သည်။ ခြားနားသော အခြေအနေဆိုသည်မှာ

လုံခြုံရေးတပ်ဖွဲ့က ဆန္ဒပြမှုကြောင့် ဆန္ဒပြသူများအား ထိန်းသိမ်းခြင်း၊ စစ်ကြောမေးမြန်းခြင်းတို့ကို ဆောင်ရွက်ပြီး နာရီအနည်းငယ်အတွင်း ဆန္ဒပြသူများကို တရားစွဲဆိုပြီး အာမခံဖြင့် ပြန်လွှတ်ပေးခြင်းကို ဆိုလိုပါသည်။

ရဲတပ်ဖွဲ့၏အခန်းကဏ္ဍနှင့်လုံခြုံရေးယန္တရားများ

မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ပြည်ထဲရေးဝန်ကြီးဌာန၏ လက်အောက်တွင်ရှိပြီး နိုင်ငံအတွင်း အထူးသဖြင့် မြို့ပြနှင့် မြို့ကြီးများတွင် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်ရေးအတွက် တာဝန်ယူဆောင်ရွက်ရသည်။ စစ်ဘက်ဆိုင်ရာလုံခြုံရေးဌာနသည် ကာကွယ်ရေးဝန်ကြီးဌာန၏ လက်အောက်တွင်ရှိပြီး စစ်ဘက်ဆိုင်ရာလုံခြုံရေးတပ်ဖွဲ့သည် အထူးသဖြင့် ကျေးလက်ဒေသနှင့် နယ်စပ်ဒေသများတွင် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်ရေးအတွက် သိသာထင်ရှားသော အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် နိုင်ငံအတွင်း နေထိုင်သူများကို တင်းတင်းကျပ်ကျပ် ထိန်းချုပ်ထားသည်။ အချိန်မရွေးဖမ်းဆီး ထိန်းသိမ်းခံရနိုင်သည်ဟူသော အကြောက်တရားနှင့် ဖိစီးခံထားရစေခြင်း၊ ကိုယ်ပိုင်ဘဝ၊ အသက်မွေးဝမ်းကျောင်းများ ပျက်စီးစေနိုင်သည်ဟူ၍ ခြိမ်းခြောက်ခံထားရခြင်း စသောနည်းလမ်းများကို အသုံးပြု၍ ထိန်းချုပ်ခြင်းဖြစ်သည်။ ရဲနှင့်လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အပြစ်ပေးအရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရနေခဲ့ကြသည်။ လုံခြုံရေးတပ်ဖွဲ့၏ အာဏာအလွဲသုံးစားပြုမှုအတွက် စုံစမ်းစစ်ဆေးမှုပြုရန် ထိရောက်သော ဥပဒေလုပ်ထုံးလုပ်နည်းများမရှိပါ။ အစိုးရသည် မြန်မာစစ်တပ်၏ ကလေးစစ်သားများအား အသုံးချမှုနှင့် ပတ်သက်၍ဖြေရှင်းရန် ခြေလှမ်းစတင်နေပြီဖြစ်သည်။

ဖမ်းဆီးထိန်းသိမ်းသည့်လုပ်ထုံးလုပ်နည်းများနှင့် အထိန်းသိမ်းခံရစဉ် ဆက်ဆံပုံများ

ဥပဒေအရရှာဖွေစစ်ဆေးခြင်းနှင့် ဖမ်းဆီးထိန်းသိမ်းခြင်းများအတွက် ဝရမ်းလိုအပ်သည်။ သို့သော် စစ်ဘက်ဆိုင်ရာ လုံခြုံရေးတပ်ဖွဲ့များနှင့် ရဲတပ်ဖွဲ့ဝင်များသည် ရှာဖွေစစ်ဆေးခြင်းနှင့်ဖမ်းဆီးခြင်းကို မိမိတို့ထင်သလို ဆောင်ရွက်ခွင့်ရှိသည်။ သတင်းတပ်ဖွဲ့သည် နိုင်ငံတော်လုံခြုံရေးကို တာဝန်ယူပြီး ၎င်းတို့သဘောဆန္ဒအလျောက် စစ်ဆေးမေးမြန်းနေစဉ်ကာလအတွင်း လူများကို ဖမ်းဆီးထိန်းသိမ်းပြီး အချိန်ကာလကို ဥပဒေတွင် ပြဋ္ဌာန်းထားခြင်းမရှိပေ။ ဥပဒေအရ တရားရုံးခွင့်ပြုချက်ဖြင့် လူတစ်ဦးကို တရားစွဲဆိုနိုင်ခြင်း မတိုင်မီ ရက်သတ္တနှစ်ပတ်အထိ ထိန်းသိမ်းထားခွင့်ရှိသည်။ လိုအပ်ပါက နောက်ထပ်နှစ်ပတ် ထပ်မံထိန်းသိမ်းထားခြင်းကိုလည်း ခွင့်ပြုသည်။ သို့ရာတွင် အာဏာပိုင်များသည် ဥပဒေက ခွင့်ပြုသောကာလကို ကျော်လွန်၍ ၎င်းတို့၏ သဘောဆန္ဒအလျောက် ဥပဒေမဲ့ ဖမ်းဆီးချုပ်နှောင်မှုများကို မကြာခဏဆိုသလို ပြုလုပ်လေ့ရှိသည်။ တစ်ခါတရံ ထိုသို့တရားစွဲဆိုခြင်း၊ အထိန်းအသိမ်းခံများကို မည်သည့်ဥပဒေနှင့် ငြိစွန်းနေကြောင်း အသိပေးခြင်း လုံးဝမရှိဘဲ တစ်နှစ်အထိ ဥပဒေမဲ့ ဖမ်းဆီးထိန်းသိမ်းခြင်းမျိုးရှိသည်။ အထိန်းသိမ်းခံရသူများသည် မိမိ၄ားရမ်းလိုသော ဥပဒေအကျိုးဆောင် သို့မဟုတ် အစိုးရက ၄ားရမ်းပေးသော ရှေ့နေတစ်ဦးဦးနှင့် အမြဲတစေ ချက်ချင်းတွေ့ခွင့်မရပေ။ အစိုးရသည် ကာလအကန့်အသတ်မရှိ ဖမ်းဆီးထိန်းသိမ်းထားနိုင်သော ၁၉၅၀ ပြည့်နှစ် အရေးပေါ်အက်ဥပဒေကို ကျင့်သုံး၍လည်း လူများကို ဖမ်းဆီးထိန်းသိမ်းထားလေ့ရှိသည်။ ရာဇဝတ်မှုများတွင် ငွေကြေးဖြင့် အာမခံမှုမျိုးရှိသော်လည်း နိုင်ငံရေးအကျဉ်းသားများအတွက်မူ အာမခံရမှုအလွန်ရှားပါးလှသည်။ ငွေကြေးဖြင့် အာမခံမှုနေရာတွင် တံစိုးလက်ဆောင်ယူခြင်းကိုသာ အစားထိုးလေ့ရှိသည်။ အထိန်းသိမ်းခံရတို့အတွက် ဥပဒေအကျိုးဆောင်တို့၏ အကြံဉာဏ်ရယူခွင့်ကို အစိုးရကငြင်းဆန်လေ့ရှိသည့်အပြင် နိုင်ငံရေးကြောင့် ထိန်းသိမ်းခံရသူများဘက်မှ လိုက်ပါဆောင်ရွက်သော ဥပဒေအကျိုးဆောင်ရှေ့နေများကိုပင် ဖမ်းဆီးခြင်း၊ ထိန်းသိမ်းခြင်း၊ ထောင်ချခြင်း၊ ရှေ့နေလိုင်စင်ပိတ်သိမ်းခြင်းများကို ပြုလုပ်လေ့ရှိသည်။ အစိုးရက အထိန်းသိမ်းခံတို့အား တစ်ဦးတည်း သီးသန့်ခွဲထားခြင်း၊ တိုက်ပိတ်ထားခြင်းမျိုးကို ဆက်လက်ကျင့်သုံးသည်။ ထိုသို့ထိန်းသိမ်းကြောင်းကိုလည်း အထိန်းသိမ်းခံတို့၏ မိသားစုဝင်များထံ အချိန်မီအကြောင်းကြားလေ့မရှိပါ။

တရားလက်လွတ်ဖမ်းဆီးခြင်း။ ။ တရားလက်လွတ်ဖမ်းဆီးခြင်းနှင့်ပတ်သက်၍ အစီရင်ခံစာများရရှိထားပါသည်။ ပြည်တွင်းရှိ လူအခွင့်အရေးတက်ကြွလှုပ်ရှားသူများ၏ သတင်းပေးပို့ချက်အရ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်ရှိ လူတစ်ဦးကို မေအတွင်းက တရားလက်လွတ်ဖမ်းဆီးခဲ့ပြီး ယခုနှစ်ကုန်သည်အထိ ဆက်လက်ထိန်းသိမ်းထားကြောင်း သိရပါသည်။ နိုင်ငံရေးအကျဉ်းသားဟောင်း ဦးဂမ္ဘီရသည်

ဇန်နဝါရီတွင် သမ္မတ၏ လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် လွတ်မြောက်လာခဲ့သော်လည်း ဤနှစ်အတွင်း ၎င်းမှာ သုံးကြိမ်တိုင် အဖမ်းခံခဲ့ရပါသည်။ မကြာသေးခင်က အာဏာပိုင်များက ဦးဂန္ဓီရအား ဒီဇင်ဘာတွင် ထိန်းသိမ်းခဲ့ပါသည်။ ယင်းနောက် အာမခံပေး၍ သူ့ကို ပြန်လွှတ်ပေးခဲ့ပါသည်။ သူသည် စွဲချက်သုံးခုကို ရင်ဆိုင်ခဲ့ရပါသည်။ အဆိုပါ စွဲချက်သုံးခုမှာ မတ်အတွင်းက ဖြစ်ပွားခဲ့သော ချိပ်ပိတ်ထားသည့် ဘုန်းကြီးကျောင်းများ အတွင်းသို့ ဝင်ရောက်ခဲ့မှုနှင့် ဆက်စပ်နေပါသည်။ ဦးဂန္ဓီရ၏ မိသားစုပြောကြားချက်အရ ကြေးနီသတ္တုတွင်းနေရာတွင် ဆန္ဒပြနေသော ဘုန်းကြီးများနှင့် ပူးပေါင်းခြင်းမပြုခင် ကြိုတင်ကာကွယ်သည့်အနေဖြင့် သူ့ကို အာဏာပိုင်တို့က ထိန်းသိမ်းခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

လွတ်ငြိမ်းချမ်းသာခွင့်။ ။ ဇန်နဝါရီ ၁၃ ရက်တွင် သမ္မတဦးသိန်းစိန်သည် အကျဉ်းသား ၆၅၁ ဦးအား လွတ်ငြိမ်းချမ်းသာခွင့်ပေးသည့် အမိန့်ကြေညာချက်ကို ထုတ်ပြန်ခဲ့သည်။ လွတ်ငြိမ်းချမ်းသာခွင့်ရသူများတွင် ခန့်မှန်းခြေနိုင်ငံရေးအကျဉ်းသား ၃၀၀ ဦး ပါဝင်သည်။ လွတ်မြောက်လာသော အကျဉ်းသားများတွင် ထင်ရှားသော ဒီမိုကရေစီအရေးလှုပ်ရှားသူနိုင်ငံရေးအကျဉ်းသားများ ပါဝင်သည်။ ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်များဖြစ်ကြသော မင်းကိုနိုင်၊ ကိုကိုကြီး၊ ဌေးကြွယ်၊ နီလာသိန်း၊ ကိုဂျင်မီ၊ ရှမ်းတိုင်းရင်းသားခေါင်းဆောင် ခွန်ထွန်းဦး၊ ဘလော့ဂါ နေဘုန်းလတ်၊ သတင်းထောက်စည်သူဇေယျ၊ ရွှေဝါရောင်တော်လှန်ရေးမှ ဒီမိုကရေစီအရေး ဆန္ဒပြခေါင်းဆောင် ၂၀၀၇ ဗုဒ္ဓဘာသာဘုန်းကြီး ဦးဂန္ဓီရတို့ ပြန်လည်လွတ်မြောက်လာကြသည်။

စက်တင်ဘာ ၁၇ ရက်တွင် သမ္မတက လွတ်ငြိမ်းချမ်းသာခွင့်ကို ထပ်မံခွင့်ပြုရာတွင် အကျဉ်းသား ၅၁၄ ဦးရှိပြီး ခန့်မှန်းခြေ နိုင်ငံရေးအကျဉ်းသား ၉၀ ဦးပါဝင်သည်။ နိုဝင်ဘာတွင် နိုင်ငံရေးအကျဉ်းသား ၅၀ ဦးကို ထပ်မံလွှတ်ပေးခဲ့သည်။ နိုင်ငံရေးအကျဉ်းသားများအား ရာဇသတ်ပုဒ်မ ၄၀၁ အရ ခြွင်းချက်ဖြင့် လွှတ်ပေးခဲ့ခြင်းဖြစ်ကာ အကယ်၍တစ်ခုခုကြောင့် ၎င်းတို့ ပြန်လည်အဖမ်းခံရပါက လက်ကျန်ပြစ်ဒဏ်နှစ်များကို ပေးဆပ်ရမည်ဖြစ်သည်ဟု သိရသည်။

(c) **အများပြည်သူရှေ့မှောက် မှုတစ္စာ တရားစီရင်ရေးကို ငြင်းဆိုခြင်း**

၂၀၀၀ ပြည့်နှစ် တရားစီရင်ရေးဥပဒေက လွတ်လပ်သော တရားစီရင်ရေးကို တောင်းဆိုသည်။ သို့သော် လက်တွေ့တွင်မူ တရားစီရင်ရေးဌာနသည် အကျင့်ပျက်ခြစားမှုနှင့် အသားကျနေပြီး စစ်တပ်နှင့် အစိုးရ၏ ထိန်းချုပ်မှုအောက်တွင်သာ ရှိနေဆဲဖြစ်သည်။ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ လေ့လာဆန်းစစ်မှုများအရ ရဲအချုပ်ခန်းရှိ အထိန်းသိမ်းခံတစ်ဦးအား တွေ့ခွင့်ရရေးကဲ့သို့သော ပုံမှန်ကိစ္စတွက် ရာထူးအဆင့်ဆင့်အလိုက် ငွေကြေးပေးရခြင်း၊ ဥပဒေဖြစ်စဉ်တိုင်းတွင် ငွေကြေးပေးရခြင်းများရှိနေပြီး အမှုအတွက် အကျိုးသက်ရောက်ရေးကို ဖန်တီးလျက်ရှိသည်။ တရားရုံးစနစ်နှင့် တရားရုံး၏ လုပ်ငန်းဆောင်ရွက်မှုများတွင် အပြစ်အနာအဆာရှိနေပြီး အထူးသဖြင့် နိုင်ငံရေးနှင့်ဆိုင်သော အမှုများကို ကိုင်တွယ်ရာတွင် ပို၍သိသာထင်ရှားသည်။

အရေးပေါ်ကာကွယ်ရေးဥပဒေ၊ မတရားအသင်းဥပဒေ၊ ဥပဒေကို မကြာခဏာချိုးဖောက်သူများဆိုင်ရာဥပဒေ၊ အီလက်ထရွန်းနစ်ဆက်သွယ်ရေးဥပဒေ၊ တီဗီနှင့် ဗီဒီယိုဥပဒေနှင့် နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သော ဥပဒေများကို အသုံးပြုပြီး ငြိမ်းချမ်းစွာဆန္ဒဖော်ထုတ်သော ပြည်သူများကို တရားမဲ့ဖမ်းဆီးခြင်း၊ ထိန်းသိမ်းခြင်းများကို ပြုလုပ်သည်။ တရားရုံးများကို နိုင်ငံရေးအကျိုးစီးပွားအတွက် မလျော်မကန်အသုံးချခြင်း စသည်တို့ကြောင့် နိုင်ငံသားတို့သည် မျှတသော တရားစီရင်မှုကို ရပိုင်ခွင့်နှင့် ငြိမ်းချမ်းစွာ သဘောကွဲလွဲမှုကို ဖော်ထုတ်ခွင့်စသည့် အခွင့်အရေးများကို လက်လွှတ်ဆုံးရှုံးကြရသည်။ နိုင်ငံရေးအကျဉ်းသားများ သို့မဟုတ် နိုင်ငံရေးအမှုများအတွက် ကိုယ်စားဆောင်ရွက်နေသော ရှေ့နေများမှာ စိတ်ဓာတ်ကျဆင်းစေရန် ဖိအားပေးခံရခြင်းကို ကြုံတွေ့နေကြရသည်။ အာရှတရားဥပဒေရင်းမြစ်ဗဟိုဌာန၏ အစီရင်ခံစာအရ ရှေ့နေ ၃၂ ဦးအား နိုင်ငံရေးလှုပ်ရှားမှုအကြောင်းပြုချက်ဖြင့် ရှေ့နေလိုက်ခွင့်မရစေရန် ရှေ့နေလိုင်စင်များကို ၂၀၁၁ တွင် ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ ဇူလိုင်တွင် ထိုရှေ့နေများအနက် ရှေ့နေ ၁၂ ဦးမှာ ရှေ့နေလိုင်စင် ပြန်လည်ရရှိခဲ့ကြပြီး ကျန်ရှေ့နေများသည် ဤနှစ်နှောင်းပိုင်းကာလတွင် ၎င်းတို့၏ ရှေ့နေလိုင်စင်များကို ပြန်လည်ရရှိကြသည်။ လူအခွင့်အရေးတက်ကြွလှုပ်ရှားသူများနှင့် ရှေ့နေများ၏အဆိုအရ ရှေ့နေငါးဦးတို့၏ လိုင်စင်များကို ဤနှစ်ကုန်သည်အထိ ရုပ်သိမ်းထားခဲ့သည်။ လိုင်စင်ရုပ်သိမ်းခံရသော ရှေ့နေငါးဦးတို့မှာ ဖိုးဖြူ၊ စောကျော်ကျော်မင်း၊ ကိုညီညီထွေး၊ ဦးမြင့်သန်းနှင့် ကိုတင်ထွန်းအောင် ဆိုသူတို့ဖြစ်ကြပါသည်။

တရားခွင်အတွင်း လုပ်ကိုင်ဆောင်ရွက်ပုံများ

တရားခွင်ရှေ့မှောက်တွင် မျှတသော တရားစီရင်စစ်ဆေးမှုဆိုင်ရာ ရပိုင်ခွင့်ကို တရားဥပဒေက အာမခံပေးထားသော်လည်း ထိုဥပဒေတွင် ကျယ်ပြန့်သော ခြွင်းချက်များကို ခွင့်ပြုထားပြန်သည်။ အကျိုးဆက်မှာ အစိုးရက ထိုအခွင့်အရေးများကို မိမိတို့သဘောအတိုင်း အချိန်မရွေး ချိုးဖောက်နိုင်သည်ဟူသော အဓိပ္ပာယ်ထွက်နေသည်။ သာမန်ရာဇဝတ်မှုများတွင် တရားရုံးသည် သင့်လျော်ညီမျှသော တရားခွင်ဆိုင်ရာအခြေခံလုပ်ထုံးလုပ်နည်းများကို လိုက်နာစောင့်ထိန်းလေ့ရှိသော်လည်း နိုင်ငံရေးနှင့်ပတ်သက်သော အမှုအများစုတွင်မူ သင့်လျော်သော တရားခွင်လုပ်ထုံးလုပ်နည်းများကို လိုက်နာကျင့်သုံးခြင်းမရှိပေ။

ခုခံသူတရားပြိုင်များသည် အမိန့်မချမှတ်မီအထိ အပြစ်ကင်းစင်သူများဖြစ်သည်ဟူသော သဘောကို ရရှိခံစားခွင့်မရှိကြပေ။ သေဒဏ်နှင့် ပတ်သက်သော အမှုများတွင်သာ ရှေ့နေနှင့်တိုင်ပင်ခွင့်ရခြင်း သို့မဟုတ် အစိုးရစရိတ်ဖြင့် ရှေ့နေတစ်ဦးထားရှိခွင့်ကို ရရှိသည်။ တစ်ခါတရံမှလွဲ၍ မျက်မြင်သက်သေများဆုံတွေ့ခွင့်၊ မျက်မြင်သက်သေများနှင့် သက်သေအထောက်အထားများကို တရားရုံးတွင် တင်ပြခွင့် မရရှိချေ။ အစိုးရထိန်းသိမ်းထားသော သက်သေအထောက်အထားများကိုလည်း တစ်ခါတရံမှလွဲ၍ အများအားဖြင့် အသုံးပြုခွင့်မရှိပါ။ တရားခံတို့က တရားရုံး တရားသူကြီး၏ စီရင်ဆုံးဖြတ်ချက်ကို အသနားခံလျှောက်ထားခွင့်ရှိသော်လည်း မူလဆုံးဖြတ်ချက်ကိုသာ အတည်ပြုသည်။ ခုခံသူတရားပြိုင်အတွက် တရားရုံးတွင် အမှန်အကန်ထွက်ဆိုရန် အတင်းအကြပ်ပြုခြင်းနှင့် အပြစ်ရှိကြောင်း ဖြောင့်ချက်ပေးစေခြင်း ပြုရန် တရားဥပဒေပြဋ္ဌာန်းထားခြင်းမရှိသော်လည်း အာဏာပိုင်များသည် ထိုသို့ပြုစေရန်ဆောင်ရွက်ခဲ့ကြသည်ဟု အစီရင်ခံစာအရသိရသည်။

သာမန်ရာဇဝတ်မှုများကို စစ်ဆေးစီရင်ရာတွင် အများပြည်သူတက်ရောက်နားထောင်ခွင့်ရှိသည်။ ရာဇဝတ်မှုများတွင် တရားခံရှေ့နေများမှာ ရုံးတင်စစ်ဆေးခြင်းမတိုင်မီ ပြင်ဆင်ချိန် ၁၅ ရက်ရသည်။ တရားခံရှေ့နေများသည် သက်သေများကို ဆင့်ဆိုခြင်း၊ ပြန်လှန်မေးခွန်းများထုတ်ခြင်းနှင့် သက်သေခံပစ္စည်းများကို စစ်ဆေးခြင်းတို့ကို ပြုလုပ်ခွင့်ရှိသည်။ သို့သော် တရားစီရင်ရေးတွင် ဘက်လိုက်မှု ရှိနေခြင်းကြောင့် စိုးရိမ်မှုများရှိနေဆဲဖြစ်သည်။

နိုင်ငံရေးအမှုများစစ်ဆေးရာတွင် များသောအားဖြင့် မိသားစုဝင်များ တက်ရောက်နားထောင်ခွင့်မရှိပါ။ အင်နှစ်အယ်လ်ဒီနှင့် အခြားသော နိုင်ငံရေးလှုပ်ရှားသူများဘက်မှ လိုက်ပါဆောင်ရွက်မည့် ဥပဒေအကျိုးဆောင်အဖွဲ့ ဆက်လက်တည်ရှိနေသည်ဟု ယူဆရသည်။ သို့သော် ခုခံသူတရားပြိုင်များနှင့် ဥပဒေအကျိုးဆောင်တို့ တိုင်ပင်ဆွေးနွေးရန် အချိန်မလုံလောက်ပါ။ ခိုင်လုံသော အစီရင်ခံစာများအရ နိုင်ငံရေးအမှုများတွင် သက်သေခံအထောက်အထားများနှင့် ဥပဒေများကို တစ်စုံတစ်ရာထောက်ထားခြင်းမရှိဘဲ ထိပ်တန်းအစိုးရအဖွဲ့ဝင်များက စီရင်ချက်ချသည်ဟုသိရသည်။

မိမိတို့ မိသားစုဝင်များကို ဖမ်းဆီးပြီးနောက် အကြောင်းကြားသင့်သောအချိန်တွင် အကြောင်းမကြားခြင်း၊ မည်သည့်နေရာတွင် ရောက်ရှိနေသည်ကို မသိပေးခြင်း၊ အဖမ်းခံနေရသော မိသားစုဝင်ကို တွေ့ဆုံခွင့်မပေးခြင်းနှင့် အမှုစီရင်စစ်ဆေးသည့် တရားခွင်သို့ တက်ရောက်ခွင့်မပေးခြင်း စသော ကိစ္စများကို လူအများအပြားက ကန့်ကွက်ပြောဆိုကြသည်။

လူအခွင့်အရေးတက်ကြွလှုပ်ရှားသူများနှင့် ရှေ့နေများ၏ မှတ်ချက်အရ ဤနှစ်အတွင်း နိုင်ငံရေးလှုပ်ရှားမှုကြောင့် ထိန်းသိမ်းခြင်းများမှာ သိသိသာသာ လျော့နည်းသွားခဲ့သည်ဟု ဆိုပါသည်။ သို့သော် အစီရင်ခံစာနှစ်ခုအရ အစိုးရသည် နိုင်ငံရေးတက်ကြွလှုပ်ရှားသူများအား ခေတ်နောက်ကျပြီး မဆီလျော်တော့သော ဥပဒေများဖြင့် တပြိုင်နက်တည်းတွင် စွဲချက်အများအပြားဖြင့် စွဲဆိုပြီး ရာဇသတ်ကြီးဥပဒေများအရ ကြီးမားသော ပြစ်ဒဏ်များချမှတ်လေ့ရှိသည်။ တဖန် ဥပဒေကို လျစ်လျူရှုသည့် ပြစ်မှုများကြောင့် ပြစ်ဒဏ်စီရင်ခြင်း ခံကြရသည်။ ဥပမာအားဖြင့် ငွေကြေးဥပဒေ၊ လူထုကို စိုးရိမ်ထိတ်လန့်စေသည့် စာများကို ပုံနှိပ်ခြင်းနှင့် ကောလဟာလထုတ်ခြင်းတို့ကို တားဆီးသည့် ဥပဒေများဖြစ်သည်။ ထိုသို့ ကျင့်သုံးစီရင်ချက်ချသဖြင့် နှစ်ကာလရှည်လျားသော သီးခြားပြစ်ဒဏ်များကို ကျခံနေကြရခြင်း ဖြစ်သည်ဟု သိရသည်။ အချို့သော အစီရင်ခံစာများအရ နိုင်ငံရေးလှုပ်ရှားဆောင်ရွက်သူများကို နိုင်ငံတော်၏ ဂုဏ်သိက္ခာညှိုးနွမ်းစေသောဥပဒေ၊ အရေးပေါ် အခြေအနေပြဋ္ဌာန်းအက်ဥပဒေ၊ နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သော ဥပဒေ၊ ရုပ်မြင်သံကြားနှင့် ဗီဒီယိုအက်ဥပဒေ၊ မတရားအသင်းဥပဒေ၊ အီလက်ထရွန်းနစ်ဆက်သွယ်ရေးဥပဒေနှင့် သင်းပင်းဖွဲ့စည်းခြင်းဆိုင်ရာ ဥပဒေများဖြင့် အရေးယူပြစ်ဒဏ်ချမှတ်လေ့ရှိသည်ဟု သိရသည်။ ရှေ့နေများ၏ မှတ်ချက်အရ၊ ယခင်နှစ်များနှင့်စာလျှင် ထိုဥပဒေများဖြင့် ပြစ်ဒဏ်စီရင်ခြင်းတို့မှာ နည်းပါးသွားသည်ဟု ဆိုပါသည်။

အစိုးရသည် နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေး အန္တရာယ်မှ ကာကွယ်စောင့်ရှောက်သောဥပဒေကို အသုံးပြုပြီး ထောင်ဒဏ်စီရင်ချက်များကို သက်တမ်းတိုးလေ့ရှိသည်။ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးသည် ထောင်ဒဏ်သက်တမ်းတိုး တစ်ကြိမ်တိုးလျှင် နှစ်လဖြင့် စုစုပေါင်း ခြောက်ကြိမ် (တစ်နှစ်တိတိ) မိမိသဘောဆန္ဒတစ်ခုတည်းဖြင့် တိုးမြှင့်ပိုင်ခွင့်ရှိသည်။

နိုင်ငံရေးအကျဉ်းသားများနှင့် အထိန်းသိမ်းခံများ

အစိုးရသည် နိုင်ငံတကာအသိုင်းအဝိုင်းမှ နိုင်ငံများနှင့် နိုင်ငံရေးအကျဉ်းသားများ အရေးကိစ္စကို ဆက်လက်ဆွေးနွေးပြောဆိုလာသည်။ အင်နာ်ဂျီအိုအဖွဲ့အစည်းများ၏ ခန့်မှန်းချက်အရ ယခုနှစ်အတွင်း အစိုးရက နိုင်ငံရေးအကျဉ်းသား ၄၄၀ ခန့်လွှတ်ပေးခဲ့သည်။ နှစ်ကုန်သည်အထိ အရေအတွက် အတိအကျမသိရသော်လည်း နိုင်ငံရေးအကျဉ်းသားများကို အကူအညီပေးနေသော အုပ်စုများအဆိုအရ ခန့်မှန်းခြေနိုင်ငံရေးအကျဉ်းသား ၂၃၀ ခန့်မှာ ထိန်းသိမ်းခံနေရဆဲဟု သိရသည်။

လွတ်မြောက်လာသည့် များစွာသော နိုင်ငံရေးအကျဉ်းသားများသည် သိသာထင်ရှားသော တားဆီးတင်းကြပ်မှုများကို နောက်ဆက်တွဲကြုံတွေ့နေကြရပါသည်။ အဆိုပါ တားဆီးတင်းကြပ်မှုများမှာ လွတ်မြောက်အကျဉ်းသားများသည် ပညာဆက်လက်ဆည်းပူးခွင့်မရရှိခြင်း၊ ခရီးသွားလာခွင့် မရရှိခြင်း၊ အသိအမှတ်ပြုဆိုင်ရာ စာရွက်စာတမ်းမရရှိခြင်း သို့မဟုတ် မြေပိုင်ဆိုင်ခွင့်မရရှိခြင်းတို့ ဖြစ်ပါသည်။ စက်တင်ဘာအတွင်းက လွတ်မြောက်လာသော အကျဉ်းသားတစ်ဦးအဆိုရ ၎င်းကိုလုံခြုံရေးဝန်ထမ်းများက နေ့စဉ်စောင့်ကြည့်နေကြသည်ဟု သိရပါသည်။ ဥပဒေပုဒ်မ ၄၀၁ အရ အကယ်၍ လွတ်မြောက်လာခဲ့သူတစ်ဦးသည် နိုင်ငံရေးလှုပ်ရှားမှုဖြစ်စေ၊ အခြားတစ်ခုခု ဖြစ်စေ ကျူးလွန်ပါက ယခင်လက်ကျန် ပြစ်ဒဏ်များကို ဖမ်းဆီးခံရပြီး နောက်ကျခံရမည်ဆိုသည်ကို သိရှိထားရမည်ဖြစ်သည်ဟု သိရသည်။

၂၀၀၉ ခုနှစ်တွင် ချင်းတိုင်းရင်းသားနှင့် ခရစ်ယာန်ဘာသာဝင်တစ်ဦးဖြစ်သူ Go Pian Sing ကို စစ်အမှုထမ်းတို့က ရန်ကုန်မြို့တွင် ပြန်ပေးဆွဲကာ ညှဉ်းပန်းနှိပ်စက်ခဲ့ကြသည်။ ၂၀၁၀ ခုနှစ် ဇန်နဝါရီတွင် အီလက်ထရွန်းနစ်ဥပဒေအရ ၎င်းအား အမြင့်ဆုံးပြစ်ဒဏ်ဖြစ်သော ထောင် ၁၅ နှစ် ပြစ်ဒဏ်ချမှတ်ခဲ့သည်။ မြန်မာစစ်တပ်နှင့် မြောက်ကိုရီးယားအစိုးရတို့၏ ဆက်နွယ်မှုနှင့် ပတ်သက်၍ နိုင်ငံခြားသတင်းမီဒီယာအား သတင်းအချက်အလက်မျှဝေမှုဖြင့် ၎င်းအားစွဲချက်တင်ခဲ့ခြင်းဖြစ်သည်။ နှစ်ကုန်ချိန်အထိ တောင်ဂူအကျဉ်းထောင်တွင် ၎င်းကို အကျဉ်းချထားဆဲရှိသည်။

အရပ်ဘက်တရားစီရင်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် ကုစားချက်များ

လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် အရပ်ဘက်ဆိုင်ရာ ကုစားပေးနိုင်မည့် ဥပဒေ သို့မဟုတ် တိကျသော လုပ်ထုံးလုပ်နည်းများ မရှိသော်လည်း တိုင်တန်းသူများအတွက် ရာဇသတ်ကြီး ဥပဒေနှင့် အရပ်ဘက် လုပ်ထုံးလုပ်နည်း ဥပဒေများဖြင့် အရပ်ဘက်ဆိုင်ရာ ကုစားမှုကို ဆောင်ရွက်နိုင်သည်။ ထိုသို့ လုပ်ဆောင်မှုနှင့်ပတ်သက်၍ကြိုးပမ်းအောင်မြင်မှုမျိုး မတွေ့ရပါဟု အစီရင်ခံစာက ဖော်ပြထားသည်။

(စ) ပုဂ္ဂိုလ်ရေး၊ မိသားစု၊ နေအိမ် သို့မဟုတ် အဆက်အသွယ်များကို ဥပဒေမဲ့ ချိုးဖောက်စွက်ဖက်ခြင်း

မြေယာပိုင်ဆိုင်မှု ဥပဒေအရ နေအိမ်နှင့် ပိုင်ဆိုင်မှုများ၏ ကိုယ်ရေးကိုယ်တာအချက်အလက်နှင့် လုံခြုံရေးကို အကာအကွယ်ပေးထားသော်လည်း အစိုးရဝန်ထမ်းများသည် တရားရုံးခွင့်ပြုချက်မပါဘဲ နေအိမ်များအတွင်း ဝင်ရောက်သည်။ ဇူလိုင်တွင် အာဏာပိုင်များသည် တရားရုံးခွင့်ပြုချက်မပါဘဲ ၈၈ မျိုးဆက်ကျောင်းသားအုပ်စု၏ နေအိမ်များနှင့် ရုံးခန်းများအတွင်းသို့ ဝင်ရောက်ခဲ့ပြီး ဒီမိုကရေစီကို ထောက်ခံသော ကျောင်းသားနှစ်ဒါဇင်ခန့်ကို ဖမ်းဆီးခဲ့သည်။ ဖမ်းဆီးရခြင်းအကြောင်းမှာ အဆိုပါကျောင်းသားများသည် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂအဖွဲ့ဝင်များဖြစ်ကြပြီး ၁၉၆၂ ခုနှစ် ဇူလိုင် ၇ ရက် အထိမ်းအမှတ် အခမ်းအနားကျင်းပရန် စီစဉ်နေကြခြင်းကြောင့်ဖြစ်သည်။ ၁၉၆၂ ခုနှစ် ဇူလိုင် ၇ ရက်တွင် စစ်အစိုးရက တက္ကသိုလ်ကျောင်းသားများ၏ ဆန္ဒပြပွဲကို ရပ်တန့်စေရန် ရန်ကုန်တက္ကသိုလ်ကျောင်းသားသမဂ္ဂအဆောက်အဦးကို ပုံးဖောက်ခွဲဖျက်ဆီးခဲ့သည်။ ထို့ကြောင့် ၎င်းနေ့တွင် အထိမ်းအမှတ်ကျင်းပဖို့ စီစဉ်ခဲ့ကြခြင်း ဖြစ်သည်။ တက်ကြွလှုပ်ရှားသူကျောင်းသားများအား ဖမ်းဆီးပြီး ၂၄ နာရီအကြာတွင် ပြန်လွှတ်ပေးခဲ့သည်။ သို့သော် စီစဉ်ထားသော အထိမ်းအမှတ်ပွဲကို မကျင်းပနိုင်စေရန် အစိုးရက တားဆီးနိုင်ခဲ့သည်။

နိုင်ငံသားများ၏ စာအဆက်အသွယ်များနှင့် အခြားသော ဆက်သွယ်ရေးပုံစံအမျိုးမျိုး၏ ပုဂ္ဂလိကအရေးကို ကာကွယ်ပေးသော ဥပဒေမရှိပေ။ အာဏာပိုင်တို့သည် ပုဂ္ဂလိက စာအဆက်အသွယ်များ၊ တယ်လီဖုန်းခေါ်ဆိုမှုများနှင့် အီးမေးလ်များကို ပုံမှန်ဆိုသလို စောင့်ကြည့်စစ်ဆေးမှုပြုနေသည်ဟု ယူဆရသည်။

အစိုးရသည် နှစ်ဦးနှစ်ဘက်အပြန်အလှန်ဆက်သွယ်နိုင်သော အီလက်ထရွန်းနစ်ဆက်သွယ်ရေး ပစ္စည်းများအား လိုင်စင်ထုတ်ပေးခြင်းနှင့် ဝယ်ယူခြင်းတို့ကို ထိန်းချုပ်စောင့်ကြည့်လျက်ရှိသည်။

တက်ကြွလှုပ်ရှားသူများ၏ အစီရင်ခံစာအရ အစိုးရသည် တရားဝင်ထောက်လှမ်းရေးကွန်ရက်များနှင့် အုပ်ချုပ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကိုသုံးပြီး နိုင်ငံသားတို့၏ ခရီးသွားလာမှုများ အထူးသဖြင့် နိုင်ငံရေးအရ တက်ကြွလှုပ်ရှားသူများဟု သိထားသူများ၏ ဆောင်ရွက်ချက်များကို အနီးကပ်စောင့်ကြည့်စစ်ဆေးနေရသည်။ (အပိုင်း–၂(ဃ) တွင် ကြည့်ရန်)

အစိုးရသည် ပဲခူးတိုင်းဒေသကြီး၊ ချင်း၊ ကရင်၊ ချင်း၊ ကယား၊ ရခိုင်နှင့် ရှမ်းပြည်နယ်များရှိ လူနည်းစုတိုင်းရင်းသားလူမျိုးများနှင့် ကိုးကွယ်ရာဘာသာမတူသော လူနည်းစုများကို စစ်ဘက်ဆိုင်ရာ အထမ်းသမားများအဖြစ် အတင်းအကျပ် သွတ်သွင်းစေခိုင်းခြင်းကို ဆက်လက်ပြုလုပ်လျက်ရှိသည်။ သို့သော် အစီရင်ခံစာများအရ ထိုသို့ခိုင်းစေမှုများကို ယခင်နှစ်များနှင့်စာလျှင် အနည်းငယ်သာရှိတော့ကြောင်း သိရသည်။ (အပိုင်း–၁(ဆ) တွင်ကြည့်ရန်)

အရွယ်ရောက်ပြီးသူ အမျိုးသားနှင့် အမျိုးသမီးတို့ လက်ထပ်ခွင့်ကို ကန့်သတ်ခြင်းအား တရားဝင်သတ်မှတ်ပြဋ္ဌာန်းထားခြင်း မရှိသော်လည်း နိုင်ငံခြားသားများနှင့် မြန်မာအမျိုးသမီးများ ထိမ်းမြားလက်ထပ်ရန်အတွက် အသနားခံစာတင်သွင်းခြင်းနှင့် ယင်းသို့ လက်ထပ်ခြင်းအားကြီးမှူးပေးခြင်းကို လက်ခံခြင်းမပြုရန် ဥပဒေအရာရှိများကို ဗဟိုတရားရုံးမှ ၁၉၉၈ တွင် တားမြစ်ပိတ်ပင်ထားသည်။ ထိုတားမြစ်ညွှန်ကြားချက်ကို ရံဖန်ရံခါဆိုသလို သြဇာအာဏာတည်စေသည်။ ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ဒေသခံအာဏာပိုင်တို့က ရိုဟင်ဂျာတို့အား တရားဝင်လက်ထပ်ခြင်းကို ခွင့်ပြုမိန့်ရယူစေသည်။ အခြားလူမျိုးများအတွက်မူ ယင်းခွင့်ပြုချက်ကိုရယူရန် မလိုအပ်ပါ။ ခွင့်ပြုမိန့်ရရှိရန် တစ်နှစ်ထက် ပို၍ကြာနိုင်ပြီး အများအားဖြင့် လာဘ်လာဘပေးအပ်ရခြင်းလည်းရှိသည်။ ခွင့်ပြုမိန့်မရှိဘဲ ထိမ်းမြားလက်ထပ်ပါက ရိုဟင်ဂျာအမျိုးသားအနေဖြင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၉၃ အရ ရုံးတင်တရားစွဲဆိုခြင်းခံရသည်။ ခွင့်ပြုမိန့်မရရှိဘဲ လက်ထပ်ခြင်းက အမျိုးသမီးတစ်ဦးအား လိမ်ညာလှည့်ဖြား၍ လက်ထပ်ခြင်းအဖြစ် သတ်မှတ်ကာ ထောင်ဒဏ် သို့မဟုတ် ငွေဒဏ်ချမှတ်ခံရသည်။ ဗုဒ္ဓဘာသာဝင်မဟုတ်သော မိသားစုများက ကလေးမွေးစားခြင်းကို ဥပဒေက တားမြစ်ထားသည်။ မိသားစုဝင်တစ်ဦး ကျူးလွန်သည်ဟု စွပ်စွဲခံရသော ချိုးဖောက်မှုများအတွက် အခြားမိသားစုဝင်များကိုပါ တစ်ခါတရံအပြစ်ပေးတတ်သည်။

(ဆ) ပြည်တွင်းပဋိပက္ခများတွင် အင်အားအလွန်အကျွံသုံးစွဲခြင်းနှင့် အခြားသော ကျူးလွန်မှုများ

လူနည်းစုတိုင်းရင်းသားတည်ရှိရာ နယ်စပ်ဒေသများအတွင်း အစိုးရတပ်များသည် သာမန်အရပ်သားများအပေါ် ချိုးဖောက်မှုများကို ကျယ်ကျယ်ပြန့်ပြန့်နှင့် စနစ်တကျ ဆက်လက်ဆောင်ရွက်သည်။ များစွာသော တိုင်းရင်းသားအဖွဲ့များ၏ အဆိုအရ သတ်ဖြတ်မှု၊ ညှဉ်းပန်းနှိပ်စက်မှု၊ အဓမ္မခေါ်ဆောင်မှုနှင့် အဓမ္မပြုကျင့်ခြင်းတို့နှင့် အရပ်သားအလုပ်ကြမ်းသမားများအဖြစ် ခိုင်းစေမှုကို ရှမ်း၊ ကချင်၊ မွန်ပြည်နယ် တောင်ပိုင်းနှင့် အချို့သော ကရင်ပြည်နယ်ဒေသများတွင် ဖြစ်ပွားခဲ့သည်။ အောက်တိုဘာတွင် အစိုးရတပ်ဖွဲ့များက ပလောင်ကျေးရွာခေါင်းဆောင်များကို ဆင့်ဆိုပြီးရိုက်နှက်ကြသည်။ အကြောင်းမှာ အဆိုပါခေါင်းဆောင်များသည် ပလောင်ဒေသ လွတ်မြောက်ရေးတပ်မတော်နှင့် ဆက်သွယ်မှုပြုခြင်းဖြစ်သည်ဟု စွပ်စွဲခြင်းကြောင့်ဖြစ်သည်။ ရခိုင်ပြည်နယ်အစိုးရသည် ယခင်နှစ်များနှင့်မတူဘဲ ပဋိပက္ခဖြစ်ပွားမှုနှင့် ဆက်နွယ်သော ညှဉ်းပန်းနှိပ်စက်မှုများကို ဒေသခံလူများ မကျူးလွန်စေရန် သိသာထင်ရှားသော ကြိုးပမ်းမှုများဖြင့် ကာကွယ်ပေးခဲ့သည်။ မြန်မာစစ်တပ်ကလည်း ရခိုင်လူမျိုးရေး ပဋိပက္ခကြောင့် ဒုက္ခရောက်နေကြသော ရခိုင်နှင့် ရိုဟင်ဂျာလူမျိုးများကို ကောင်းမွန်စွာကာကွယ်ပေးခဲ့ပါသည်။ အောက်တိုဘာတွင် မြန်မာအစိုးရသည် လုံခြုံရေးတပ်ဖွဲ့ဝင် ၁၀၀,၀၀၀ ခန့်ကို (ရဲတပ်ဖွဲ့ဝင်နှင့်စစ်သား) ရခိုင်ပြည်နယ်သို့ စေလွှတ်ကာ ပဋိပက္ခမပြန့်ပွားစေရန်နှင့် အကြမ်းဖက်မှုမဖြစ်ပွားစေရန် ဆောင်ရွက်ခိုင်းသည်။ ထို့အပြင် အစိုးရသည် ကရင်အမျိုးသားအစည်းအရုံးနှင့် အပြန်အလှန်လိုက်နာရမည့်ကျင့်ဝတ်ကို ကရင်ပြည်နယ်တွင် သဘောတူလက်မှတ်ရေးထိုးခဲ့သည်။ အဆိုပါ သဘောတူညီချက်တွင် အရပ်သားနှင့် စစ်ဘက်ဆိုင်ရာဆက်ဆံရေးများ ပါဝင်ပါသည်။ အရပ်သားများအတွက် အကာအကွယ်ပေးရန်

ကြိုးပမ်းမှုတစ်ရပ်လည်းဖြစ်သည်။ ဤနှစ်ကုန်ပိုင်းတွင် အစိုးရသည် ကချင်ပြည်နယ်၌ အကြမ်းဖက်မှု ပိုမိုပြင်းထန်စွာပြုလုပ်ခဲ့ပြီး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများကိုလည်း ဝင်ရောက်ခြင်းမပြုရန် ပိတ်ပင်မြဲ ပိတ်ပင်ထားခဲ့သည်။ ဒီဇင်ဘာ ၁၀ ရက်က မြန်မာ့တပ်မတော်သည် တရုတ်နယ်စပ်အနီးရှိ ကေအိုင်အေခြေကုပ်စခန်းများကို ရဟတ်ယာဉ်များနှင့် ဂျက်တိုက်လေယာဉ်များကို အသုံးပြုပြီး တိုက်ခိုက်ခဲ့သည်။ ဆယ်စုနှစ်များအတွင်း မြန်မာ့တပ်မတော်သည် လက်နက်ကိုင် တိုင်းရင်းသားအုပ်စုတစ်စုကို လေကြောင်းအင်အားဖြင့် ပထမဦးဆုံး အသုံးပြုခဲ့ခြင်းဖြစ်သည်ဟု မှတ်ယူရမည်။

ဇန်နဝါရီတွင် အစိုးရသည် ကေအင်နယ်ယူနှင့် ငြိမ်းချမ်းရေးဆိုင်ရာ သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့သည်။ ဤသဘောတူညီချက်အရ နိုင်ငံ၏ ကာလအကြာရှည်ဆုံးဖြစ်ပွားနေသော ပဋိပက္ခကို ရပ်တန့်ရန်နှင့် ကေအင်နယ်ယူ ဆက်ဆံရေးရုံးလေးခု ဖွင့်လှစ်စေခဲ့သည်။ နှစ်ကုန်ပိုင်းတွင် အစိုးရသည် အဓိကလက်နက်ကိုင် တိုင်းရင်းသားအုပ်စုကြီးများနှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များကို လက်မှတ်ရေးထိုးခဲ့သည်။ သို့သော် ကေအိုင်အေ အဖွဲ့မှာ ပါဝင်ခြင်းမရှိချေ။

သတ်ဖြတ်မှုများ။ ။ အစီရင်ခံစာအရ စစ်တပ်အရာရှိတို့သည် ပေါ်တာများအားသတ်ဖြတ်ခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် အခြားသော စော်ကားမှုကြီးကြီးမားမား ပြုလုပ်ခဲ့ကြောင်း သိရသည်။

စစ်တပ်၏ အင်အားကို မဆင်မခြင်သုံးစွဲမှုကြောင့် အရပ်သားများစွာ သေဆုံးခဲ့ကြသည်။ စက်တင်ဘာတွင် ကချင်ပြည်နယ် ဖားကန့်မြို့၌ အစိုးရစစ်တပ်နှင့် ကေအိုင်အေတို့ အပြန်အလှန်ပစ်ခတ်ရာ အရပ် သားများမှာ ပိတ်မိနေပြီး၊ အသက် ၁၄ နှစ်အရွယ် ကျောင်းသူ တစ်ဦးမှာ ပစ်ခတ်မှုကြောင့် ထိမှန်သေဆုံးသွားခဲ့ပါသည်။ ဒီဇင်ဘာတွင် ကချင်ပြည်နယ်အတွင်းရှိ အရပ်သားအများအပြားသည် အရှိန်ရနေသော အကြမ်းဖက်မှုကြောင့် သေဆုံးကြပြီး ဒဏ်ရာများ ရရှိခဲ့ကြသည်ဟု အစီရင်ခံစာအရ သိရသည်။

အဓမ္မခေါ်ဆောင်ခြင်းများ။ ။ နယ်စပ်ဒေသများမှ တိုင်းရင်းသားတို့တွင် ပဋိပက္ခနှင့်ဆက်စပ်၍ လူမသိသူမသိ ပျောက်ဆုံးမှုများ ဆက်လက်ရှိခဲ့သည်။

ရုပ်ပိုင်းဆိုင်ရာ စော်ကားမှု၊ အပြစ်ပေးမှုနှင့် ညှဉ်းပန်းနှိပ်စက်မှု။ ။ အရပ်သားများအား သောင်းကျန်းသူအဖွဲ့များအတွက် လုပ်ကိုင်ဆောင်ရွက်ပေးနေသည်ဟု စွပ်စွဲကာ အစိုးရက ညှဉ်းပန်းနှိပ်စက်ခြင်း၊ ရိုက်နှက်ခြင်းပြုကြောင်း၊ အထောက်အထားများကို မီဒီယာများတွင် ဖော်ပြခဲ့သည်။ အပြည်ပြည်ဆိုင်ရာ အင်နာ်ဂျီအိုအဖွဲ့တစ်ခု၏ အစီရင်ခံစာအရ ဇွန် ၁၇ ရက်က ကချင်ပြည်နယ် မြစ်ကြီးနားမြို့အပြင်ရှိ ဒုက္ခသည်စခန်းမှ လူတစ်ဦးအား ကေအိုင်အိုနှင့် အဆက်အသွယ်ရှိသည်ဟုစွပ်စွဲပြီး ဖမ်းဆီးကာ ရိုက်နှက်ခဲ့သည်။ လူအခွင့်အရေးဆိုင်ရာ အုပ်စုများ၏ အစီရင်ခံစာအရ ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်တို့တွင် အရပ်သားများနှင့် နေရပ်စွန့်ခွာထွက်ပြေးရသူများအပေါ် အစိုးရနှင့် လက်နက်ကိုင် တိုင်းရင်းသားအဖွဲ့များက မုဒိမ်းမှုများကျူးလွန်ခဲ့ကြကြောင်း သိရသည်။ မေတွင် ပန်ဝ အနီးရှိ မွန်မြတ်သော ခရစ်ယာန် ဘုရားရှိခိုးကျောင်းအနီး၌ အမျိုးသမီးတစ်ဦးကို အုပ်စုလိုက် မုဒိမ်းပြုကျင့်ခြင်းနှင့် ကြာရှည်စွာညှဉ်းပန်းနှိပ်စက်ခြင်းအမှုဖြစ်ပွားခဲ့ကြောင်း မြန်မာသတင်းရင်းမြစ်တစ်ခု၏ အစီရင်ခံစာအရသိရသည်။ ကချင်အမျိုးသမီးရေးရာအဖွဲ့အစည်းတစ်ခုအဆိုအရ ခန့်မှန်းခြေစစ်သား ၁၀ ဦးက ထိုအမျိုးသမီးအား ရိုက်နှက်ခြင်း၊ ဓားဖြင့်ထိုးခြင်းနှင့် မုဒိမ်းပြုကျင့်ခြင်းတို့ကို သုံးရက်ကျော်တိုင်အောင် ကျူးလွန်ခဲ့ကြပြီး ၎င်းတို့မှာ ပြစ်ဒဏ်ပေးခြင်းမခံရကြောင်း သိရသည်။ ကချင်ပြည်နယ်အခြေစိုက် အင်နာ်ဂျီအိုတစ်ဖွဲ့၏ အစီရင်ခံစာအရ အစိုးရတပ်ဖွဲ့များသည် ဒီဇင်ဘာအတွင်း အကြမ်းဖက်မှုအရှိန်ရလာပြီးနောက်ပိုင်းတွင် ကချင်ပြည်နယ်အတွင်းရှိ ထောင်ပေါင်းများစွာသော လူနေအိမ်များနှင့် ဘုရားရှိခိုးကျောင်းများအား မီးရှို့ဖျက်ဆီးခဲ့ သည်ဟု သိရသည်။

ပြည်နယ်များအတွင်း အမှတ်အသားမထားရှိသော မြေမြှုပ်မိုင်းများရှိနေဆဲဖြစ်သည်။ အဆိုပါ မြေမြှုပ်မိုင်းများကို နှစ်ရှည်ကြာ ပဋိပက္ခများကြောင့် အစိုးရတပ်ဖွဲ့များနှင့် လက်နက်ကိုင်တိုင်းရင်းသားအုပ်စုငယ်များက မြှုပ်နှံခဲ့ကြသည်။ မြန်မာနိုင်ငံနှင့် ထိုင်းနယ်စပ် တစ်လျှောက် အလုပ်လုပ်နေကြသော အင်နာ်ဂျီအိုအဖွဲ့အစည်းများ၏ အဆိုအရ ဇန်နဝါရီမတိုင်ခင်အထိ လက်နက်ကိုင်အုပ်စုများသည် မြေမြှုပ်မိုင်းကို သုံးစွဲလျက်ရှိသည်။ စောင့်ကြည့်အစီရင်ခံစာအရ မြေမြှုပ်မိုင်းနင်းမိပြီး ပေါက်ကွဲမှုကြောင့် ၂၀၁၀ ပြည့်နှစ်တွင် သေဆုံးသူဦးရေ

၂၇၄ ဦးရှိခဲ့ပြီး ၂၀၁၁ ခုနှစ်တွင် သေဆုံးသူဦးရေ ၃၈၁ ဦးရှိခဲ့သည်။ မြေမြှုပ်မိုင်းကြောင့် ထိခိုက်သေဆုံးသူအရေအတွက်မှန်ကို မရရှိနိုင်ရခြင်းမှာ မြေမြှုပ်မိုင်း ထောင်သော ဝေးလံသည့်နေရာများသို့ သွားရောက်ရန် ခက်ခဲသောကြောင့် ဖြစ်သည်။

အောက်တိုဘာတွင် ကယားပြည်နယ်ရှိ ဒေသခံအဖွဲ့အစည်းဝင်များက အစီရင်ခံရာတွင် အရပ်သားများသည် မိမိတို့ကျေးရွာများကို စစ်တပ်အရာရှိများ မလာနိုင်အောင် ကာကွယ်သည့်အနေဖြင့် မြေမြှုပ်မိုင်းများထောင်ခဲ့ကြပြီး စစ်တပ်ကလည်း လျှုပ်စစ်ဓာတ်အားလိုင်းများ၊ ဆည်များနှင့် တံတားများစသည့် အခြေခံလိုအပ်သော လုပ်ငန်းနေရာများကို ကာကွယ်သည့်အနေဖြင့် မြေမြှုပ်မိုင်းထောင်ခဲ့ကြသည်ဟု သိရသည်။ ကယားပြည်နယ်ရှိ လက်နက်ကိုင်အဖွဲ့များ၏ အစီရင်ခံစာအရ စစ်တပ်နှင့် လက်နက်ကိုင်အုပ်စုများသည် ၎င်းတို့၏အခြေစိုက်တပ်စခန်းပတ်လည်တွင် ခုခံကာကွယ်သည့်အနေဖြင့် မြေမြှုပ်မိုင်းများကို ထောင်ခဲ့ကြသည်။ လက်နက်ကိုင်အုပ်စုများနှင့် ဒေသခံများ၏ အဆိုအရ အဆိုပါမြေမြှုပ်မိုင်းကွင်းတစ်ခုစီကို အမှတ်အသားပြုလုပ်ခြင်းမရှိခဲ့ပါ။ သာနီလလေးကျေးရွာရှိ ဒေသခံဘာသာရေးခေါင်းဆောင်များ၏အဆိုအရ ဖြစ်စဉ်တစ်ခုတွင် စစ်တပ်က အရပ်သားများကို မိုင်းတွင်းတစ်ခု၏ ပတ်လည်တွင် အတင်းအကြပ်ထားရှိခဲ့ပြီး အရပ်သား သုံးဦးမှာ ဒဏ်ရာရရှိခဲ့သည်ဟု သိရသည်။

ဖေဖော်ဝါရီတွင် လူမှုဝန်ထမ်းဌာနက မိုင်းအန္တရာယ် ပညာပေးအလုပ်ရုံဆွေးနွေးပွဲကို ပထမဆုံးအကြိမ်ကျင်းပပြီး အရာရှိများနှင့် လူမှုအဖွဲ့အစည်းများကို အသိပညာပေးခဲ့သည်။ နိုဝင်ဘာတွင် အစိုးရသည် မြန်မာမိုင်းရှင်းလင်းရေးဗဟိုဌာနကို စတင်ခဲ့သည်။ မိုင်းရှာဖွေရှင်းလင်းရေးကြိုးပမ်းမှုများကို နှစ်ကုန်သည်အထိ စတင်ဆောင်ရွက်ခြင်း မပြုလုပ်နိုင်ခဲ့ပါ။

ကလေးစစ်သားများ။ ။ အသက် ၁၈ နှစ်အောက် ကလေးများအား စစ်တပ်ကဲ့သို့ သိမ်းသွင်းခြင်းမှ တားမြစ်ထားသည့် စစ်ဘက်ဆိုင်ရာ စည်းမျဉ်းဥပဒေများရှိသော်လည်း ကလေးစစ်သားများ ဆက်လက်စုဆောင်းမှုများရှိကြောင်း လူ့အခွင့်အရေး လှုပ်ရှားဆောင်ရွက်သူများ၊ အပြည်ပြည်ဆိုင်ရာ အင်နက်ဂျီအိုများနှင့် တိုင်းရင်းသားဒေသများမှ ကိုယ်စားလှယ်များက ဖော်ပြခဲ့ကြသည်။ သို့သော် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ (အိုင်အယ်လ်အို) မှတ်တမ်းအရ ယခုနှစ်အတွင်း ကလေးစစ်သားစုဆောင်းမှု သိသာစွာ လျော့ကျသွားခဲ့သည်။ ကလေးစစ်သားစုဆောင်းသောအမှု ၂၅ မှုကို ပြက္ခဒိန်နှစ်အတွင်း တွေ့ရှိခဲ့ရပြီး ၂၀၁၁ ခုနှစ်က အမှု ၁၁၉ မှုနှင့် နှိုင်းယှဉ်ခဲ့လျှင် ယခင် နှစ်များစွာထက် လျော့ကျသွားသည်။ ၂၀၁၀ ခုနှစ်တွင် ကလေး ၁၃၃ ဦးကို စစ်သားအဖြစ် စုဆောင်းခဲ့ပြီး ၂၀၀၉ ခုနှစ်တွင် ကလေး ၁၇၅ ဦးကို ကလေးစစ်သားအဖြစ် စုဆောင်းခဲ့သည်။ သို့သော် ဤနှစ်အတွင်း အိုင်အယ်လ်အိုက အရေအတွက် တိုးပွားသည့် ကလေးစစ်သားစုဆောင်းခြင်းအမှုဆိုင်ရာ အစီရင်ခံစာများကို ရှေးယခင် အစီရင်ခံစာများထက် ပိုမိုရရှိခဲ့သည်။ အိုင်အယ်လ်အိုက အကြံပြုရာတွင် အဆိုပါ ပြက္ခဒိန်နှစ်မှ လျော့နည်းသွားသော အမှုအစီရင်ခံစာများသည် ကလေးစစ်သားစုဆောင်းခြင်းဖြစ်စဉ် နေးကွေးသွားသည်ကို ရည်ညွှန်း၍ ယခင်နှစ်များက တိုးပွားနေသော ကလေးစစ်သား စုဆောင်းမှုဆိုင်ရာ အစီရင်ခံစာကို ကြောင်းကျိုးဆက်စပ်ကြည့်လျှင် လူ့အခွင့်အရေးဆိုင်ရာ အကြားအမြင်ဗဟုသုတ တိုးပွားခြင်းနှင့် အိုင်အယ်လ်အို၏ တရားဥပဒေဆိုင်ရာ ကုစားမှုယန္တရားကြောင့်ဖြစ်သည်ဟု ဆိုသည်။ တိုးပွားလာသော ယုံကြည်မှုအဆင့်အတန်းသည်လည်း မှားနေသည်ကို မှန်အောင်ပြင်ပေး လိမ့်မည်ဖြစ်သည်။

မြန်မာစစ်တပ်၏ ကလေးစစ်သားစုဆောင်းခြင်းဆိုင်ရာ နည်းဗျူဟာတစ်ခုမှာ လေလွင့်ကလေးများ သို့မဟုတ် မီးရထားဘူတာများ၊ ဘတ်စ်ကားဂိတ်၊ ကျေးလက်ဒေသများတွင် တွေ့ရသောကလေးများအား သက်သေခံကတ်ပြား ရှိမရှိ မေးမြန်း၍ ချဉ်းကပ်စုဆောင်းမှုပြုကြောင်း အစီရင်ခံစာအရ သိရသည်။ အကယ်၍ ကလေးများအနေဖြင့် သက်သေခံကတ်ပြား ပြသနိုင်ခြင်းမရှိက စစ်သားစုဆောင်းသူများက စစ်ထဲဝင်ရန် ငြင်းဆိုပါက ထောင်ချပစ်မည်ဖြစ်ကြောင်း ခြိမ်းခြောက်မှုပြုကြသည်။ နောက်တစ်နည်းအားဖြင့် ကလေးစစ်သားစုဆောင်းသူများက ကောင်းမွန်သောလစာ၊ ပညာဆက်လက်သင်ကြားခွင့်၊ မိဘများအတွက် စားနပ်ရိက္ခာထောက်ပံ့မှုနှင့် နေအိမ်အစီအစဉ် စသည်ဖြင့် မက်လုံးများပေး၍ ကလေးများကို သိမ်းသွင်းခဲ့ကြသည်။ အချို့ကို သင်တန်းပို့ချပေးမည်ဟု ကတိပေးသည်။ ဥပမာ– ထရပ်ကားမောင်းသင်တန်း သို့မဟုတ် လက်သမားပညာသင်တန်းတို့ဖြစ်သည်။ ဤနည်းလမ်းဖြင့် မြန်မာ့တပ်မတော်တပ်ရင်းအတွင်းသို့ ကလေးများကို သွတ်သွင်းကြသည်။ အခြားသော ကလေးများကိုမူ အတင်းအဓမ္မသွတ်သွင်း၍ စစ်မှုထမ်းခိုင်းကြသည်။ ဆင်းရဲနွမ်းပါးမှုကလည်း ဆန္ဒအလျောက် ဝင်ရောက်သူများကို တိုးပွားစေခဲ့သည်။ ထိုသို့လုပ်ဆောင်ကြခြင်းမှာ ကလေးစစ်သားများ၏ အသက်အရွယ်နှင့် သင့်တော်မှုအခြေအနေမှာ မည်သို့ပင်ဖြစ်စေကာမူ အရေအတွက် များများစုဆောင်းပေးပါက ဆုငွေချီးမြှင့်ခံရခြင်းကြောင့်ဖြစ်သည်။ ကလေးစစ်သားများ၏ အသက်မှာ

၁၁ နှစ်ခန့်အထိ ငယ်ရွယ်သူများဖြစ်သည်။ အကယ်၍ ကလေးများ သို့မဟုတ် သူတို့၏ မိသားစုများက ကလေးစစ်သားတားမြစ်သည့် ဥပဒေကို သိရှိခြင်းနှင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ (အိုင်အယ်လ်အို)တွင် သူတို့၏ ရပိုင်ခွင့်အတိုင်း တရားစွဲဆိုခဲ့ပါက အစိုးရက အမှုကို စုံစမ်းစစ်ဆေး၍ စစ်တပ်တွင် အမှုထမ်းနေသော ကလေးများကို ပြန်လည်လွှတ်ပေးသည်။

လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့များကလည်း မြေမြှုပ်မိုင်းများအသုံးပြုခြင်း၊ အဓမ္မစစ်မှုထမ်းစေခြင်းနှင့် ကလေးစစ်သားများ အတင်းအဓမ္မစုဆောင်းခြင်းရှိကြောင်း အစီရင်ခံမှုများရှိသည်။ လွတ်လပ်သော သတင်းမီဒီယာ အစီရင်ခံစာအရ အောက်တိုဘာ ၂၃ ရက်တွင် ကေအိုင်အေက ညသန်းခေါင်အချိန်၌ ကလေးများအပါအဝင် အရပ်သား ၂၂ ဦးကို ကေအိုင်အေအတွင်းသို့ စစ်မှုထမ်းရန်အတွက်ဟု ဆိုကာ အတင်းအဓမ္မဖမ်းဆီးသွားခဲ့ကြောင်း သိရသည်။ အပြည်ပြည်ဆိုင်ရာ အင်နာ်ဂျီအိုအဖွဲ့တစ်ခုက အစီရင်ခံစာများကို စုံစမ်းစစ်ဆေးရာတွင် ကေအိုင်အေသည် အမျိုးသမီးငယ် လေးဦးအား သင်တန်းပေးရန်အတွက်ဟုဆိုကာ အဓမ္မခေါ်ဆောင်သွားခဲ့ကြောင်း သိရသည်။

အစိုးရသည် ထိုကျူးလွန်မှုများကို ပြုပြင်ရန် ခြေလှမ်းများစခဲ့သည်။ ဇွန်တွင် အစိုးရသည် ကုလသမဂ္ဂဦးဆောင်သော လုပ်ငန်းအဖွဲ့၏ စီမံကိန်းအကောင်အထည်ဖော်ခြင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို လက်မှတ်ရေးထိုးခဲ့ပါသည်။ အဆိုပါ ပူးပေါင်းဆောင်ရွက်သော စီမံကိန်းသည် လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားရာ အခြေအနေများရှိ ကလေးများ၏ အခြေအနေ၊ ကလေးများကို စစ်သားအဖြစ် စုဆောင်းခြင်းနှင့် အသုံးချခြင်းတို့မှ အတိအကျ ကာကွယ်ခြင်းတို့အပြင် မြန်မာ့စစ်တပ်မှ ကလေးစစ်သားများကို ပြန်လွှတ်ပေးခြင်း၊ ပြန်လည်စုစည်းပေးခြင်းနှင့် ကလေးစစ်သားများကို ပြန်လည်ထူထောင်ရေးလုပ်ပေးခြင်းများအား စောင့်ကြည့်ခြင်းနှင့် အစီရင်ခံပေးပို့ခြင်းတို့ကို ဆောင်ရွက်သည်။ စီမံကိန်းအကောင်အထည်ဖော်ခြင်းလုပ်ငန်းသည် လက်နက်ကိုင် ပဋိပက္ခအကျိုးသက်ရောက်မှုကိုခံရသော ကလေးများအား အလုံးစုံ ကာကွယ်ပေးခြင်းဆိုင်ရာ ကောင်းမွန်သော အရည်အသွေးကို ခေါ်ဆိုခြင်းဖြစ်သည်။ အဆိုပါ စီမံကိန်းတွင် ကလေးစစ်သားစုဆောင်းခြင်းကို ရပ်စဲခြင်း၊ နောက်ထပ်စုဆောင်းမှုကို ကြိုတင်ကာကွယ်ခြင်းနှင့် ကလေးများကို လုံခြုံစိတ်ချစွာ ပြန်လွှတ်ပေးခြင်းတို့ ပါဝင်ပါသည်။ စီမံကိန်းသည် ပထမအဆင့်ကို ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ လုပ်ပိုင်ခွင့်အာဏာလုပ်ငန်းစဉ်နှင့် ကုလသမဂ္ဂဦးဆောင်သော လုပ်ငန်းအဖွဲ့နှင့် နိုင်ငံ၏များစွာသော တိုင်းရင်းသားလက်နက်ကိုင်အုပ်စုတို့ တွေ့ဆုံရန်နှင့် စီမံကိန်းဆောင်ရွက်မှုကို ကြိုတင်ပြင်ဆင်ရန် လမ်းခင်းပေးခြင်းဖြစ်သည်။ အဆိုပါ ပူးပေါင်းဆောင်ရွက်သော စီမံကိန်းအကောင်အထည်ဖော်မှုသည် ကလေးစစ်သားပပျောက်ရေးအတွက် ပထမဦးဆုံးသော အပြည်ပြည်ဆိုင်ရာ ဆောင်ရွက်မှုစီမံကိန်းကို စစ်တပ်မှ သဘောတူညီခဲ့သည်။ ဤစီမံကိန်းသည် လူ့အခွင့်အရေးကို ဖော်ထုတ်ပြောဆိုရန်နှင့် အထူးသဖြင့် လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးစစ်သားများအသုံးချခြင်းကို ဖော်ထုတ်ရန် ဖြစ်ပါသည်။

အစိုးရသည် ဇူလိုင်တွင် ကလေးစစ်သား ၆၄ ဦးနှင့် စက်တင်ဘာတွင် ကလေးစစ်သား ၄၂ ဦး တို့ကို လွှတ်ပေးခဲ့ပါသည်။ အစိုးရ၏ ကိန်းဂဏန်းများအရ ၂၀၀၄ ခုနှစ်မှ ၂၀၁၂ ခု ဇူလိုင်အတွင်း စစ်တပ်မှကလေးစစ်သား ၆၀၀ ဦးကို လွှတ်ပေးခဲ့ပြီးဖြစ်ပါသည်။

၂၀၀၈ ခုနှစ်ကတည်းက ကမ္ဘာ့ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (ယူနီဆက်ဖ်)နှင့် ပူးပေါင်းလျက် စစ်ဘက်ဆိုင်ရာ အရာရှိ ၁,၀၀၀ ပါဝင်သော အုပ်စု ၁၄ စုကို သင်တန်းပေးခဲ့သည်။ ထိုသင်တန်းများတွင် စစ်သားစုဆောင်းရေးအရာရှိများနှင့် ဗိုလ်ကြီးအဆင့်ထိရှိသော အထက်အရာရှိများပါဝင်ပြီး အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဥပဒေကို သင်ကြားပို့ချခဲ့သည်။ ယူနီဆက်ဖ်က နိုင်ငံ၏ စစ်သားစုဆောင်းရေးစခန်းလေးနေရာတွင် သင်တန်းပို့ချခဲ့ပြီး ထိုအဆင့်တွင် ကလေးစစ်သားများကို စုဆောင်းခြင်းမှ ငြင်းပယ်မှုများ တိုးပွားလာကြောင်း အစီရင်ခံမှုများရှိခဲ့သည်။ ထိုနှစ်အတောအတွင်း အိုင်အယ်လ်အို၏ တိုင်တန်းမှုများကြောင့် စစ်တပ်မှ အရာရှိသုံးဦးကို ကလေးစစ်သားများ အသုံးပြုမှုအတွက် ရာထူးမှထုတ်ပယ်ကာ နှစ်ဦးကို အရပ်သား အကျဉ်းထောင်တွင် အကျဉ်းချထားခဲ့သည်။ အခြားပြန်တမ်းဝင်မဟုတ်သော အရာရှိတစ်ဦးကို ရာထူးမှ ထုတ်ပယ်လိုက်သည်။ သူနှင့် အခြားပြန်တမ်းဝင်အရာရှိမဟုတ်သော အရာရှိခြောက်ဦးကို အကျဉ်းချလိုက်သည်။ အခြားသော စစ်ဘက်ဆိုင်ရာ အမှုထမ်းများကို ရာထူးလျော့ချခြင်း၊ လစာများဖြတ်တောက်ခြင်းနှင့် အငြိမ်းစားလစာနှင့် ရာထူးတိုးမြှင့်မှုတို့နှင့် စပ်ဆိုင်သော အမှုထမ်းသက် ၁၂ လကို ဖြတ်တောက်နှုတ်ယူခြင်းများ ပြုလုပ်ခဲ့သည်။ အစိုးရအရာရှိများရဲ့ အရာရှိများ၊ အထွေထွေအုပ်ချုပ်ရေးအရာရှိများနှင့် တရားသူကြီးများသည် အိုင်အယ်လ်အို၏ ချွေးတပ်ဆွဲမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများတွင် ပါဝင်ခဲ့သည်။

နိုင်ငံခြားရေးဝန်ကြီးဌာန၏ လူမှောင်ခိုကုန်ကူးမှုနှင့် ပတ်သက်သော နှစ်ပတ်လည်အစီရင်ခံစာကို www.state.jov/j/tip တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

ပဋ္ဌိပက္ခနှင့်ဆက်စပ်နေသည့် အခြားသောကျူးလွန်စော်ကားမှုများ။ ။ အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားသော အဖွဲ့အစည်းများ၏ အစီရင်ခံစာအရ အစိုးရသည် ကယ်ဆယ်ရေးရိက္ခာများပေးပို့မှုကို ရည်ရွယ်ချက်ရှိရှိ ကန့်သတ်ချုပ်ချယ်မှုပြုသကဲ့သို့ လူသားချင်းစာနာထောက်ထားသော အဖွဲ့အစည်းများအား ပဋ္ဌိပက္ခဖြစ်ပွားရာဒေသများသို့ လွတ်လပ်စွာသွားရောက်ခွင့်ကို ပယ်ချခဲ့သည်။ ကချင်ပြည်နယ်တွင် ဒေသခံအဖွဲ့အစည်းများသည် ပြည်တွင်းမှ အိုးမဲ့ အိမ်မဲ့ဖြစ်ခဲ့ရသူတို့၏ စခန်းများကို တစ်ခါတရံ သွားရောက်ခွင့်ပြုခဲ့သည်။ အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှု အဖွဲ့အစည်းများသည် အစိုးရကထိန်းချုပ်ထားသော နယ်မြေ ၈၀ ရှိ လူဦးရေ ၂၇,၀၀၀ ထက်ပိုသော သူများကို ဆက်လက်၍ ကူညီထောက်ပံ့ခဲ့ကြသည်။ ခြားနားသော ဆောင်ရွက်မှုတစ်ခုမှာ အစိုးရသည် ဇွန်ကတည်းက ကုလသမဂ္ဂယာဉ်တန်းအား လူဦးရေ ၁၀,၀၀၀ မှ ၁၅,၀၀၀ ထိ ရှိသော အစိုးရမထိန်းချုပ်သည့် စခန်း ၁၃ ခုရှိရာ နယ်မြေနှင့် တားမြစ်ထားသော အစိုးရမထိန်းချုပ်သည့် နယ်မြေများတွင် အကူအညီပေးရန် ခွင့်ပြုခဲ့ပါသည်။ အစိုးရသည် ကြေညာချက်ထုတ်ပြန်ရာ၌ အစိုးရထိန်းချုပ်မှု မရှိသော နယ်မြေများသို့သွားရောက်သည့် လူသားချင်းစာနာ ထောက်ထားရေးဆိုင်ရာ ကူညီသူများ၏ လုံခြုံရေးကို အာမမခံနိုင်ဟုဆိုပါသည်။ များစွာသော အပြည်ပြည်ဆိုင်ရာ အသိုင်းအဝိုင်းတို့က အစိုးရ၏ လူသားချင်းစာနာထောက်ထားခြင်းဆိုင်ရာအတွက် သွားရောက်မှုကို တင်းကြပ်ခြင်းသည် နိုင်ငံရေးကိရိယာတစ်ခုအနေဖြင့် အသုံးချခြင်းဖြစ်သည်ဟု စွပ်စွဲကြသည်။ စစ်ရေးလိုအပ်ချက်အရမဟုတ်ဘဲ အရပ်သားများကို အတင်းအကြပ် ရွှေ့ပြောင်းပေးခြင်း၊ မြေယာသိမ်းပိုက်ခြင်းနှင့် ပိုင်ဆိုင်ပစ္စည်းများကို ဖျက်ဆီးခြင်းတို့နှင့်စပ်လျဉ်း၍ အစီရင်ခံစာ အမြောက်အများရရှိခဲ့ပါသည်။

ကချင်ပြည်နယ်တွင် နှစ်ကုန်ပိုင်းအထိ ပြည်တွင်းမှအိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသူ ဦးရေ ၁၀၀,၀၀၀ ခန့်ရှိခဲ့သည်။ အခြားသော ဖြစ်ပွားမှုများတွင် ရွာသူ၊ ရွာသားများမှာ သူတို့၏ နေအိမ်များမှနေ၍ မိုင်းများထူထပ်သော တောထဲသို့ စာနပ်ရိက္ခာ၊ ဘေးကင်းလုံခြုံမှု သို့မဟုတ် အခြေခံကျန်းမာရေးစောင့်ရှောက်မှု မရှိဘဲ ထွက်ပြေးကြရသည်။(အပိုင်း ၂(ဃ)တွင်ကြည့်ရန်)

အပိုင်း(၂) အောက်ပါအချက်များပါဝင်သော အရပ်သား လွတ်လပ်ခွင့်များကို လေးစားလိုက်နာမှု

(က) လွတ်လပ်စွာပြောဆိုခွင့်နှင့် ပုံနှိပ်ထုတ်ဝေခွင့်

ပြည်ထောင်စု ဘေးကင်းလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ လူအဖွဲ့အစည်းအေးချမ်းသာယာရေးတို့အတွက် သတ်မှတ်ပြဋ္ဌာန်းထားသော ဥပဒေများကို ဆန့်ကျင်ခြင်းမရှိသရွေ့ နိုင်ငံသားတိုင်း ၎င်းတို့၏ အယူအဆများနှင့် သဘောထားအမြင်များကို လွတ်လပ်စွာ ဖော်ထုတ်ပြသခွင့်ရှိရမည်ဟူ၍ ၂၀၀၈ ခုနှစ် အခြေခံဥပဒေတွင် ပါရှိသည်။ သို့သော် အဆိုပါအခွင့်အရေးများသည် ကျယ်ပြန့်၍ ဒွိဟဖြစ်စေသော သတိပေးခြင်းပါဝင်သည်။

လွတ်လပ်စွာပြောဆိုခြင်း။ ။ အာဏာပိုင်တို့သည် အစိုးရကို ဝေဖန်ပြစ်တင်မှုမပြုသော နိုင်ငံရေးသဘောထားအမြင်များကို ထုတ်ဖော်မှုအတွက် နိုင်ငံသားများကို ဖမ်းဆီးခြင်း၊ ချုပ်နှောင်ခြင်း၊ ပြစ်ဒဏ်စီရင်ခြင်းနှင့် ထောင်ချခြင်းတို့ကို ပြုခဲ့သည်။ ဤသို့ဆောင်ရွက်အရေးယူခြင်းသည် ခွင့်ပြုချက်မရရှိဘဲ ဆန္ဒသဘောထားထုတ်ဖော်မှုကြောင့် စွဲချက်တင်ခံရခြင်းဖြစ်သည်။ ယခင်နှစ်များနှင့်စာလျှင် ယခုအခါ လွတ်လပ်စွာ ပြောဆိုထုတ်ဖော်မှုကို ပိုမိုရရှိလာခဲ့ကြသည်ဟု အစီရင်ခံသူများ၏ အစီရင်ခံစာအရ သိရသည်။ လူအချို့သည် နိုင်ငံရေးနှင့် ပတ်သက်၍ အထိမခံနိုင်ဖွယ်ရာ အကြောင်းအရာများကို ပွင့်လင်းစွာ ပြောဆိုခြင်းအား သတိထားရှောင်တိမ်းနေရဆဲရှိသည်။ အဘယ့်ကြောင့်ဆိုသော် လုံခြုံရေးဝန်ထမ်းတို့၏ အနှောင့်အယှက်ပေးမှုနှင့် စောင့်ကြည့်နေမှုများကြောင့်ဖြစ်သည်။ လုံခြုံရေးဝန်ထမ်းများသည် အစိုးရ ဆန့်ကျင်သောအမြင်များကို ဖော်ထုတ်သည်ဟု ယုံကြည်လျှင် အနှောင့်အယှက်ပေးလေ့ရှိသည်။ လူအခွင့်အရေးဆိုင်ရာ လှုပ်ရှားဆောင်ရွက်သူတို့၏ အစီရင်ခံမှုများအရ လုံခြုံရေးဝန်ထမ်းတို့၏ ရံဖန်ရံခါနှင့် ပြင်းထန်သော နှောင့်ယှက်ဒုက္ခပေးမှုများမှာ ယခင်နှစ်များကထက် သိသာထင်ရှားစွာလျော့နည်းလာခဲ့ကြောင်း သိရသည်။

လွတ်လပ်စွာပုံနှိပ်ထုတ်ဝေခြင်း။ ။ ဤနှစ်အတွင်း သတင်းစာသုံးစောင်သည် တရားဥပဒေဖြင့် အရေးယူခြင်းခံခဲ့ကြရသည်။ ဥပမာ-မေတွင် သတ္တုတွင်းဝန်ကြီးဌာနက The Voice Weekly သတင်းစာအား မဟုတ်မမှန်ရေးသားဖော်ပြခဲ့သည်ဟု စွပ်စွဲကာ တရားစွဲဆိုခဲ့သည်။ အဆိုပါသတင်းစာသည် စာရင်းစစ်ချုပ်ရုံး၏ တွေ့ရှိချက်များဖြစ်သော ပြည်သူ့ဘဏ္ဍာငွေကို အလွဲသုံးစားပြုခြင်းဆိုင်ရာ အသေးစိတ်အချက်အလက်များနှင့် ပြန်ကြားရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေးဝန်ကြီးဌာန၊ စက်မှုလက်မှုဝန်ကြီးဌာနနှင့် သတ္တုတွင်းဝန်ကြီးဌာနတို့၏ ဘဏ္ဍာငွေများ မမှန်မကန် သုံးစွဲခြင်းများကို ရေးသားထုတ်ဝေခဲ့သောကြောင့်ဖြစ်သည်။ အဆိုပါအမှုကို အောက်တိုဘာဆန်းပိုင်းတွင် ကြားနာခဲ့ခြင်းဖြစ်သည်။ သို့သော် နောက်ပိုင်းတွင် သတ္တုတွင်းဝန်ကြီးဌာနက တရားစွဲဆိုသည့်အမှုကို ရုပ်သိမ်းခဲ့သည်။

အစိုးရသည် အခြားသော အပတ်စဉ်ဂျာနယ်တစ်ခုဖြစ်သည့် လျှပ်တစ်ပြက်ဂျာနယ်ကို တစ်လတိတိ ထုတ်ဝေခွင့်ရပ်ဆိုင်းစေခဲ့သည်။ ရခိုင်ပြည်နယ် လူမျိုးရေးပဋိပက္ခဖြစ်စဉ်ကာလတွင် ရခိုင်အမျိုးသမီးတစ်ဦး၏အလောင်း ဓာတ်ပုံကို ဂျာနယ်တွင်ဖော်ပြခြင်းသည် ပြည်သူလူထုကို မတည်မငြိမ်ဖြစ်အောင် လှုံ့ဆော်သည်ဟု အစိုးရက စွပ်စွဲခဲ့သည်။ ဇူလိုင်ကုန်ခါနီးတွင် The Voice Weekly ဂျာနယ်နှင့် Envoy ဂျာနယ်တို့ကို သတင်းများအား ကြိုတင်စိစစ်ရန် တင်ပြဖို့ပျက်ကွက်ခြင်းကြောင့် ထုတ်ဝေခွင့်ရပ်ဆိုင်းခံရပါသည်။ လျှပ်တစ်ပြက်ဂျာနယ်၊ The Voice Weekly ဂျာနယ်နှင့် Envoy ဂျာနယ်တို့ ထုတ်ဝေခွင့်ရပ်ဆိုင်းခံရခြင်းကြောင့် ပြည်တွင်းဂျာနယ်သတင်းသမားများသည် အထူးသကေ်တဖြင့် ပုံနှိပ်ထားသော "ပုံနှိပ်ထုတ်ဝေခြင်းရပ်စဲခြင်းကို ရပ်တန့်ပါ"ဟူသော စာတန်းပါ ရှုပ်အက်ျီများကို ဝတ်ဆင်ကာ မကြုံစဖူး ဆန္ဒပြခဲ့ကြသည်။ အခြားအပတ်စဉ်ဂျာနယ် သုံးစောင်ဖြစ်သည့် Messenger ၊ Express Time နှင့် Nation ဂျာနယ်များသည် ၎င်းတို့၏ မျက်နှာဖုံးစာမျက်နှာအပိုင်းကို အမှောင်ချခဲ့ကြပြီး The Voice Weekly ၊ လျှပ်တစ်ပြက်နှင့် Envoy တို့အပေါ် ပြန်ကြားရေးဝန်ကြီး၏ အရေးယူထားမှုကို ဆန့်ကျင်ကြောင်း ပြသခဲ့သည်။ နှစ်ပတ်အကြာတွင် ရပ်ဆိုင်းခံခဲ့ရသော ဂျာနယ်များအားလုံးကို ပြန်လည်ထုတ်ဝေခွင့်ပေးခဲ့သည်။

အစိုးရသည် ပြည်တွင်းရုပ်မြင်သံကြားထုတ်လွှင့်သည့် ဌာနအားလုံးကို ဆက်လက်၍ လက်ဝါးကြီးအုပ်ထိန်းချုပ်ထားသည်။ အများပြည်သူဆိုင်ရာ ရုပ်မြင်သံကြားထုတ်လွှင့်သော လိုင်းခြောက်လိုင်းရှိရာ ငါးလိုင်းကို ပြန်ကြားရေးဝန်ကြီးဌာနမှ ထိန်းချုပ်ထား၍ ကျန်တစ်လိုင်းကို စစ်တပ်ကချုပ်ကိုင်ထားပြီး ပုဂ္ဂလိကလိုင်းများကို ဆင်ဆာဖြတ်တောက်မှုများရှိခဲ့သည်။ သြဂုတ်တွင် Sky Net ပုဂ္ဂလိကရုပ်မြင်သံကြားလွှင့်ထုတ်သူက အစိုးရနှင့်တွဲဖက်၍ Myanmar National T.V ဟုခေါ်ဆိုသည့် သတင်းနှင့်ဖျော်ဖြေရေးလိုင်းကို အခမဲ့စမ်းသပ်လွှင့်ထုတ်ပေးခဲ့သည်။ ပြည်သူလူထုသည် ဂြိုဟ်တုရုပ်မြင်သံကြားဖမ်းစက်များအား အခကြေးပေး၍ မှတ်ပုံတင်နိုင်သော်လည်း လူအများစုသည် အခကြေးငွေပေးရသော ဂြိုဟ်တုရုပ်မြင်သံကြားဖမ်းစက်ဝယ်ယူရန် တတ်နိုင်ခြင်းမရှိသေးပါ။

အကြမ်းဖက်နည်းသုံးမှုနှင့် ကိုယ်ထိလက်ရောက်ပြုမှု။ ။ ဤနှစ်အတွင်း ကျန်ရှိနေသော ဂျာနယ်လစ် ၁၂ ဦးကို သမ္မတ၏ လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် ပြန်လည်လွှတ်ပေးခဲ့သည်။ အစီရင်ခံစာများအရ အစိုးရထောက်လှမ်းရေးများသည် ဂျာနယ်လစ်များကို ကိုယ်ထိလက်ရောက်နှောင့်ယှက်ခြိမ်းခြောက်ခြင်းကို ပြုလုပ်သည်။ သြဂုတ်နှောင်းပိုင်းတွင် ဒီမိုကရက်တစ်မြန်မာ့အသံ သတင်းထောက် ဇော်ဖေကို ဒေသန္တရပညာရေးအရာရှိက မကွေးမြို့တွင် တရားစွဲဆိုပြီးနောက် ရဲများက စစ်ကြောမေးမြန်းခဲ့သည်။ အဆိုပါသတင်းထောက်သည် ဂျပန်ဖောင်ဒေးရှင်းအဖွဲ့တစ်ခုက မြန်မာကျောင်းသားများကို ပညာသင်ထောက်ပံ့ဆုများအား ပေးအပ်ခဲ့ခြင်းနှင့်ပတ်သက်၍ တွေ့ဆုံမေးမြန်းခြင်းပြုရန် ကြိုးစားခဲ့ခြင်းကြောင့်ဖြစ်သည်။ သူသည် ပြည်သူ့ဝန်ထမ်းများကို နှောင့်ယှက်ခြင်းနှင့် အစိုးရပိုင်နေရာများသို့ ကျူးကျော်ဝင်ရောက်ခဲ့ခြင်းကြောင့် စွဲချက်အတင်ခံရခြင်းဖြစ်ပါသည်။

ဆင်ဆာဖြတ်တောက်ခြင်း သို့မဟုတ် ကန့်သတ်ချုပ်ချယ်ခြင်း။ ။ ဇူလိုင်လနှောင်းပိုင်းတွင် အစိုးရဆင်ဆာဘုတ်အဖွဲ့၏ ပုံနှိပ်ထုတ်ဝေခြင်းဆိုင်ရာ စိစစ်မှုပြုလုပ်ရန် ပျက်ကွက်မှုရှိခဲ့သဖြင့် The Voice Weekly နှင့် Envoy အယ်ဒီတာများကို ၎င်းတို့၏ဂျာနယ်များ ထုတ်ဝေခွင့်ကို ရပ်ဆိုင်းရလိမ့်မည်ဖြစ်ကြောင်း အသိပေးခဲ့သည်။ လေ့လာသူများ၏အဆိုအရ ထိုဂျာနယ်များတွင် ရေးသားဖော်ပြခဲ့သော ဆောင်းပါးများသည် အစိုးရအဖွဲ့အတွင်း အပြောင်းအလဲပြုခြင်းဆိုင်ရာ အသေးစိတ်အချက်အလက်တို့ကို ကြိုတင်မှန်းဆရေးသားခဲ့ခြင်းကြောင့် ဖြစ်သည်ဟု ဆိုသည်။

ယေဘုယျအားဖြင့် ဤပြုမူချက်များကို တရားစွဲဆိုခြင်းမပြုသော်လည်း တည်ဆဲဥပဒေများသည် နိုင်ငံသားများကို မိမိနိုင်ငံနှင့် ပတ်သက်သော သတင်းအချက်အလက်များအား အီလက်ထရွန်းနစ်နည်းဖြင့် နိုင်ငံပြင်ပရှိ သတင်းမီဒီယာများသို့ ပေးပို့ခြင်းကို တားမြစ်ထားသည်။ အပြည်ပြည်ဆိုင်ရာ သတင်းမီဒီယာများသို့ ပေးပို့သော ဂျာနယ်လစ်များကိုဖော်ထုတ်၍ အတင်းအဓမ္မခေါ်ဆောင်သွားခြင်း၊ ဖမ်းဆီးခြင်းနှင့် ကိုယ်ထိလက်ရောက် ညှဉ်းပန်းခြင်းပြုသည်။ ရေဒီယိုနှင့် ရုပ်မြင်သံကြားတို့မှာ အခြေခံလူထုဆက်သွယ်ရေး မီဒီယာအဖြစ် ရှိနေခဲ့သည်။ သတင်း၊ ဂျာနယ်၊ စာစောင်များမှာ မြို့ပြဒေသအပြင်ဘက်သို့ ပျံ့နှံ့ရောက်ရှိမှု အလွန်နည်းပါးလှသည်။ အစိုးရနှင့်နီးစပ်သော စီးပွားရေးသမားများသည် ပုဂ္ဂလိကပိုင် အက်ဖ်အမ်ရေဒီယိုထုတ်လွှင့်ရာ ရှစ်ခုနှင့် တစ်ခုတည်းသော အစိုးရမှ ထုတ်လွှင့်နေသော လှိုင်းတိုရေဒီယို ထုတ်လွှင့်ဌာနတို့၏ ထုတ်လွှင့်မှုများကို ထိန်းချုပ်မှုပြုထားသည်။ အာရ်အက်ဖ်အေ၊ ဗီအိုအေ၊ ဘီဘီစီနှင့် ဒီဗီဘီတို့ကဲ့သို့သော နိုင်ငံခြားရေဒီယို ထုတ်လွှင့်မှုများမှာမူ ဆင်ဆာဖြတ်တောက်ခံရခြင်းမရှိသော အဓိကသတင်းအရင်းအမြစ်များအဖြစ် ရှိနေဆဲဖြစ်သည်။ အထိမခံအဖြစ်ယူဆခဲ့သော နိုင်ငံရေးနှင့်စီးပွားရေးအကြောင်းအရာများကို ယေဘုယျအားဖြင့် ရှောင်ကြဉ်ကြသည်။ ထို့ပြင် ပြည်တွင်း မီဒီယာများသည် အစိုးရ၏အရေးယူမှုကို စိုးရွံ့သည့်အတွက် မိမိဘာသာကိုယ် ဆင်ဆာဖြတ်တောက်မှုပြုကြသည်။ သို့သော် နှစ်ကုန်ပိုင်းတွင် တစ်ချိန်က ဆင်ဆာဖြတ်တောက်မှုပြုသော သို့မဟုတ် အထိမခံအဖြစ်ယူဆခဲ့သော နိုင်ငံရေးနှင့် စီးပွားရေးအကြောင်းအရာများကို ပုံနှိပ်စာအုပ်စာစောင်များတွင် စတင်၍ ပိုမိုရေးသားဖော်ပြလာခဲ့ပြီး အစိုးရထံမှ သွယ်ဝိုက်သော ဆိုးကျိုးအနည်းငယ်သာရရှိခဲ့သည်။

သတင်းလွတ်လပ်ခွင့်မိုမိုရရှိရေးဆောင်ရွက်မှုများ

သတင်းလွတ်လပ်ခွင့်ပိုမိုရရှိရေးဆောင်ရွက်ချက်များကို အုံ့ဩဖွယ်ကောင်းလောက်အောင် ဤနိုင်ငံတွင် တွေ့ရှိရသည်။ ဇူလိုင် ၁ ရက်ကြားဖြတ်ရွေးကောက်ပွဲသည် သတင်းတင်းကြပ်မှုကို ဖြေလျော့ပေးသည့် အရေးပါသောဖြစ်ရပ်တစ်ခုအနေနှင့် ဆောင်ရွက်ခဲ့သည်။ အာဏာပိုင်များသည် နိုင်ငံအတွင်းသို့ အပြည်ပြည်ဆိုင်ရာ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူ ၁၅၉ ဦးအား ဝင်ရောက်ခွင့်ပြုခဲ့ပါသည်။ ယင်းတို့အထဲတွင် နိုင်ငံခြားသံတမန်များ၊ သတင်းစာဆရာများနှင့် ရွေးကောက်ပွဲဆိုင်ရာ ကျွမ်းကျင်သူများ ပါဝင်ကြပါသည်။

အစိုးရ၏ ပုံနှိပ်နှင့် အသံလွှင့်မီဒီယာများသည် အခြေခံအားဖြင့် အစိုးရအဖွဲ့အစည်းများ၏ ဝါဒဖြန့်ခြင်းဆိုင်ရာ သတင်းမီဒီယာများ အဖြစ် ရပ်တည်နေခဲ့သော်လည်း အစိုးရမီဒီယာများသည် ဖြစ်ရပ်မှန်များကို ပိုမိုမှ၍ အစီရင်ခံလာကြသည်။ အစိုးရပိုင် ပုံနှိပ်နှင့် အသံလွှင့်မီဒီယာများသည် လွှတ်တော်အတွင်းရှိ အကြိတ်အနယ်ဆွေးနွေးမှုများကို ဖော်ပြပေးသည်။ ထိုဖော်ပြချက်တွင် အာဏာရပါတီနှင့် အတိုက်အခံတို့၏ အဆိုတင်သွင်းမှုများပါဝင်ပါသည်။ ထို့ပြင် အတိတ်နှင့်နှိုင်းစာလျှင် ဖြစ်ရပ်မှန်များကို ပိုမိုအစီရင်ခံတင်ပြခြင်းဆိုင်ရာ အစည်းအဝေးများကို ကျင်းပပေးခဲ့ပါသည်။ ယခင်က တင်းကြပ်စွာ ဆင်ဆာဖြတ်ခဲ့သော အောင်ဆန်းစုကြည်၏ ရုပ်ပုံများကို ယခုအခါ ပုံနှိပ်ထုတ်ဝေခွင့်ပြုခဲ့သည်။

ပြန်ကြားရေးဝန်ကြီးဌာနသည် မေ ၃ ရက်တွင် ကမ္ဘာ့သတင်းလွတ်လပ်ခွင့်နေ့ကို ပထမဦးဆုံးအကြိမ် ကျင်းပပေးခဲ့သည်။ ယူနက်စကိုနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ ဤအထိမ်းအမှတ်အခမ်းအနားကို ရန်ကုန်မြို့တွင် ကျင်းပခဲ့ပါသည်။ မန္တလေးမြို့တွင် ကျင်းပသော ဤအခမ်းအနား၌ ပြန်ကြားရေးဒုဝန်ကြီး စိုးဝင်းက ပရိသတ်များကို ကတိပေးရာတွင် အစိုးရအနေနှင့် သတင်းမီဒီယာများအပေါ်ထားရှိသည့် မလိုအပ်သောတင်းကြပ်မှုများကို ပုံနှိပ်ထုတ်ဝေရေးဥပဒေအသစ်တစ်ခု ပြဋ္ဌာန်းပြီးလျှင် ရုပ်သိမ်းပေးမည်ဟု ပြောကြားခဲ့ပါသည်။

သတင်းစာများအနေနှင့် ဆောင်းပါးများကို ပုံနှိပ်ခြင်းမပြုခင် ဆင်ဆာအဖွဲ့သို့တင်ပြရန်မလိုတော့ကြောင်း ပုံနှိပ်ထုတ်ဝေစိစစ်ရေးနှင့် မှတ်ပုံတင်ရေးဌာန (နိုင်ငံတော်ဆင်ဆာဘုတ်အဖွဲ့)က ဩဂုတ် ၂၀ ရက်တွင် ကြေညာခဲ့သည်။ သို့သော် ပုံနှိပ်ထုတ်ဝေမှုအားလုံးသည် ပုံနှိပ်ထုတ်ဝေပြီးနောက် ယနေ့ထက်တိုင် ဆောင်းပါးများကို ဆင်ဆာဘုတ်အဖွဲ့သို့တင်ပြရန် လိုအပ်နေဆဲဖြစ်သည်။

ဤနှစ်အတွင်း ဂျာနယ်လစ်များသည် အစိုးရကျောထောက်နောက်ဆံပြုထားသော မြန်မာ့သတင်းစာဆရာများအဖွဲ့အစည်းဖွဲ့စည်းခြင်းကို ထုတ်ပြန်သောအားဖြင့် လွတ်လပ်သော စုပေါင်းအဖွဲ့အစည်းအရေအတွက် တော်တော်များများဖွဲ့စည်းခဲ့သည်။ ဥပမာအားဖြင့် မြန်မာသတင်းစာဆရာများသမဂ္ဂနှင့် မြန်မာသတင်းစာဆရာများကွန်ရက်တို့ဖြစ်ကြသည်။ စက်တင်ဘာ ၁၇ ရက်က ဂျာနယ်လစ်များသည် ပြန်ကြားရေးဝန်ကြီးဌာနက ဖွဲ့စည်းထားသော အဖွဲ့အစည်းတစ်ခုကို အစားထိုးသောအားဖြင့် ကြားဖြတ်လွတ်လပ်သော ပုံနှိပ်ထုတ်ဝေရေး

ကောင်စီတစ်ခုကိုဖွဲ့စည်းခဲ့သည်။ နိုဝင်ဘာတွင် ကြားဖြတ်ပုံနှိပ်ထုတ်ဝေရေးကောင်စီသည် နိုင်ငံအတွင်းရှိ ဂျာနယ်လစ်များအားလုံး လိုက်နာစေရမည့်အချက် ၁၅ ချက်ပါ သတင်းစာဆရာကျင့်ဝတ်တစ်ခုကို အကြမ်းရေးဆွဲခဲ့ပြီး ဖြစ်သည်ဟု ကြေညာခဲ့သည်။ အဆိုပါ ကျင့်ဝတ်သည် စာနယ်ဇင်းဆိုင်ရာ ကျင့်ဝတ်တို့တွင် တိကျပြီး ဘက်လိုက်မှုကင်းသော အစီရင်ခံရေးသားတင်ပြမှုနှင့် သတင်းစာဆရာများ ဆိုင်ရာ လွတ်လပ်မှုများကို မဖြစ်မနေ လိုက်နာဆောင်ရွက်ဖို့ ရည်ရွယ်ထားသည်။

အသစ်ခန့်ထားခြင်းခံရသော ပြန်ကြားရေးဝန်ကြီး ဦးအောင်ကြည်က ပြည်သူများကို အသိပေးပြောကြားရာ၌ ဝန်ကြီးဌာန အနေနှင့် မီဒီယာဥပဒေကြမ်းကိုစတင်၍ ပြန်လည်ရေးဆွဲရာတွင် အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းများနှင့် ကိုက်ညီအောင် ဆောင်ရွက်မည်ဟု ဆိုသည်။ ထို့ပြင် သူသည် ပြည်တွင်းမီဒီယာနှင့် အပြည်ပြည်ဆိုင်ရာ ကျွမ်းကျင်သူများ၏ အထောက်အပံ့ကိုရယူ၍ ဥပဒေမူကြမ်းများကို စတင်ရေးဆွဲခဲ့သည်။ ဤနှစ်ကုန်ဆုံးသောအချိန်တွင် ပုံနှိပ်ထုတ်ဝေရေးကောင်စီသည် ၎င်း၏ပုံနှိပ်မီဒီယာဥပဒေအသစ်တစ်ခု၏ ဖော်ပြချက်များကို ပြန်ကြားရေးဌာနသို့ မတင်ပြခဲ့သေးပါ။ သို့သော် ပြန်ကြားရေးဝန်ကြီးသည် အပြည်ပြည်ဆိုင်ရာ မီဒီယာဥပဒေကျွမ်းကျင်သူများ၏ အကူအညီဖြင့် ရုပ်သံလွှင့်ထုတ်ခြင်းဆိုင်ရာ ဥပဒေတစ်ခုကို ရေးဆွဲခဲ့သည်။ ထိုဥပဒေကိုလွှတ်တော်မှ အတည်ပြုရန်ရှိနေပါသည်။

ပုဂ္ဂလိက မီဒီယာအုပ်စု ခုနစ်ခုက နေ့စဉ်သတင်းစာများထုတ်ဝေခွင့်ကို လျှောက်ထားခဲ့ကြသည်။ အဆိုပါ အုပ်စုများတွင် စောင်ရေ အများဆုံးထုတ်ဝေသော အပတ်စဉ်ဂျာနယ်များပါဝင်သည်။

သမ္မတဦးသိန်းစိန်အပါအဝင် အစိုးရအဆင့်မြင့်အရာရှိကြီးများသည် ဗီအိုအေ၊ အာရ်အက်ဖ်အေ၊ ဘီဘီစီနှင့် အခြားအပြည်ပြည် ဆိုင်ရာမီဒီယာသတင်းဌာနများအား တွေ့ဆုံမေးမြန်းခြင်းပြုလုပ်ရန်ခွင့်ပြုခဲ့သည်။ ပြည်ပအခြေစိုက်မီဒီယာများဖြစ်ကြသော ဓရာဝတီနှင့် မဇ္ဈိမတို့ကိုလည်း နိုင်ငံအတွင်းသို့ ဝင်ရောက်ခွင့်ပြုပြီး ပြည်တွင်းသတင်းများကို ရယူစေပါသည်။ ထို့ပြင် ထိုသတင်းစာနှစ်စောင်စလုံးသည် နိုင်ငံအတွင်းစတင်၍ ပုံနှိပ်ထုတ်ဝေခဲ့ကြသည်။

အင်တာနက်လွတ်လပ်ခွင့်

အင်တာနက်ဆက်သွယ်မှုများကို စောင့်ကြည့်စစ်ဆေးနိုင်မည့်ဥပဒေများနှင့် အင်တာနက်ပေါ်မှတစ်ဆင့် လွတ်လပ်စွာ ပြောဆိုခြင်းကို အရေးယူအပြစ်ပေးနိုင်သည့် ဥပဒေများနှင့် ပြဋ္ဌာန်းချက်များမရှိသော်လည်း နိုင်ငံတွင်းရှိ အင်တာနက်ဝန်ဆောင်မှုပေးသည့် ဌာနများကို အစိုးရကသာပိုင်ဆိုင်ပြီး အင်တာနက်ဆက်သွယ်မှုများကို အစိုးရက စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။ ၂၀၀၄ ခုနှစ် အီလက်ထရွန်းနစ်ဆက်သွယ်ရေးဥပဒေအရ နိုင်ငံတော်လုံခြုံရေးနှင့် အကျိုးစီးပွားကို ထိခိုက်နိုင်သော သတင်းအချက်အလက်များကို အင်တာနက်မှတစ်ဆင့် ပေးပို့ခြင်းမပြုရန် တားမြစ်ထားသည်။

နိုဝင်ဘာ ၇ ရက်တွင် ကြေးနန်းဆက်သွယ်ရေးဆိုင်ရာ ဥပဒေကြမ်းတစ်ရပ်ကို အများပြည်သူအား အသိပေးခဲ့သည်။ ထိုဥပဒေအရ လူမှုမီဒီယာများနှင့် မှတ်ပုံတင်မထားသော ဆက်သွယ်ရေးကိရိယာများကို တားမြစ်နိုင်မည်ဖြစ်သည်။ အရပ်ဘက်လူမှုအဖွဲ့အစည်းရှိ တက်ကြွလှုပ်ရှားသူများနှင့် ပုဂ္ဂလိကနည်းပညာလုပ်ငန်းများက အဆိုပါဥပဒေသည် လူပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ အခွင့်အရေးများကို ချိုးဖောက်လာနိုင်သည်ဟု ဝေဖန်ကြသည်။ ယင်းဥပဒေ၏ အခြားပုဒ်မတစ်ခုသည် မိုဘိုင်းဖုန်းသုံးစွဲခြင်း သို့မဟုတ် အင်တာနက် ချိတ်ဆက်အသုံးပြုရာတွင် အမျိုးသားလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားစီးပွားရေးနှင့် အမျိုးသားယဉ်ကျေးမှုတို့ကို ထိခိုက်ပြီး မကောင်းသောအခြေအနေကို ဖြစ်ပွားစေသည်ဟု အစိုးရက သုံးသပ်လျှင် ထိုအခြေအနေကို ဖန်တီးသူအား အနည်းဆုံး ထောင်ဒဏ် ခုနစ်နှစ် ကျခံစေရမည်ဟု အခွင့်အာဏာပေးထားပါသည်။

အင်တာနက်သုံးစွဲနှုန်းမှာ ခန့်မှန်းခြေအားဖြင့် ၀.၆ ရာခိုင်နှုန်းရှိသည်။ ဝက်ဘ်ဆိုက်တွင် ဆက်သွယ်အသုံးပြုထားသော မိုဘိုင်းဖုန်း အရေအတွက်သည် ခန့်မှန်းခြေအားဖြင့် ၄ ရာခိုင်နှုန်းရှိသည်။

ပညာရေးလွတ်လပ်ခွင့်နှင့် ယဉ်ကျေးမှုဆိုင်ရာအခမ်းအနားများ

အစိုးရက ပညာရေးလွတ်လပ်ခွင့်ကို ဆက်လက်၍ ကန့်သတ်ထားသည်။ သို့သော် တက္ကသိုလ်များတွင် ထားရှိသော ပညာရေး ကန့်သတ်မှုများသည် ယခုနှစ်နှောင်းပိုင်းတွင် ဖြေလျော့ပေးမှု လက္ခဏာများကို ပြသခဲ့သည်။ မေတွင် သမ္မတ၏ အကြံပေးပုဂ္ဂိုလ်ဦးမြင့်က

ရန်ကုန်တက္ကသိုလ်နှင့် ကျောင်းသားသမဂ္ဂအဆောက်အဦတို့၏ ယခင်ကကျော်ကြားမှုဂုဏ်သတင်းကို ပြန်လည်ထိန်းသိမ်းရန် အိတ်ဖွင့်ပေးစာတစ်စောင်ကို ရေးသားခဲ့သည်။ ရက်များအတွင်း အဆိုပါစာသည် ဖေ့စ်ဘွတ်စာမျက်နှာများအပေါ်တွင် ပျံ့နှံ့ရောက်ရှိသွားသည်။ လူထုအတွင်း၌ လည်း အားတက်သရောဆွေးနွေးခဲ့ကြသည်။ လအနည်းငယ်အကြာတွင် ပညာရေးကဏ္ဍကို အထောက်အပံ့ပေးရန် အစိုးရက နိုင်ငံရပ်ခြားရှိ အဆင့်မြင့်ပညာတက္ကသိုလ်များနှင့် စတင်ပြောဆိုခဲ့ပါသည်။ နိုဝင်ဘာတွင် ရန်ကုန်တက္ကသိုလ် ပြန်လည်ကျော်ကြားလာစေရန် အဆိုကို ဒေါ်အောင်ဆန်းစုကြည်က လွှတ်တော်တွင် တင်သွင်းခဲ့သည်။ ၎င်းအဆိုကို လွှတ်တော်က အတည်ပြုပေးခဲ့ပြီး ယင်းလအတွင်း ဖြစ်သော နိုဝင်ဘာလလယ်၌ ရန်ကုန်တက္ကသိုလ်ဝင်းအတွင်းတွင် ဆောက်လုပ်ရေးလုပ်ငန်းများကို စတင်ခဲ့သည်။ ဒီဇင်ဘာတွင် ၁၆ နှစ်အတွင်း ပထမဦးဆုံးအကြိမ်အဖြစ် ဂုဏ်ထူးတန်းများကို ရန်ကုန်တက္ကသိုလ်နှင့် မန္တလေးတက္ကသိုလ်တို့တွင် ပြန်လည်ဖွင့်လှစ်ပေးမည်ဟု သတင်းမီဒီယာအစီရင်ခံစာအရ သိရသည်။

ဒီဇင်ဘာ ၁၆ ရက်က အစိုးရသည် အပြည်ပြည်ဆိုင်ရာ အနုပညာသည်တစ်ဦး၏ ပထမဦးဆုံးအကြိမ် လဟာပြင်စင်တင်ဖျော်ဖြေပွဲတစ်ခုကို ကျင်းပခွင့်ပေးခဲ့သည်။ ဤလုပ်ရပ်သည် နိုင်ငံ၏သမိုင်းဝင်တစ်ခုဖြစ်ခဲ့သည်။ အဆိုပါ စင်တင်ဖျော်ဖြေပွဲသည် ပရိသတ်ခန့်မှန်းခြေ ၆၀,၀၀၀ သို့မဟုတ် ထို့ထက်ပိုသော အရည်အတွက်ကို ဆွဲဆောင်ကာ လာရောက်အားပေးစေခဲ့သည်။

(ခ) ငြိမ်းချမ်းစွာစုဝေးခွင့်၊ သင်းပင်းဖွဲ့စည်းခွင့်တို့နှင့်ဆိုင်သော လွတ်လပ်မှု

လွတ်လပ်စွာစုဝေးခွင့်

အခြေခံဥပဒေနှင့် ၂၀၁၁ ခုနှစ် ငြိမ်းချမ်းစွာစုဝေးခြင်း၊ သင်းပင်းဖွဲ့စည်းခွင့်ဥပဒေက လွတ်လပ်စွာစုဝေးခွင့်ပေးထားသော်လည်း သိသာထင်ရှားသော ကန့်သတ်ချက်များရှိနေဆဲဖြစ်သည်။ အစိုးရက ထိုအခွင့်အရေးကျင့်သုံးမှုကို မလေးစားခဲ့ပါ။ လူငယ်ဦး စုရုံးခွင့် ထက်မပိုရသော ရေရှည်တားမြစ်ချက်သည် ယခုနှစ်တိုင်အောင် သက်ရောက်ဆဲဖြစ်သည်။ အဆိုပါ တားမြစ်ချက်ကို ၂၀၁၁ ခုနှစ် ငြိမ်းချမ်းစွာစုဝေးခွင့်၊ သင်းပင်းဖွဲ့စည်းခွင့် ဥပဒေက ဆန့်ကျင်ကာ ကြိုတင်ခွင့်ပြုချက်ရရှိပါက လူဦးရေ ၂၀၀ ထိ ဆန္ဒပြခွင့်ရှိသည်။

ဇူလိုင်တွင် ပြည်ထဲရေးဌာနက ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့်ဥပဒေကို ထုတ်ပြန်ခဲ့သည်။ အဆိုပါ ဥပဒေအရ နှစ်ပေါင်း ၂၀ ကျော်အတွင်း ပထမဦးဆုံးအကြိမ်အဖြစ် ဆန့်ကျင်ဆန္ဒပြပွဲများကို တရားဝင်စုဝေးကျင်းပခွင့်ပြုခဲ့သည်။ အဆိုပါအခြေအနေသည် အရပ်သားများအတွက် ရှေးယခင်က မရရှိခဲ့ဖူးသော အခွင့်အရေးတစ်ရပ်ပင်ဖြစ်သည်။ အစိုးရသည် ဤနှစ်တစ်လျောက်လုံး နိုင်ငံအနှံ့တွင် ကျင်းပခဲ့သော ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် စီတန်းလှည့်လည်ခြင်းများကို ခွင့်ပြုခဲ့ပါသည်။

နိုင်ငံသားများနှင့် အပြည်ပြည်ဆိုင်ရာ အရပ်ဘက်လူမှုအဖွဲ့အစည်းများက ငြိမ်းချမ်းစွာဆန္ဒပြခွင့်ဥပဒေတွင် မှားယွင်းသောမိန့်ခွန်းပြောကြားသောအခါတွင် မှားယွင်းသော အချက်အလက်ပေးခြင်းကြောင့် နိုင်ငံတော်အား ထိခိုက်စေခြင်း သို့မဟုတ် စိုးရိမ်မှုဖြစ်ပွားစေခြင်း၊ အနှောင့်အယှက်ဖြစ်စေခြင်း သို့မဟုတ် လမ်းပိတ်ဆို့မှု၊ ယာဉ်ပိတ်ဆို့မှု သို့မဟုတ် အများပြည်သူကို ပိတ်ဆို့စေမှုတို့ကို ဖြစ်ပွားစေပါက ရာဇဝတ်မှုမြောက်သည်ဟု ပြဆိုသည်ထားသည်ဟု ဝေဖန်ထောက်ပြကြသည်။ ဤဥပဒေအကျိုးသက်ရောက်မှုစတင်ပြီးနောက် ဒါဇင်ပေါင်းများစွာသော လှုပ်ရှားသူများမှာ အဖမ်းခံခဲ့ကြရပြီး ဥပဒေချိုးဖောက်သည်ဟုဆိုကာ ထိန်းသိမ်းခံခဲ့ကြရသည်။ ရှစ်ဦးမှာ အကျဉ်းချထားခြင်းခံခဲ့ရပြီး အပြစ်ဒဏ်စီရင်ချက်မှာ တစ်လမှ ခြောက်လအထိ ကြာခဲ့သည်။ ၁၆ ဦးမှာ တရားရုံးတွင် အမှုရင်ဆိုင်နေရဆဲဖြစ်သည်။ စက်တင်ဘာ ၂၁ ရက်က ရန်ကုန်မြို့တွင် ကျင်းပခဲ့သော ကုလသမဂ္ဂ၏ အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့အထိမ်းအမှတ် လူစုဝေးခြင်းကို အစိုးရက ခွင့်ပြုဖို့ ငြင်းဆန်ခဲ့သည်။ တက်ကြွလှုပ်ရှားသူများသည် ခွင့်ပြုချက်မရဘဲ လူစုလူဝေးပြုကာ ထိုအခမ်းအနားကို ကျင်းပခဲ့ကြသည်။ နောက်ဆက်တွဲအနေနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရက အနည်းဆုံးလှုပ်ရှားသူ လေးဦးနှင့် ဦးဆောင်သူများကို ခွင့်ပြုမိန့်မပါသောကြောင့် ဖမ်းဆီးခဲ့သည်။ တစ်ဦးစီကို ဥပဒေပုဒ်မ ၁၈ ဆိုင်ရာ ချိုးဖောက်မှုဖြင့် စွဲချက် ၁၀ ချက်တင်ခဲ့သည်။ စွဲချက်တစ်ခုစီကို မြို့နယ်တစ်ခုစီအတွင်း ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခဲ့သောကြောင့် မြို့နယ်အလိုက် တရားစွဲခြင်းဖြစ်သည်။ စွဲချက်တစ်ခုစီအတွက် ဒဏ်ငွေကျပ် ၃၀၀,၀၀၀ (၃၄၅ဒေါ်လာ)နှင့် ထောင်ဒဏ်တစ်နှစ် သတ်မှတ်သည်။ လှုပ်ရှားသူများကို အာမခံဖြင့်လွှတ်ပေးခဲ့သည်။ ဤနှစ်အကုန်တွင် ထိုအမှုများကို တရားရုံးကစတင်ကြားနာခဲ့သည်။

နိုဝင်ဘာတွင် လုံခြုံရေးတပ်ဖွဲ့များသည် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ မြန်မာစစ်တပ်ကုမ္ပဏီနှင့် နိုင်ငံခြား ဖက်စပ်ကုမ္ပဏီတို့ ပူးပေါင်းသော ကြေးနီသတ္တုတွင်းတွင် ယာယီစခန်းများချ၍ ငြိမ်းချမ်းစွာဆန္ဒပြနေသော လူပ်ရှားသူများကို အင်အားသုံး၍ လူစုခွဲခဲ့သည်။ ဆန္ဒပြသူများက အဆိုပါသတ္တုရှာဖွေရေးလုပ်ငန်းသည် သဘာဝပတ်ဝန်းကျင်နှင့် ဒေသခံများ၏ လူမှုစီးပွားကို ထိခိုက်စေသည်ဟု စွပ်စွဲခဲ့ကြသည်။ ဗုဒ္ဓဘာသာဝင်ဘုန်းကြီးများ အပါအဝင် လူတော်တော်များများမှာ ဖြိုခွင်းခြင်းခံရကာ ဒဏ်ရာအနာတရ ရရှိခဲ့ကြသည်။ အဓိကရုဏ်းနှိမ်နင်းသောရဲများသည် မျက်ရည်ယိုပုံး၊ မီးသတ်ပိုက်နှင့် မီးလောင်ဗုံးများကိုသုံး၍ လူအုပ်ကိုပြိုကွဲသွားစေသည်။ ထို့ကြောင့် ဆန္ဒပြသူအချို့မှာ ပြင်းထန်သော မီးလောင်ဒဏ်ရာများ ရရှိခဲ့ကြသည်။ လူအခွင့်အရေးလုပ်ရှားသူများက ဆန္ဒပြစခန်းရှိရာနေရာမှ သိမ်းဆည်းရမိခဲ့သော ဗုံးဆံအခွံများကို စမ်းသပ်ခန်းခွဲ စစ်ဆေးကြည့်ခဲ့ရာ အဆိုပါဗုံးခွံများသည် ဖော့စဖရပ် (မီးစုန်း) မြင့်မားစွာပါဝင်နေခဲ့ကြောင်း တွေ့ရှိခဲ့ရသည်ဟု အစီရင်ခံပါသည်။ ဒီဇင်ဘာတွင် အစိုးရသည် သတ္တုတွင်းအနီးတဝိုက်ဖြစ်ပွားခဲ့သော ဖြိုခွင်းမှုများနှင့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွားဆိုင်ရာ ဆိုးကျိုးများ သတ္တုတွင်းအနီးတဝိုက်ဖြစ်ပွားခဲ့သော ဖြိုခွင်းမှုများနှင့် သဘာဝ ပတ်ဝန်းကျင်နှင့် လူမှုစီးပွားဆိုင်ရာ ဆိုးကျိုးများ သတ္တုတွင်းပတ်လည်ရှိ ဒေသခံများအပေါ် ကျရောက်မှုရှိမရှိကို စုံစမ်းရန် ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်သော နိုင်ငံ့အဖွဲ့အစည်းအသီးသီး၏ အကြီးအကဲများပါဝင်သော စုံစမ်းစစ်ဆေးရေးကော်မရှင်ကိုဖွဲ့စည်း၍ တာဝန်ပေးအပ်ခဲ့သည်။ ကော်မရှင်သည် ယခုနှစ်ကုန်သည်အထိ ရာဖွေဖော်ထုတ်မှုများကို မထုတ်ပြန်ခဲ့သေးပါ။

လွတ်လပ်စွာသင်းပင်းဖွဲ့စည်းခွင့်

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့် အခြားဥပဒေများက နိုင်ငံသားများကို သင်းပင်းအဖွဲ့အစည်းများ ဖွဲ့စည်းနိုင်ရန် ခွင့်ပြုထားသည်။ သို့သော်အစိုးရက လွတ်လပ်စွာ သင်းပင်းဖွဲ့စည်းခွင့်ကို ကန့်သတ်မှုများပြုလုပ်ခဲ့သည်။ အစိုးရက တိုင်းရင်းသား ဘာသာစကားနှင့် စာပေအသင်း အဖွဲ့များ တွေ့ဆုံဆွေးနွေးခြင်း၊ သင်ကြားခြင်းစသည့် ကြိုးပမ်းမှုများကို ပိတ်ပင်ခဲ့သကဲ့သို့ အစ္စလာမ်မစ်နှင့် ခရစ်ယာန်အသင်းအဖွဲ့များ၏ အဖွဲ့အစည်းများစုဝေးခြင်းနှင့် ဟောပြောရန်ကြိုးပမ်းခြင်းတို့ကို တားဆီးပိတ်ပင်ခဲ့သည်။ ရှုတ်ထွေးပွေလီသော စည်းမျဉ်းစည်းကမ်းများနှင့် နိုင်ငံရေးဆိုင်ရာ ထည့်သွင်းစဉ်းစားမှုများက အင်နှ်ဂျီအိုများ မှတ်ပုံတင်ခြင်းကို ကြန့်ကြာစေခဲ့သည်။ အစိုးရက အချို့သော ပြည်တွင်း အင်နှ်ဂျီအိုများ မှတ်ပုံတင်ခြင်းကို ဆက်လက်ပယ်ချခဲ့သည်။

လူပ်ရှားသူများ၏ အစီရင်ခံစာအရ အတိတ်ကာလအခြေအနေများကို ကျော်လွှား၍ များစွာသော အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ အုပ်စုများ၊ လူမှုအခြေခံအဖွဲ့အစည်းများနှင့် လုပ်ရိုးလုပ်စဉ်မဟုတ်သော ကွန်ရက်များကို ပွင့်လင်းစွာဆောင်ရွက်မှုသည် အဖွင့်ကာလတွင် တိုးပွားခဲ့သည်ဟု သိရသည်။ တစ်ချိန်က အထိမခံဖြစ်ခဲ့သည်ဟု သတ်မှတ်ခဲ့သောကြောင်းအရာများကို အရည်အသွေးမြင့်မားစွာဖြင့် ဆွေးနွေးနိုင်ခဲ့သည်။ ဥပမာအားဖြင့် လူအခွင့်အရေးများကို ပိုမိုပွင့်လင်းစွာ အများပြည်သူပရိသတ်များအကြားတွင် ဆွေးနွေးနိုင်ခဲ့ကြသည်ဟု များစွာသော အုပ်စုတို့၏ အစီရင်ခံစာအရသိရသည်။

(ဂ) ဘာသာရေးလွတ်လပ်ခွင့်

ဘာသာရေးလွတ်လပ်ခွင့်နှင့်ပတ်သက်၍ အပြည့်အစုံသိရှိလိုပါက နိုင်ငံတကာ ဘာသာရေးလွတ်လပ်ခွင့်အစီရင်ခံစာ www.state.gov/j/drl/irf/rpt တွင် လေ့လာနိုင်သည်။

(ဃ) လွတ်လပ်စွာရွှေ့ပြောင်းသွားလာခွင့်၊ ပြည်တွင်းရွှေ့ပြောင်း ဒုက္ခသည်များနှင့် နိုင်ငံမဲ့သူများကို ကာကွယ်စောင့်ရှောက်ခြင်း

နိုင်ငံအတွင်း၌ လွတ်လပ်စွာရွှေ့ပြောင်းသွားလာခွင့်အပါအဝင် နိုင်ငံခြားသို့ သွားရောက်ခြင်း၊ ပြောင်းရွှေ့နေထိုင်ခြင်း၊ နိုင်ငံရပ်ခြားမှ နိုင်ငံရင်းသို့ပြန်လည်ဝင်ရောက်လာခြင်းစသော ကိစ္စရပ်များနှင့်ပတ်သက်သည့် လွတ်လပ်ခွင့်အား အကာအကွယ်ပေးသော ဥပဒေ တစ်စုံတစ်ရာမရှိသေးပေ။

အစိုးရသည် ပြည်တွင်းရွှေ့ပြောင်း ဒုက္ခသည်များ၊ နိုင်ငံရင်းသို့ ပြန်ဝင်ရောက်လာသော ဒုက္ခသည်များ၊ နိုင်ငံရေးခိုလှုံခွင့် တောင်းခံလာသူများ နိုင်ငံမဲ့များနှင့် အခြားသောသက်ဆိုင်သူများအား ကာကွယ်စောင့်ရှောက်ပေးခြင်းနှင့်ပတ်သက်၍ ကုလသမဂ္ဂ

ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (ယူအင်နိုအိတ်ချ်စီအာရ်)နှင့် လူသားချင်းစာနာထောက်ထားရေးဆိုင်ရာ အဖွဲ့အစည်းများနှင့် အပြည့်အဝ ပူးပေါင်းဆောင်ရွက်ခြင်းမရှိပါ။ သို့သော် ယူအင်နိုအိတ်ချ်စီအာရ်၏ အစီရင်ခံစာအရ အစိုးရက နိုင်ငံတကာမှဝန်ထမ်းများကို ပြည်ဝင်ခွင့်ပြုခဲ့ကြောင်း သိရသည်။

နိုင်ငံတွင်းလူပ်ရှားမှု ။ ။ လက်တွေ့တွင် ဒေသဆိုင်ရာနှင့် နယ်မြေခံစည်းကမ်းများ၊ ညွှန်ကြားချက်များနှင့် အမိန့်များက လွတ်လပ်စွာ သွားလာမှုကို ကန့်သတ်ထားသည်။ ဥပဒေအရ လူပုဂ္ဂိုလ်များအနေဖြင့် သူတို့တရားဝင် အတည်တကျနေထိုင်ရာ မြို့ရွာမဟုတ်သော အခြား မြို့ရွာများတွင် ညအိပ်ညနေတည်းခိုလိုပါက ဒေသခံရပ်ကွက်ရုံး သို့မဟုတ် ကျေးရွာအာဏာပိုင်များထံ ကြိုတင်သတင်းပေးပို့ရန် လိုအပ်သည်။ ဧည့်သည့်ကိုလက်ခံသော မည်သည့်အိမ်ရှင်မဆို အာဏာပိုင်များထံတွင် ဧည့်စာရင်းတိုင်ရမည်ဖြစ်သည်။ ယခင်နှစ်များနှင့်မတူဘဲ ဒေသခံတို့၏ အိုးအိမ်များသို့ ကြိုတင်အကြောင်းကြားထားခြင်း မရှိဘဲ ညအချိန်မတော် ဧည့်စာရင်းစစ်ဆေးမှုအား ရပ်ကွက်အာဏာပိုင်များက ပဋ္ဌိပကွဒေသပြင်ပရှိ ဧည့်သည်များကို စစ်ဆေးကြောင်း အစီရင်ခံစာမရှိပါ။

အစိုးရသည် ပြည်တွင်း ပြောင်းရွှေ့ဒုက္ခသည်များ၊ ဒုက္ခသည်များနှင့် နိုင်ငံမဲ့များ ပြောင်းရွှေ့ခြင်းကို ကန့်သတ်ထားသည်။ လွတ်လပ်စွာရွှေ့ပြောင်းသွားလာခွင့်သည် အဓိကအားဖြင့် လူပုဂ္ဂိုလ်တစ်ဦး၏နိုင်ငံဖြစ်ကြောင်း အထောက်အထားစာရွက်စာတမ်းများ လက်ဝယ်ပိုင်ဆိုင်မှုနှင့် ဆက်စပ်နေသည်။ လက်တွေ့တွင် လူမျိုးစုနှင့် မူလနေရာများမှာ တစ်ခါတရံတွင် အာဏာပိုင်တို့ စည်းမျဉ်းစည်းကမ်းများ တင်းကြပ်မှုပြုသည့်အချက်များဖြစ်သည်။ အာဏာပိုင်များသည် နိုင်ငံမဲ့လူမျိုးများဖြစ်သော ရိုဟင်ဂျာများကို ရခိုင်ပြည်နယ်မြောက်ပိုင်းနေရာ ငါးနေရာဖြစ်သော ဘူးသီးတောင်၊ မောင်တော၊ ရသေ့တောင်၊ ကျောက်တော်နှင့် စစ်တွေသို့ ခရီးသွားလာမည်ဆိုလျှင် အထူးစာရွက်စာတမ်း များနှင့် ခရီးသွားလာခွင့်ပြုမိန့်တို့ကို တပါတည်း သယ်ဆောင်ရမည်ဟု ညွှန်ကြားထားပါသည်။ အဆိုပါ ငါးနေရာသည် လူနည်းစု ရိုဟင်ဂျာများ နေထိုင်သော နေရာများဖြစ်သည်။ (နိုင်ငံမဲ့သူများ– ရှု)

တိုင်းရင်းသားများနေထိုင်ရာ ပြည်နယ်များမှ နိုင်ငံသားတို့၏ အဆိုအရ ပြည်တွင်းမှ ရွှေ့ပြောင်းဒုက္ခသည်များ၊ ဒုက္ခသည်များနှင့် နိုင်ငံမဲ့များအား အတင်းအကြပ် နေရာရွှေ့ပြောင်းစေခြင်းနှင့် ခရီးသွားလာခွင့် ကန့်သတ်ခြင်းများရှိကြောင်း သိရသည်။ ယခင်နှစ်များနှင့်မတူဘဲ အရာရှိများသည် အသက် ၂၅ နှစ်အောက်ရှိ အမျိုးသမီးများ ခရီးသွားလာခြင်းကို မဟန့်တားတော့ပါ။

နိုင်ငံသားများ ပြည်ပခရီးသွားလာမှု ။ ။ နိုင်ငံရေးလှုပ်ရှားဆောင်ရွက်သူများ၊ နိုင်ငံရေးအကျဉ်းသားဟောင်းများနှင့် အချို့သော ဒေသခံ နိုင်ငံခြားသံရုံးဝန်ထမ်းများ၏ ပြည်ပခရီးသွားလာမှုကို အစိုးရက ကန့်သတ်ထိန်းချုပ်ထားခဲ့သည်။ အာဏာပိုင်များသည် နိုင်ငံကူးလက်မှတ် များနှင့် နိုင်ငံမှထွက်ခွာခွင့်ကို ယခင်က ငြင်းပယ်ခဲ့သည်။ ယခင်နှစ်များကနှင့်မတူဘဲ ယခုနှစ်ကုန်ခါနီးတွင် အရင်က ပြည်ပခရီးသွားခွင့် ငြင်းဆန်ထားသူအချို့ကို နိုင်ငံကူးလက်မှတ်များ စတင်ထုတ်ပေးခဲ့သည်။ နိုဝင်ဘာ ၁၉ ရက်က အစိုးရသည် အများပြည်သူအား အသိပေးကြေငြာချက်တစ်စောင်ကို ထုတ်ပြန်ခဲ့ပါသည်။ အဆိုပါကြေငြာချက်တွင် နိုင်ငံတွင်းသို့ ဝင်ရောက်ခြင်း သို့မဟုတ် နိုင်ငံတွင်းမှ ထွက်ခွာခြင်းကို နိုင်ငံရေးလှုပ်ရှားမှုသံသယဖြစ်မှုအပေါ်တွင် အခြေခံခဲ့သော နာမည်ဆိုးစာရင်းဝင်သူများအား ပယ်ဖျက်ကြောင်း ဖော်ပြထားပါသည်။ ထို့ပြင် သမ္မတရုံးတွင် ဆက်သွယ်ရေးရုံးခန်းတစ်ခုကို နိုင်ငံသားများနှင့် နိုင်ငံခြားသားများ၏အဆင့်ကို စုံစမ်းနိုင်ရန် ဖွင့်လှစ်ပေးခဲ့ပါသည်။

ပြည်ပတွင်ပြည်ပြေးဘဝဖြင့် ရောက်ရှိနေသူများ ။ ။ မိမိသဘောဖြင့် ပြည်ပြေးဘဝအဖြစ် ရောက်ရှိကာ နိုင်ငံရပ်ခြားတွင် သွားရောက် အခြေချနေထိုင်သော မြန်မာနိုင်ငံသား ပြည်ပြေးအရေအတွက် အဘန်အသင့်ကြီးမားစွာရှိသည်။ ဤနှစ်အတွင်း ပြည်ပြေးများစွာတို့သည် မိခင်နိုင်ငံသို့ပြန်လာခဲ့ကြသည်။ အစိုးရကလည်း ပြည်ပြေးများကို နိုင်ငံပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ရန် အားပေးခဲ့သည်။ ထင်ရှားသော အလုပ်သမားနှင့် ဒီမိုကရေစီလိုလားသည့် လှုပ်ရှားသူများသည် မိခင်နိုင်ငံသို့ ပြန်လာ၍ ၎င်းတို့၏ လှုပ်ရှားမှုများကို ဆက်လက်ပြုလုပ်ခဲ့ကြသည်မှာ သာဓကတစ်ရပ်ပင်ဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ မူဝါဒလုပ်ရိုးလုပ်စဉ်နှင့် လုပ်ထုံးလုပ်နည်းများ မရှိခြင်းကြောင့် ပြည်ပြေးများ၏လုံခြုံရေးကို အာမမခံနိုင်ဘဲ ထိန်းသိမ်းခြင်း နည်းလမ်းအသစ်တစ်ခု ရလဒ်ဖြစ်ပေါ်ခဲ့သည်။ ရှေ့နေ

စောကျော်ကျော်မင်း ဆိုသူသည် နိုင်ငံရေးအမှုတစ်ခုအတွက် အမှုသည်များဘက်မှ အကျိုးဆောင်အဖြစ် လိုက်ပါဆောင်ရွက်စဉ် ထိုင်းနိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်သွားခဲ့သည်။ စောကျော်ကျော်မင်းကို ၂၀၀၈ ခုနှစ်တွင် ရုံးတော်ကို မထီမဲ့မြင်ပြုမှုဖြင့် စွဲချက်တင်ကာ ထိုသူ၏ မျက်ကွယ်တွင် ထောင်ခြောက်လ ကျခံစေရန် စီရင်ချက်ချခဲ့သည်။ သြဂုတ်တွင် သုံးလအကြာ ပြည်ပြေးဘဝမှ ပြန်လည်ရောက်ရှိလာသောအခါ စောကျော်ကျော်မင်းကို မူလ ခြောက်လ ပြစ်ဒဏ်ကို ကျခံစေခဲ့သည်။ သူ့ကို နိုဝင်ဘာတွင် သမ္မတ၏ လွတ်ငြိမ်းချမ်းသာခွင့် အမိန့်ဖြင့် လွှတ်ပေးခဲ့သည်။

အခြားတစ်နိုင်ငံတွင် ပြောင်းရွှေ့နေထိုင်ခြင်းနှင့် မိမိနေရင်းနိုင်ငံသို့ပြန်လည်အခြေချခြင်း ။ ။ ယူအင်န်အိတ်ချ်စီအာရ်၏ အဆိုအရ ထိုင်းနိုင်ငံရှိ ဒုက္ခသည်စခန်းကိုးခု၌ နိုဝင်ဘာတွင် တရားဝင်မှတ်ပုံတင်ထားသော စာရင်းအရ မြန်မာဒုက္ခသည်ပေါင်း ၈၃,၄၀၁ ဦးရှိသည်ဟု ဆိုသည်။ ခန့်မှန်းခြေအရ တရားဝင်မှတ်ပုံတင်ထားခြင်းမရှိဘဲ အသစ်ရောက်ရှိလာသော ဒုက္ခသည်များအပါအဝင် စုစုပေါင်း ဒုက္ခသည်ပေါင်း ၁၄၀,၀၀၀ ဦးခန့်ရှိသည်။ အစိုးရသည် ဒုက္ခသည်များနှင့် ပြည်တွင်းရွှေ့ပြောင်း ဒုက္ခသည်များ ပြန်လည်ဝင်ရောက်လာပါက နေထိုင်ရန် ဖြစ်နိုင်သည့် နေရာများကို ယူအင်န်အိတ်ချ်စီအာရ်မှ အရာရှိများအား အကန့်အသတ်ဖြင့် စစ်ဆေးခွင့်ပြုပြီး ယူအင်န်အိတ်ချ်စီအာရ် အရာရှိများ ထိုဒေသများရှိ အခြေအနေမှာ ဒုက္ခသည်များ ပြန်လည်အခြေချနေထိုင်ရန်အတွက် သင့်လျော်ခြင်း ရှိမရှိကို အကဲဖြတ်ခွင့်ပြုခဲ့သည်။

ခန့်မှန်းခြေအားဖြင့် ဘင်္ဂလားဒေ့ရ်အရှေ့တောင်ပိုင်းရှိ တရားဝင်ဒုက္ခသည်စခန်း နှစ်ခုတွင် ရိုဟင်ဂျာ ၃၀,၀၀၀ ခန့်သည် တရားဝင်မှတ်ပုံတင်ထားသော ဒုက္ခသည်များအဖြစ် နေထိုင်လျက်ရှိသည်။ သို့ရာတွင် ယင်းစခန်းများ၏ အပြင်ဘက်ရှိ ပတ်ဝန်းကျင်မြို့နှင့် ကျေးရွာများတွင် မှတ်ပုံတင်ထားခြင်းမရှိသော ရိုဟင်ဂျာဒုက္ခသည် ၂၂၀,၀၀၀ ခန့် နေထိုင်လျက်ရှိသည်။ ဘင်္ဂလားဒေ့ရ်နိုင်ငံနှင့် မြန်မာနိုင်ငံ နှစ်နိုင်ငံစလုံးက နိုင်ငံမဲ့ ရိုဟင်ဂျာ ဒုက္ခသည်များကို နိုင်ငံသားများအဖြစ် အသိအမှတ်မပြုကြပါ။ ထိုအတောအတွင်း ယူအင်န်အိတ်ချ်စီအာရ်က မလေးရှားနိုင်ငံတွင် ရိုဟင်ဂျာဒုက္ခသည် ၂၅,၅၇၅ ခန့်ကို မှတ်ပုံတင်ပေးခဲ့ပြီး ခန့်မှန်းခြေ ၁၃,၀၀၀ ကျော်မှာ မှတ်ပုံတင်ရန် စောင့်ဆိုင်းလျက်ရှိသည်။

ဇန်နဝါရီမှ နိုဝင်ဘာအထိ ရခိုင်ပြည်နယ်မှ ခန့်မှန်းခြေဒုက္ခသည် ၂,၂၀၀ ဦးသည် ယူအင်န်အိတ်ချ်စီအာရ်ထံ ခိုလှုံရန်ချဉ်းကပ်ခဲ့ကြသည်။ အားလုံးနီးပါးမှာ ရိုဟင်ဂျာများဖြစ်ကြသည်။

ပြည်တွင်းရွှေ့ပြောင်း ဒုက္ခသည်များ

ယူအင်န်အိတ်ချ်စီအာရ်၏ အဆိုအရ ဒီဇင်ဘာအထိ ပြည်တွင်းရွှေ့ပြောင်း ဒုက္ခသည်အနည်းဆုံး ၄၂၉,၀၀၀ ခန့်ရှိသည်ဟု သိရသော်လည်း ဆိုင်ရာဒေသများသို့ ဝင်ရောက်လေ့လာခွင့်ရရန် အကန့်အသတ်များစွာရှိသဖြင့် ကိန်းဂဏန်းအတိအကျကို တွက်ချက်ရန် ခက်ခဲသည်။ ယင်းထဲမှခန့်မှန်းခြေ ၂၀၀,၀၀၀ မှ ၂၃၀,၀၀၀ ခန့်မှာ တိုင်းရင်းသားလူနည်းစုများ စီမံအုပ်ချုပ်သော အရှေ့ပိုင်းဒေသများတွင် ယာယီအခြေချနေထိုင်သူများဖြစ်သည်။ ခန့်မှန်းခြေ ၁၁၀,၀၀၀ ခန့်မှာ ဝေးလံခေါင်ဖျားသောဒေသများ၌ပုန်းအောင်းနေကြသူများဖြစ်ဖွယ်ရှိပြီး ၁၂၅,၀၀၀ ခန့်မှာ အစိုးရ၏ နေရာရွှေ့ပြောင်းရေးအမိန့်ကို နာခံကာ သတ်မှတ်ပေးထားသော နေရာသစ်များသို့ ပြောင်းရွှေ့ခဲ့ကြရသူများဖြစ်သည်။ စက်တင်ဘာအတွက် ကုလသမဂ္ဂ၏ လူသားချင်းဆိုင်ရာ စာနာထောက်ထားသောကိစ္စ ညှိနှိုင်းရေးရုံးက လူဦးရေ ၇၅,၀၀၀ ခန့်မှာ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်အတွင်းရှိ တိုက်ပွဲများကြောင့် ဆက်လက်၍ရွှေ့ပြောင်းခြင်း ခံခဲ့ရသည်။ ကချင်၊ ကရင်၊ ရှမ်း၊ ရိုဟင်ဂျာ၊ ရခိုင်နှင့် ကယားလူမျိုးများမှာ ထိုပြဿနာကို အဓိကရင်ဆိုင်နေရသူများဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ အင်ဂျီအိုများ၏ ခန့်မှန်းချက်အရ လူမျိုးရေး၊ ပဋိပက္ခဖြစ်ပွားခဲ့သော ရခိုင်ပြည်နယ်တွင် ပြည်တွင်းပြောင်းရွှေ့ဒုက္ခသည်ပေါင်း ၁၁၅,၀၀၀ ကျော်ရှိကြောင်းသိရသည်။ ယင်းတို့တွင် ရိုဟင်ဂျာ၊ ကမန်မူဆလင်နှင့် ဗုဒ္ဓဘာသာရခိုင်မျိုးနွယ်စုတို့ ပါဝင်သည်။ ယခင်နှစ်များနှင့်မတူဘဲ အစိုးရသည် ပြည်တွင်းရွှေ့ပြောင်း ဒုက္ခသည်များကို အတိအကျအားဖြင့် ရခိုင်ပြည်နယ်တွင် အကာအကွယ်ပေးခြင်းနှင့် အထောက်အပံ့များကို ပိုမိုလွယ်ကူစေရန် ဆောင်ရွက်ပေးခြင်းတို့ကို ပြုလုပ်ခဲ့သည်။ ပြည်တွင်းရွှေ့ပြောင်း ဒုက္ခသည်များ နေထိုင်ရာနေရာများတွင် သန့်ရှင်းသော သောက်သုံးရေအနည်းငယ်သာရရှိခြင်း၊ ကျန်းမာသန့်ရှင်းသော အခြေအနေမရှိခြင်း၊ ကျန်းမာရေးနှင့် ပညာရေးဝန်ဆောင်မှု အနည်းငယ်သာရရှိခြင်းတို့ ဖြစ်ပွားနေသည်။

စဉ်ဆက်မပြတ်ကျရောက်နေသော အန္တရာယ်များကြောင့် နေရပ်ကို စွန့်ခွာရန်လိုအပ်သဖြင့် အသက်ရှင်ရပ်တည်နိုင်ရန်လိုအပ်သော စားနပ်ရိက္ခာပမာဏကို လူအများစု မစိုက်ပျိုးနိုင်ကြပေ။

လုံခြုံရေးတင်းကြပ်မှုများက လူသားချင်းစာနာထောက်ထားခြင်းဆိုင်ရာ ကူညီပံ့ပိုးမှုနှင့် ရခိုင်ပြည်နယ်အတွင်းရှိ ဝေးလံသော မြို့နယ်များသို့သွားရောက်ရန် ဟန့်တားခဲ့သော်လည်း အစိုးရသည် အပြည်ပြည်ဆိုင်ရာ အသိုင်းအဝိုင်းများအား ပြည်တွင်းရွှေ့ပြောင်း ဒုက္ခသည် စခန်းများအတွင်း နေထိုင်နေသော ဒုက္ခသည်များအားလုံးထံ သွားရောက်ခွင့်ပြုခဲ့သည်။

အစိုးရ၏ ကေအင်နယူနှင့် ဇန်နဝါရီတွင် အပစ်အခတ်ရပ်စဲမှုသည် ကရင်ပြည်နယ်ရှိ တိုက်ပွဲများအတွင်း သိသာထင်ရှားသော အလျော့ပေးမှုကို စတင်ခဲ့ခြင်းဖြစ်သည်။ ထိုသို့ဆောင်ရွက်မှုသည် လူသားချင်းစာနာမှုဆိုင်ရာ ပံ့ပိုးကူညီမှုများကို ပိုမိုကောင်းမွန်စွာရောက်ရှိစေခဲ့သည်။ ယူအင်နအိတ်ချ်စီအာရ်သည် ပြည်တွင်းရွှေ့ပြောင်း ဒုက္ခသည် ခန့်မှန်းခြေဦးရေ ၆၀,၀၀၀ ခန့်ကို ကူညီပံ့ပိုးပေးနိုင်ခဲ့သည်။ ထိုဒုက္ခသည်များသည် နှစ်တော်တော်များများကာလအတွင်း ရွှေ့ပြောင်းခံခဲ့ကြရသူများဖြစ်သည်။ လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာနသည် နော်ဝေဒုက္ခသည်ကောင်စီ၏ အကူအညီကိုရယူ၍ ကရင်ပြည်နယ်အတွင်း ယခင်က ပဋိပက္ခဖြစ်ပွားခဲ့ရာ နေရာများရှိ ရာပေါင်းများစွာသော သက်သေခံလက်မှတ်မရှိသည့် ရွှေ့ပြောင်း ဒုက္ခသည်များကို သက်သေခံပြုလုပ်ပေးခြင်းနှင့် စာရွက်စာတမ်းထုတ်ပေးခြင်းတို့ကို ပြုလုပ်ပေးခဲ့သည်။ ကချင်လူမျိုး ၁၂,၀၀၀ ခန့်သည် ကချင်ပြည်နယ်အတွင်း တစ်နှစ်ပတ်လုံး ဆက်တိုက်ဖြစ်ပွားခဲ့သော တိုက်ပွဲများကြောင့် တရုတ်ပြည်အတွင်းသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ သို့သော် တရုတ်နိုင်ငံက ဩဂုတ်နှင့် စက်တင်ဘာတွင် ဒုက္ခသည် အနည်းဆုံး ၅,၀၀၀ ကို မြန်မာပြည်တွင်းသို့ပြန်ပို့ပေးခဲ့သည်ဟု အစီရင်ခံစာအရ သိရသည်။ ထိုသူများမှာ ကာကွယ်စောင့်ရှောက်မှုများ ရရှိနိုင်မည်ဖြစ်သည်။

ဒုက္ခသည်များကို ကာကွယ်စောင့်ရှောက်ခြင်း

နိုင်ငံရေးခိုလှုံခွင့်ပြုခြင်း။ ။ နိုင်ငံ၏ဥပဒေက နိုင်ငံရေးခိုလှုံခွင့် သို့မဟုတ် ဒုက္ခသည်အဖြစ် ခွင့်ပြုခြင်းကို သတ်မှတ်ပြဋ္ဌာန်းထားခြင်း မရှိပါ။ ထို့အပြင် အစိုးရက ဒုက္ခသည်များကို ကာကွယ်စောင့်ရှောက်ပေးသည့် စနစ်ကို ထူထောင်ထားခြင်းမရှိပါ။

နေရာဖယ်ရှားခြင်းခံရမှုကြောင့် ပေါ်ပေါက်လာသော လူတန်းစားဟုအစိုးရက ခေါ်တွင်သောသူများနှင့် လုပ်ကိုင်ဆောင်ရွက်ခွင့် ရရှိရေး စေ့စပ်ညှိနှိုင်းမှုကို ယူအင်နအိတ်ချ်စီအာရ်က ဆက်လက်လုပ်ဆောင်ခဲ့သည်။ အစိုးရက ယူအင်နအိတ်ချ်စီအာရ်ကို ရခိုင်ပြည်နယ် မြောက်ပိုင်းရှိ ရိုဟင်ဂျာနှင့် ရခိုင်များအား လူသားချင်းစာနာထောက်ထားမှု အကူအညီပေးခြင်းကို ဆက်လက်ခွင့်ပြုခဲ့သည်။

ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ အားနည်းနေသူများထံသို့ ရောက်ရှိရန် နားလည်မှုစာလွှာများ ဆက်လက်၍လိုအပ်နေပါသည်။ အစိုးရသည် ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးအပါအဝင် အရှေ့တောင်ပိုင်းဒေသတွင် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နေသော လုပ်ဖော်ကိုင်ဖက်များနှင့်အတူ ယူအင်နအိတ်ချ်စီအာရ် လုပ်ငန်းဆောင်ရွက်ခွင့်ကို သီးခြားနားလည်မှုစာလွှာဖြင့် ခွင့်ပြုခဲ့သည်။

နိုင်ငံမဲ့သူများ

၁၉၈၂ ခုနှစ် နိုင်ငံသားဖြစ်မှုဆိုင်ရာ ဥပဒေက နိုင်ငံသားများကို အမျိုးအစားသတ်မှတ်ရာတွင် မျိုးနွယ်စုအပေါ်တွင် အခြေခံခဲ့ပြီး နေထိုင်သူလူဦးရေ တစ်သန်းကျော်ကို နိုင်ငံမဲ့သူများဟုထိရောက်စွာ ပြုလုပ်ခဲ့သည်။ ယင်းတို့အထဲတွင် ရိုဟင်ဂျာနှင့် တရုတ်လူမျိုး၊ အိန္ဒိယလူမျိုး၊ နီပေါလ်လူမျိုးနှင့် ဥရောပနှင့် အာရှစပ်သော လူမျိုးများမှ ဆင်းသက်လာသူများပါဝင်သည်။ ယူအင်နအိတ်ချ်စီအာရ်သည် ၁၉၈၂ ခုနှစ် နိုင်ငံသားဖြစ်မှုဥပဒေကို ပြင်ဆင်ရန် ဆက်လက်၍ ထောက်ခံပြောဆိုခဲ့သည်။ မျိုးနွယ်စုဆိုင်ရာ လူမျိုးထက် နိုင်ငံသားကို ပိုအလေးထားရန် ပြောဆိုခဲ့သည်။ သို့သော် အစိုးရသည် နိုင်ငံမဲ့သူများအား ဤနှစ်အတွင်း ခွဲခြားဆက်ဆံမှုမရှိသော အခြေခံတစ်ခုပေါ်မူတည်၍ သက်ဆိုင်ရာ နိုင်ငံ၏လူမျိုးဟုအသိအမှတ်ပြုရန် အခွင့်အရေးကို မပေးခဲ့ပါ။

မိဘနှစ်ပါးစလုံးသည် တရားဝင်သတ်မှတ်ထားသော ၁၃၅ ရှိသော တိုင်းရင်းသားလူမျိုးများထဲမှ တစ်မျိုးမျိုးဖြစ်ပါက မည်သူ့ကိုမဆို နိုင်ငံသားဖြစ်မှု အပြည့်အဝရရှိကြောင်းကို ၁၉၈၂ ခုနှစ် နိုင်ငံသားဖြစ်မှုဥပဒေက ခွင့်ပြုထားသည်။ ထိုဥပဒေက တိုင်းရင်းသားလူမျိုးတစ်မျိုး

ဆိုသည်မှာ ၁၈၂၃ ခုနှစ် တစ်နည်းအားဖြင့် ဗြိတိသျှက မြန်မာနိုင်ငံကို ကိုလိုနီအဖြစ် မသိမ်းပိုက်ခင်ကာလ သို့မဟုတ် ထိုအချိန်ထက်စေသော၊ မူလကတည်းက ရှိနေခဲ့သော တိုင်းရင်းသားအုပ်စုများမှ ဆင်းသက်လာသူဟု သုံးသပ်ပါသည်။ နိုင်ငံသားဖြစ်မှုဆိုင်ရာ အခွင့်အရေး နည်းပါးသော ပုံစံနှစ်မျိုးရှိသည်။ ဇည့်နိုင်ငံသားဖြစ်မှုနှင့် နိုင်ငံခြားသားကို နိုင်ငံသားအဖြစ် ခံယူမှုဟူ၍ရှိသည်။ ထိုနိုင်ငံသားနှစ်မျိုးသည် နိုင်ငံရေးအရ ရွေးကောက်ခံပိုင်ခွင့်မရှိခြင်း၊ ငွေနှင့်အမွေဆက်ခံခွင့်မရရှိခြင်း သို့မဟုတ် ပညာရေးဆိုင်ရာ အခွင့်အလမ်းများကို အပြည့်အဝ မရရှိခြင်းဆိုင်ရာတို့ကို ကြုံတွေ့ရသည်။

အစိုးရသည် ရိုဟင်ဂျာအများစုမှာ စီးပွားရေးအရ ပြောင်းရွှေ့လာကြသူများဖြစ်ပြီး ယင်းတို့၏ ဘိုးဘွားများမှာ တိုင်းရင်းသားမျိုးနွယ် တစ်ခုတွင် မပါဝင်ကြောင်းနှင့် နိုင်ငံသားမဟုတ်ကြောင်းကို အခိုင်အမာငြင်းဆိုခဲ့သည်။ မျိုးဆက် သုံးဆက်တိုင်အောင် နေထိုင်နေကြသော ရိုဟင်ဂျာများသည် နိုင်ငံသားအဖြစ် လျှောက်ထားဖို့အရည်အချင်းပြည့်မီသည်။ အင်နက်ဂျီအိုများ၏ အစီရင်ခံစာအရ လိုအပ်သော စာရွက်စာတမ်းများဖြင့် နိုင်ငံသားအဖြစ်လျှောက်ထားသော ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ရိုဟင်ဂျာတို့ကို အစိုးရက ပြန်လည်ဖြေကြားခြင်းမရှိဟု သိရသည်။ ရွှေ့နေများနှင့် လူပ်ရှားဆောင်ရွက်သူများ၏ မှတ်ချက်အရ အချို့သော ရိုဟင်ဂျာများမှာ လာဘ်ငွေပေးခြင်း သို့မဟုတ် မိမိကိုယ်ကို တိုင်းရင်းသား 'ကမန်' လူမျိုးအဖြစ် ဖော်ပြလျှောက်ထားခြင်းကြောင့် နိုင်ငံသားအဖြစ် သို့မဟုတ် ဇည့်နိုင်ငံသားအဖြစ် ရရှိနိုင်ဖွယ်ရှိသည်ဟု သိရသည်။ ဇည့်နိုင်ငံသားဟူသော တရားဝင်အခြေအနေကို ၁၉၈၂ ခုနှစ် ဥပဒေတွင် ဖန်တီးခဲ့ပြီး၊ ယင်းသည် ၁၈၂၃ ခုနှစ်နောက်ပိုင်း မြန်မာနိုင်ငံအတွင်းသို့ ပြောင်းရွှေ့နေထိုင်ခဲ့သော တောင်အာရှနှင့် တရုတ်မျိုးနွယ်တို့၏ သားစဉ်မြေးဆက်အတွက် အကျုံးဝင်သည်။

ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ အဆိုအရ ဘင်္ဂလားဒေ့ရှ်နယ်စပ်၊ ရခိုင်ပြည်နယ်မြောက်ပိုင်းတွင်နေထိုင်သော ရိုဟင်ဂျာအများစုအပါအဝင် နိုင်ငံတွင်း၌ ဥပဒေကြောင်းအရ နိုင်ငံမဲ့သူလူဦးရေပေါင်း ၈၀၀,၀၀၀ ခန့်ရှိနေသည်။ အင်နက်ဂျီအိုများက မြန်မာနိုင်ငံတွင် ရိုဟင်ဂျာနှစ်သန်းဝန်းကျင်ရှိမည်ဟု ခန့်မှန်းကြသည်။ အာဏာပိုင်များက ရိုဟင်ဂျာကို ဘင်္ဂါလီလူမျိုးဟု ရည်ညွှန်းလေ့ရှိပြီး ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် နေထိုင်သော မူဆလင်များမှာ ဗြိတိသျှကိုလိုနီအုပ်ချုပ်ရေး လက်ထက်က မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသော ဘင်္ဂလားဒေ့ရှ်နိုင်ငံသားများ၏ အဆက်အသွယ်များဖြစ်သည်ဟု သတ်မှတ်ထားသည်။

ရိုဟင်ဂျာများက ၎င်းတို့သည် မျက်မှောက်ခေတ် အရှေ့ဘင်္ဂလားပြည်နယ်မှ ဆင်းသက်လာကြသည်ဆိုသည်ကို အငြင်းမပွားပါ။ သို့သော် ၎င်းတို့သည် ယခုမြန်မာနိုင်ငံအတွင်းနေထိုင်လာခဲ့ကြသည်မှာ ဆယ်စုနှစ်များစွာကြာခဲ့ပြီဖြစ်သည်။ အကယ်၍ ရာစုနှစ်များစွာ မရှိသော်လည်း ၎င်းတို့အနေဖြင့် နိုင်ငံသားအဖြစ် ခံယူထိုက်သူများဖြစ်ကြသည်ဟုဆိုသည်။

ရခိုင်ပြည်နယ်တွင် ဇွန်က ရခိုင်လူမျိုးနှင့် ရိုဟင်ဂျာလူမျိုးတို့အကြား လူမျိုးရေးအကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွားခဲ့သည်။ ဖြစ်ပွားခဲ့ရသော အကြောင်းရင်းမှာ ရိုဟင်ဂျာယောကျ်ားများက မြန်မာအမျိုးသမီးတစ်ဦးအား မုဒိမ်းပြုကျင့်ခြင်းနှင့် ရခိုင်လူအုပ်က ရိုဟင်ဂျာ ၁၀ ဦးကို သတ်ဖြတ်ခဲ့ခြင်းတို့ကြောင့်ဖြစ်ပါသည်။ အစိုးရသည် ဤအခြေအနေကြောင့် ရခိုင်ပြည်နယ်အတွင်း အရေးပေါ်အခြေအနေ ထုတ်ပြန်ကြေညာခဲ့သည်။ အကြမ်းဖက်မှုကို ရပ်တန့်စေရန် စစ်တပ်ချထားပေးခဲ့သည်။ ထို့အပြင် ကုလသမဂ္ဂ အပြည်ပြည်ဆိုင်ရာလူသားချင်း စာနာထောက်ထားသောအဖွဲ့အစည်းများနှင့် သံတမန်အဖွဲ့များကို ကန့်သတ်ချက်ဖြင့် အဆိုပါ ဖြစ်ပွားခဲ့ရာနေရာများသို့ အစိုးရက သွားခွင့်ပြုခဲ့သည်။ အောက်တိုဘာလနောင်းပိုင်းတွင် ရိုဟင်ဂျာနှင့် ရခိုင်လူမျိုးများအကြားထပ်မံ၍ အကြမ်းဖက်မှုဖြစ်ပွားခဲ့သည်။ အစီရင်ခံစာအရ တစ်ဖက်နှင့်တစ်ဖက် အကြမ်းဖက်တိုက်ခိုက်မှုသည် မင်းပြားမြို့နယ်နှင့် မြောက်ဦးမြို့နယ်တို့တွင် စတင်ခဲ့ပြီး ရခိုင်ပြည်နယ် နေရာအသီးသီးသို့ ပျံ့နှံ့သွားခဲ့သည်ဟုသိရသည်။ ယင်းအကြမ်းဖက်တိုက်ခိုက်မှုဖြစ်ရပ်များဖြစ်ပွားသော ကာလအတွင်း လူဦးရေ ၁၁၅,၀၀၀ ခန့်မှာ အိုးအိမ်စွန့်ခွာခဲ့ကြရပါသည်။ ထိုသူများမှာ ရိုဟင်ဂျာလူမျိုး၊ ကမန်မူဆလင်များ၊ ရခိုင်တိုင်းရင်းသားများနှင့် ဗုဒ္ဓဘာသာဝင်မဟုတ်သော ရခိုင်တိုင်းရင်းသားများ ဖြစ်ကြပါသည်။ ကုလသမဂ္ဂက ဇွန်တွင် လူ ၇၈ ဦး၊ အောက်တိုဘာတွင် လူ ၈၉ ဦး သေဆုံးခဲ့သည်ဟု ခန့်မှန်းသည်။ သေဆုံးသူများမှာ ကွဲပြားသော မျိုးနွယ်အုပ်စုများမှ ဗုဒ္ဓဘာသာဝင်များနှင့် မူဆလင်များဖြစ်ပါသည်။

ရိုဟင်ဂျာများသည် စီးပွားရေး၊ လူမှုရေးနှင့် ဥပဒေရေးတို့အရ ပြင်းထန်ဆိုးရွားသော ခွဲခြားဆက်ဆံမှုများကို ကြုံတွေ့ရသည်။ ရိုဟင်ဂျာများအနေနှင့် ၎င်းတို့နေထိုင်သော ကျေးရွာအုပ်စုအပြင်ဘက်သို့ ခရီးထွက်ခွာလိုပါက ကြိုတင်ခွင့်ပြုချက်တောင်းခံစေခြင်း၊ အထက်တန်းပညာရေးကို ကန့်သတ်ထားခြင်း၊ ဆရာဝန်၊ သူနာပြု၊ ကျောင်းဆရာ စသော နိုင်ငံ့ဝန်ထမ်းများအဖြစ် တာဝန်ထမ်းဆောင်ခွင့် မပြုခြင်း စသည်တို့ကို ကြုံတွေ့ရသည်။ ထို့ပြင် လက်ထပ်ထိမ်းမြားလိုသော ရိုဟင်ဂျာများသည် အာဏာပိုင်များထံမှ ခွင့်ပြုချက်ရယူရန်

လိုအပ်သည်။ ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ရိုဟင်ဂျာများကိုသာ အာဏာပိုင်တို့က အမမှခိုင်းစေခြင်းနှင့် တရားလက်မဲ့ ဖမ်းဆီးထိန်းသိမ်းခြင်းတို့ကို ပြုလုပ်ခဲ့ကြသည်။ အင်နာ်ဂျီအိုများ၏ အစီရင်ခံစာအရ နိုင်ငံမီဒီယာများသည် ရခိုင်ပြည်နယ်တွင်ဖြစ်ပွားခဲ့သော လူမျိုးရေးပဋိပက္ခကြောင့် အကြမ်းဖက်မှုဖြစ်ရပ်များနှင့်ပတ်သက်၍ ရိုဟင်ဂျာလူမျိုးနှင့် မူဆလင်ဆန့်ကျင်ရေးအကြောင်းကို ရေးသားထုတ်ဝေခဲ့ကြပြီး ပုံနှိပ်မီဒီယာနှင့် အွန်လိုင်းတွင် ခွဲခြားမှုကို ပြသအားပေးခဲ့ကြသည်။ အင်နာ်ဂျီအိုများက ရခိုင်ပြည်နယ်ရှိ လုံခြုံရေးတပ်ဖွဲ့အရာရှိများသည် ဤနှစ်အတွင်း ရာဇဝတ်မှု ကျူးလွန်သည်ဟု သံသယရှိသူများကို ဖော်ထုတ်ရာတွင် ၎င်းတို့သည် အကြမ်းဖက်ရာဇဝတ်မှုကျူးလွန်ရာတွင် ပါဝင်ပတ်သက်ခဲ့ပြီး အရေအတွက် မသိရှိရသော ရိုဟင်ဂျာများကို တရားလက်လွတ်ဖမ်းဆီးခဲ့ကြသည်ဟု စွပ်စွဲခဲ့ပါသည်။

အပိုင်း(၃) ။ ။ နိုင်ငံရေး ရပိုင်ခွင့်များကို လေးစားလိုက်နာခြင်း – နိုင်ငံသားများ၏ ရပိုင်ခွင့်ဖြစ်သော မိမိတို့အစိုးရကို ပြောင်းလဲပိုင်ခွင့်

ဖွဲ့စည်းပုံအခြေခံဥပဒေက နိုင်ငံသားများအား မိမိတို့အစိုးရကို ရွေးကောက်ပွဲမှတစ်ဆင့် ပြောင်းလဲပိုင်ခွင့်ကို ကန့်သတ်ထိန်းချုပ်ထားသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေက အမျိုးသားနှင့် တိုင်းဒေသကြီးဆိုင်ရာ လွှတ်တော်အမတ်နေရာအားလုံး၏ လေးပုံတစ်ပုံကို စစ်တပ်မှ တိုက်ရိုက်ခန့်အပ်ထားသူတို့အား ပါဝင်ခွင့်ပြုပေးသည်။ သမ္မတရာထူးနေရာတွင် စစ်ရေးအတွေ့အကြုံရှိသူဖြစ်ရမည်ဖြစ်ပြီး သမ္မတက နိုင်ငံ၏ လုံခြုံရေးအခြေအနေမတည်ငြိမ်ဟု သတ်မှတ်ပါက အစိုးရဌာနတိုင်းတွင် စစ်တပ်က ဝင်ရောက်နေရာယူနိုင်ပြီး အမျိုးသားအရေးပေါ် အခြေအနေကို ကြေညာနိုင်သည်။

ရွေးကောက်ပွဲနှင့် နိုင်ငံရေးပါဝင်ပတ်သက်မှု

များမကြာမီက ကျင်းပခဲ့သော ရွေးကောက်ပွဲများ။ ။ ဇူလိုက နိုင်ငံအတွင်း ကြားဖြတ်ရွေးကောက်ပွဲကို ကျင်းပပေးခဲ့ရာ အဆိုပါ ကြားဖြတ်ရွေးကောက်ပွဲသည် အလွန်ပင်လွတ်လပ်၍ တရားမျှတသည်ဟု အပြည်ပြည်ဆိုင်ရာလေ့လာသူများက ယူဆကြသည်။ ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်ပြီး နိုင်ငံ၏အဓိက အတိုက်အခံပါတီဖြစ်သော အင်နာ်အယ်လ်ဒီက အမတ်နေရာ ၄၅ နေရာအတွက် ဝင်ရောက်အရွေးခံရာ အမတ်နေရာ ၄၃ နေရာရရှိကာ အနိုင်ရရှိခဲ့သည်။ ၂၀၁၂ ခုနှစ်က နှစ်ပေါင်း ၂၀ အတွင်း ပထမဦးဆုံးအကြိမ် ကျင်းပခဲ့သော အမျိုးသားရွေးကောက်ပွဲသည် လွတ်လပ်၍ တရားမျှတမှုမရှိဟု အပြည်ပြည်ဆိုင်ရာ အသိုင်းအဝိုင်းက အကဲဖြတ်ကြသည်။

နိုင်ငံရေးပါတီများ။ ။ အာဏာရယူအက်စ်ဒီပီက ရွေးကောက်ပွဲနယ်ပယ်တွင် ကြီးစိုးထားသည်။ ယူအက်စ်ဒီပီအဖွဲ့အဝင်များသည် ဒေသအတော်များများတွင် အခွင့်ထူးများရရှိလေ့ရှိသည်။ လူအခွင့်အရေးလှုပ်ရှားဆောင်ရွက်သူများနှင့် တရားဝင်သတင်းအရင်းအမြစ်များအရ နိုင်ငံသားများသည် ခရီးသွားရာတွင် အမျိုးသားမှတ်ပုံတင်ကတ်များအစား ယူအက်ဒီပီအဖွဲ့ဝင်ကတ်များကို အမြန်ယာဉ်၊ ရထား၊ သင်္ဘော နှင့် လေယာဉ်လက်မှတ်များကို ဝယ်ယူရာတွင် အသုံးပြုနိုင်ကြသည်။

ဇန်နဝါရီ ၅ ရက်က အင်နာ်အယ်လ်ဒီသည် ပါတီတစ်ခုအဖြစ် မှတ်ပုံတင်ခဲ့သည်။ ဤနှစ်အတွင်း ဖွဲ့စည်းခဲ့သော ပါတီ ၁၈ ခု အပါအဝင် တက်ကြွသော နိုင်ငံရေးပါတီ ၅၉ ပါတီ ရှိခဲ့ပါသည်။

အမျိုးသမီးများနှင့် တိုင်းရင်းသားလူနည်းစုများပါဝင်ခြင်း။ ။ နိုင်ငံရေးတွင် အမျိုးသမီးများနှင့် တိုင်းရင်းသားလူနည်းစုများပါဝင်မှု တိုးပွားလာခဲ့သည်။ ၂၀၁၀ ပြည့်နှစ်မတိုင်မီက နိုင်ငံရေးခေါင်းဆောင်ပိုင်းတွင် အမျိုးသမီးများပါဝင်ခွင့်မရှိပါ။ တိုင်းရင်းသားလူနည်းစု အုပ်စုများမှ အဖွဲ့ဝင်များကိုလည်း နိုင်ငံရေးတွင် ပါဝင်ခွင့်ပြုရန် ငြင်းပယ်ခဲ့ကြသည်။ ဤနှစ်အတွင်း အစိုးရသည် ပထမဦးဆုံးသော အမျိုးသမီး ဝန်ကြီးကို ခန့်အပ်ခဲ့သည်။ တဖန်ဤနှစ်အတွင်း တိုင်းရင်းသားပြည်နယ် ငါးခုတွင် ၎င်းတို့၏ လူမျိုးစုဝင်များကို ဝန်ကြီးချုပ်များအဖြစ် ရွေးကောက်တင်မြှောက်ခဲ့ကြသည်။ ကြားဖြတ်ရွေးကောက်ပွဲအပြီး ပြည်သူ့လွှတ်တော် (အောက်လွှတ်တော်) အမတ်နေရာ ၄၄၀ တွင် အမျိုးသမီး ၂၄ ဦး၊ အမျိုးသားလွှတ်တော် (အထက်လွှတ်တော်) အမတ် ၂၂၄ နေရာတွင် အမျိုးသမီး ခြောက်ဦး၊ ပြည်နယ် ခုနစ်ခုနှင့်

တိုင်းဒေသကြီး ခုနစ်ခုဆိုင်ရာ လွှတ်တော်များတွင်းရှိအမတ် ၈၈၀ နေရာတွင် အမျိုးသမီး ၃၀ဦးရှိသည်။ စုစုပေါင်းပြည်ထောင်စုလွှတ်တော်နှင့် ပြည်နယ်/တိုင်းဒေသကြီးအဆင့် အမျိုးသမီးကိုယ်စားပြုနေရာမှာ ခန့်မှန်းခြေ ၃.၈ ရာခိုင်နှုန်းသာရှိသည်။ တိုင်းရင်းသားပါတီများမှ တိုင်းရင်းသားကိုယ်စားလှယ် ၄၄ ဦး (ယူအက်စ်ဒီပီမဟုတ်)သည် ပြည်သူ့လွှတ်တော်၌ လည်းကောင်း၊ ၂၉ ဦးသည် အမျိုးသားလွှတ်တော်၌ လည်းကောင်း အသီးသီးအရွေးခံပါဝင်ခွင့်ရကြပြီး တိုင်းဒေသကြီး လွှတ်တော် ခုနစ်ခုရှိ အမတ်နေရာ ၅၄၄ နေရာတွင် ငါးဦးနှင့် ပြည်နယ်လွှတ်တော် ခုနစ်ခုတွင်းရှိ စုစုပေါင်း အမတ်နေရာ ၃၃၈ နေရာတွင် ၉၈ ဦးရှိသည်။ အမျိုးသားနှင့် ပြည်နယ်တိုင်းဒေသကြီး ဆိုင်ရာ အဆင့်ဆင့်တွင် တိုင်းရင်းသားပါတီများမှ တိုင်းရင်းသားလွှတ်တော် ကိုယ်စားလှယ် ပမာဏမှာ ခန့်မှန်းခြေ ၁၁ ရာခိုင်နှုန်းရှိသည်။

အပိုင်း(၄) ။ ။အရာရှိများ၏ အဂတိလိုက်စားမှုများနှင့် အစိုးရတွင် ပွင့်လင်းမြင်သာမှုမရှိခြင်း

အစိုးရအရာရှိများ အဂတိလိုက်စားမှုကျူးလွန်ခြင်းအတွက် ရာဇဝတ်ပြစ်ဒဏ်များကို ဥပဒေက သတ်မှတ်ပေးထားခဲ့သော်လည်း အစိုးရက အဂတိလိုက်စားခြင်းများကို ကိုင်တွယ်ဆောင်ရွက်ခြင်း အလွန်ရှားပါးပြီး အစိုးရအရာရှိများသည် အဂတိလိုက်စားသော်လည်း အရေးယူခံရလေ့မရှိပေ။ ရှုပ်ထွေးပြီး တသမတ်တည်း မရှိသော စီမံအုပ်ချုပ်ပုံစံနှစ်များသည် အဂတိလိုက်စားမှုများအတွက် ရေခံမြေခံ ကောင်းများပင်ဖြစ်သည်။ အလွန်အမင်း အဂတိလိုက်စား၍ အစိုးရအတွက် မျက်နှာပျက်အရှက်ရစရာဖြစ်စေသော အရာရှိများကို ကိုင်တွယ်ရမှသာ အာဏာပိုင်များက အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေများကို အကောင်အထည်ဖော်ဆောင်ရွက်လေ့ရှိသည်။ လျှပ်စစ်စွမ်းအင်ဝန်ကြီးဟောင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဟောင်းတို့၏ ရာထူးမှ နုတ်ထွက်ခြင်းသည် အဂတိလိုက်စားမှုများကြောင့် ချက်ခြင်း အရေးယူခံခဲ့ကြရသည်ဟု ကျယ်ပြန့်စွာ ယုံကြည်ခဲ့ကြသည်။ နိုင်ငံတစ်ဝန်းရှိ ရှေ့နေများက တရားစီရင်ရေး မဏ္ဍိုင်အဆင့်ဆင့်တွင် အဂတိလိုက်စားမှုများ ပျံ့နှံ့နေပြီး ရဲများ၏အကျင့်ပျက်လာဘ်စားမှုမှာလည်း စိုးရိမ်စရာပြဿနာဖြစ်နေသည်ဟု တိုင်တန်းကြသည်။

ဒီဇင်ဘာ ၂၀ ရက်က အစိုးရသည် အဂတိတိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂသဘောတူညီချက်တွင် လက်မှတ်ရေးထိုးခဲ့သည်။ အောက်တိုဘာ အစောပိုင်းက ကုလသမဂ္ဂ၏ အဖွဲ့အစည်းနှစ်ခုသည် အဂတိတိုက်ဖျက်ခြင်းဆိုင်ရာ ဥပဒေများရေးဆွဲခြင်းကိစ္စတွင် ပညာရပ်ဆိုင်ရာ အကူအညီပေးခဲ့သည်။ ထို့အပြင် ယင်းဥပဒေကို ဤနှစ်ကုန်ကာလတွင် ပါလီမန်လွှတ်တော်သို့ ရောက်ရှိခဲ့သည်။ အစိုးရသည် အလုပ်ကြိုးစားသည့် အရည်အသွေးများကို ပွင့်လင်းမြင်သာစွာ ထုတ်ယူသော စီမံကိန်းကို ဆက်သွယ်သော ဖြစ်စဉ်အား စတင်ခဲ့သည်။ ထို့ပြင် အပြည်ပြည်ဆိုင်ရာလေ့လာသူများသည် မြန်မာနိုင်ငံတွင် လည်ပတ်ခဲ့ပြီး စီမံကိန်းကို လိုက်နာဖို့ လမ်းညွှန်ချက်ကို ဖြည့်ဆည်းပေးခဲ့ပါသည်။ ပြည်သူ့ဝန်ထမ်းအရာရှိများအတွက် ငွေကြေးပိုင်ဆိုင်မှုကြေညာရသော ဥပဒေသက်ရောက်မှုမရှိပေ။ တရားဝင်စာရွက်စာတမ်းများကို စစ်ဆေးဖတ်ရှုခွင့်မပြုသကဲ့သို့ ယင်းသို့ ပြုလုပ်ရန် ခွင့်ပြုသည့် ဥပဒေမရှိပေ။ စီးပွားရေးကိန်းဂဏန်းများမှအစ အစိုးရကိန်းဂဏန်းအများစုကို သီးခြားကန့်သတ်ထားခြင်း သို့မဟုတ် တင်းတင်းကြပ်ကြပ် ထိန်းချုပ်ထားခြင်းမျိုးရှိသည်။ သို့သော် အစိုးရ၏မူဝါဒချမှတ်သော လုပ်ငန်းစဉ်များသည် ယခင်ကထက် ပိုမိုပွင့်လင်းမြင်သာမှုရှိလာသည်။ ထို့အပြင် အချို့သောအစိုးရရုံးများသည် အများပြည်သူအတွက် ဝက်ဘ်ဆိုက်ကို တည်ထောင်၍ သတင်း၊ မိန့်ခွန်းနှင့် အခြားသောအချက်အလက်များကို ဖော်ပြထားပါသည်။ အစိုးရသည် မူဝါဒအသစ်များကို ထုတ်ဝေဖြန့်ချိ၍ ရှင်းလင်းတင်ပြရန်ကြိုးပမ်းခဲ့သည်။ အစိုးရသတင်းဌာနများသည် တရားဥပဒေပြုခြင်းဆိုင်ရာတို့ကို တင်ပြသော အချိန်၊ မူကြမ်းရေးဆွဲ ချက်များ၊ အဆိုပြုခဲ့သော ပြင်ဆင်မှုများနှင့် အပြန်အလှန်ဆွေးနွေးပွဲများကို အစီရင်ခံခဲ့ပါသည်။

အပိုင်း(၅) ။ ။ လူ့အခွင့်အရေးဖောက်ဖျက်ကျူးလွန်မှု စွပ်စွဲချက်များကို နိုင်ငံတကာနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများက စုံစမ်းစစ်ဆေးခြင်းအပေါ်အစိုးရ၏ သဘောထား

အစိုးရသည် ပြည်တွင်း လူ့အခွင့်အရေးအဖွဲ့အစည်းများကို လွတ်လပ်စွာဆောင်ရွက်ခွင့်မပြုပေ။ သို့သော် ဒေသခံ လူ့အခွင့်အရေး ဆိုင်ရာ အင်နဂျီအိုများ၏ အစီရင်ခံမှုအရ ၂၀၁၀ ရွေးကောက်ပွဲမတိုင်ခင်က အဖွဲ့အစည်းအများစု မှတ်ပုံတင်ခြင်းမရရှိခြင်း၊ ဥပဒေနှင့် ညီညွတ်ခြင်းမရှိသော အသင်းအပင်းဖွဲ့စည်းမှုအတွက် အဖွဲ့ဝင်များအား ထောင်ချခြင်းစသော ဖိအားပေးနှောက်ယှက်မှုများမှာ သိသိသာသာ

လျှောနည်းလာခဲ့သည်ဟု သိရသည်။ မှတ်ပုံတင်ထားသော လူအခွင့်အရေးဆိုင်ရာ ပြည်တွင်း အင်နာဂျီအိုဟူ၍ မရှိပေ။ အချို့သော ပြည်တွင်း အင်နာဂျီအိုများ၏ အစီရင်ခံမှုအရ ပြည်ထဲရေးဝန်ကြီးဌာနတွင် မှတ်ပုံတင်ရန်လျှောက်ထားသော်လည်း သူတို့၏ လျှောက်လွှာများမှာ အချိန်အကန့်အသတ်မရှိ ကြန့်ကြာနေခဲ့သည်ဟု သိရသည်။ မှတ်ပုံတင်ခြင်းမရှိသော လူအခွင့်အရေးဆိုင်ရာ အဖွဲ့အစည်းများကို အစိုးရနှင့် သတင်းတပ်ဖွဲ့က ဆက်လက်စောင့်ကြည့်စစ်ဆေးမှုပြုသော်လည်း ဖိအားပေးနှောင့်ယှက်မှုများ ယခင်ကထက် နည်းပါးလာသည်ဟု အစီရင်ခံမှုအရ သိရသည်။

နိုင်ငံတကာ အင်နာဂျီအိုဖြစ်သော လူအခွင့်အရေး စောင့်ကြည့်လေ့လာရေးအဖွဲ့မှ ကိုယ်စားလှယ်များအပါအဝင် ပြည်တွင်းသို့ ဝင်ရောက်ခွင့်ကို ရေရှည်တားမြစ်ခြင်းခံထားရသော လူအခွင့်အရေးဆိုင်ရာ လှုပ်ရှားဆောင်ရွက်သူများနှင့် ထောက်ခံအားပေးသူများ ဗီဇာရရှိကြသည်။ အစိုးရက နိုင်ငံခြားသားများ၏ သွားလာလှုပ်ရှားမှုကို စောင့်ကြည့်ခြင်း၊ နိုင်ငံခြားသားများနှင့် အဆက်အဆံ ပြုလုပ်သော နိုင်ငံသားများအား စစ်ဆေးမေးမြန်းခြင်းကို ဆက်လက်ပြုလုပ်နေသည်။

ကုလသမဂ္ဂနှင့် အခြားသော နိုင်ငံတကာအဖွဲ့အစည်းများ။ ။ ဇူလိုင် ၃၀ မှ သြဂုတ် ၄ ရက် ခရီးစဉ်အပြီးတွင် ကုလသမဂ္ဂလူအခွင့် အရေးဆိုင်ရာ အထူးအစီရင်ခံ သံတမန် သောမတ်စ်ကင်တားနားက တိုးပွားလာသော အရပ်ဘက်အဖွဲ့အစည်းတွေ့ဆုံမှု၊ နိုင်ငံရေးပါတီများနှင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွင် ပါဝင်ကြသော အကြီးအကဲပုဂ္ဂိုလ်များကို ချီးကျူးခဲ့သည်။ လူအခွင့်အရေးဆိုင်ရာ ပြဿနာများအပေါ် ဆွေးနွေးရန်အလွန်လိုလားမှုပြသခြင်း၊ တရားဥပဒေစိုးမိုးမှုအားကောင်းလာစေရန် ကြိုးပမ်းမှုနှင့် ပတ်သက်၍လည်း ချီးကျူးပါသည်။ သို့သော် ရခိုင်ပြည်နယ်၌ မတည်မငြိမ်ဖြစ်နေမှု၊ အဆိုပါ မတည်ငြိမ်မှုကြောင့် ကုလသမဂ္ဂဝန်ထမ်းများကို ထိန်းသိမ်းထားမှု၊ ယင်းပြည်နယ်၌ ဆက်လက်၍ ဖြစ်ပွားနေသော ပဋိပက္ခနှင့် နိုင်ငံရေးအကျဉ်းသားများကို ဆက်လက်ဖမ်းဆီးထိန်းသိမ်းနေမှုတို့ကြောင့် စိုးရိမ်မကင်းဖြစ်ရ သည်ဟု ကင်တားနားက ပြောဆိုခဲ့သည်။ ကုလသမဂ္ဂ၏ အထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးပုဂ္ဂိုလ် ဗီဗျေနမ်ဘီးယားသည် ဇူလိုင်တွင် ရခိုင်ပြည်နယ်သို့သွားရောက်ခဲ့သည်။ ထို့ပြင် ဇွန်အစောပိုင်း မတည်မငြိမ်ဖြစ်ပွားခြင်းကို အစိုးရ၏ ကနဦး တုံ့ပြန်ဆောင်ရွက်မှုသည် မြန်ဆန်ထိရောက်မှုရှိသည်ဟု အကဲဖြတ်သည်။ မြန်မာနိုင်ငံရှိ ပြည်သူများ၏ ပြန်လည်ပြုပြင်ရေးလုပ်ငန်းများ၊ အမျိုးသား ပြန်လည်သင့်မြတ်ရေး ကြိုးပမ်းမှုနှင့် မြန်မာနိုင်ငံအား ကုလသမဂ္ဂ၏ ကူညီထောက်ပံ့မှုကို ထပ်မံ၍ ပေးသွားမည်ဖြစ်ကြောင်း ကတိကဝတ်ပြုခဲ့သည်။

အစိုးရသည် နိုင်ငံခြားသတင်းစာဆရာများ၊ အင်နာဂျီအိုဝန်ထမ်းများ၊ ကုလသမဂ္ဂဝန်ထမ်းများနှင့် သံတမန်များ၏ မြန်မာပြည်တွင်း ခရီးသွားလာခွင့်ကို ဆက်လက်ကန့်သတ်ခဲ့သည်။ သို့သော် ဒေသအတော်များများအတွင်းသို့ သွားလာခွင့်ပြုခဲ့သည်။ အစိုးရအနေဖြင့် အမျိုးသား လိုအပ်ချက်နှင့် ချို့တဲ့မှုများရှိနေခြင်းကို ပိုမိုအသိအမှတ်ပြုလက်ခံခဲ့ပြီး တွေ့ဆုံဆွေးနွေးဖို့ စိတ်အားထက်သန်မှုတိုးပွားလာကြောင်းကို အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှု အင်နာဂျီအိုများနှင့် ကုလသမဂ္ဂအေဂျင်စီများ၏ အစီရင်ခံမှုအရ သိရသည်။

အစိုးရလူအခွင့်အရေးဆိုင်ရာ အဖွဲ့အစည်းများ။ ။ အစိုးရသည် မြန်မာအမျိုးသားလူအခွင့်အရေးကော်မရှင်ကို ၂၀၁၁ ခုနှစ် စက်တင်ဘာတွင် ဖွဲ့စည်းခဲ့သည်။ ကော်မရှင်သည် ကုလသမဂ္ဂလမ်းညွှန်ချက်များနှင့်အညီ လွတ်လပ်သော အမျိုးသားလူအခွင့်အရေး ကော်မရှင်တစ်ရပ်ဖြစ်စေရန် ရည်ရွယ်သည့်အပြင် လူအခွင့်အရေးဆိုင်ရာ ပဲရစ်စည်းမျဉ်းစည်းကမ်းများကို လိုက်နာကျင့်သုံးမည့် နိုင်ငံအဖြစ် တဖြည်းဖြည်းဖော်ဆောင်သွားရန် ရည်မှန်းထားကြောင်းကို ကော်မရှင်အဖွဲ့ဝင်များထံမှ သိရသည်။ ၂၀၁၁ ခုနှစ် အောက်တိုဘာတွင် လူအခွင့်အရေးဆိုင်ရာ ချိုးဖောက်မှုများကို ကော်မရှင်တွင် အမှုဖွင့်တိုင်တန်းနိုင်မည့် နိုင်ငံသားများအတွက် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်ကြေညာခဲ့သည်။ တိုင်တန်းမှုပေါင်း ရာဂဏန်းခန့်ကို ကော်မရှင်က လက်ခံခဲ့ပြီး ပြဿနာအများစုသည် မြေယာပိုင်ဆိုင်မှုနှင့် မြေယာသိမ်းမှုကိစ္စရပ်များဖြစ်သည်။ ကော်မရှင်၏ အများယုံကြည်လက်ခံနိုင်လောက်သည့် လွတ်လပ်သော လုပ်ထုံးလုပ်နည်းများကို မမြင်တွေ့ရသေးပေ။ ကော်မရှင်သည် အရှေ့တောင်အာရှ အမျိုးသား လူအခွင့်အရေးအဖွဲ့ ဖိုရမ်တွင် စက်တင်ဘာအတွင်းပါဝင်ခဲ့သည်။ နိုဝင်ဘာတွင် ကော်မရှင်အဖွဲ့သည် အာရှပစိဖိတ်ဖိုရမ်တွင် ဧည့်သည် အဖွဲ့ဝင်ဖြစ်လာခဲ့သည်။ အဖွဲ့ဝင်များသည် ယူနီဆက်ဖ်အကူအညီရယူကာ အိမ်နီးချင်းနိုင်ငံများရှိ ဒေသဆိုင်ရာ လူအခွင့်အရေး ကော်မရှင်များကို လေ့လာအကဲဖြတ်ရန် သွားရောက်ခဲ့သည်။ နိုင်ငံရေး

အကျဉ်းသားများကို လွှတ်ပေးဖို့တောင်းဆိုထုတ်ပြန်ခြင်း၊ ပြည်တွင်း၌ ခရီးထွက်ခဲ့ပြီး အကျဉ်းထောင်များအခြေအနေကို လေ့လာမှုပြုခြင်း၊ ဥပမာအားဖြင့် ကချင်ပြည်နယ်ရှိ အကျဉ်းထောင်တစ်ခုသို့ သွားရောက် လေ့လာစစ်ဆေးခဲ့ခြင်း၊ ပြီးနောက် အကျဉ်းထောင်အတွင်း အကျဉ်းသားများ ပြည့်ကြပ်နေသော အခြေအနေနှင့် မြေမြှုပ်မိုင်းဆိုင်ရာ အန္တရာယ် ပညာပေးရေးကို ဖော်ထုတ်တောင်းဆိုခြင်း စသည်တို့ကို ဆောင်ရွက်ခဲ့ပါသည်။

အခန်း(၆)။ ။ ခွဲခြားဆက်ဆံခြင်း၊ လူထုအစိတ်အပိုင်းတစ်ရပ်လုံးအပေါ် ကျူးလွန်ချိုးဖောက်ခြင်းနှင့် လူကုန်ကူးခြင်းများ

ဖွဲ့စည်းပုံအခြေခံဥပဒေရှိ အခန်း(၈)တွင် လူမျိုးကြီး၊ မျိုးနွယ်စု၊ ယုံကြည်ကိုးကွယ်မှု၊ ရာထူးအဆင့်အတန်း၊ ဘဝအခြေအနေ အဆင့်၊ ယဉ်ကျေးမှု၊ ကျား/မ နှင့် ဆင်းရဲချမ်းသာအပေါ်မူတည်၍ ခွဲခြားဆက်ဆံခြင်းကို တားမြစ်ထားပါသည်။ သို့သော် အစိုးရသည် ခွဲခြားဆက်ဆံခြင်းကို တားမြစ်သော ဥပဒေများကို ထိရောက်စွာ အသုံးမချခဲ့ပါ။

အမျိုးသမီးများ

အဓမ္မပြုကျင့်ခြင်းနှင့် အိမ်ထောင်ရေးအကြမ်းဖက်မှု။ ။ အဓမ္မပြုခြင်းသည် ဥပဒေချိုးဖောက်မှုဖြစ်သော်လည်းအစိုးရက ဥပဒေကို ထိထိရောက်ရောက် ကျင့်သုံးဆောင်ရွက်ခြင်း မရှိပါ။ ဇနီးဖြစ်သူသည် အသက် ၁၄ နှစ်ထက် ကျော်လွန်သူဖြစ်ပါက ခင်ပွန်း၏ အဓမ္မပြုကျင့်ခြင်းသည် ပြစ်မှုကျူးလွန်ရာမရောက်ပါ။

အစိုးရသည် အဓမ္မပြုကျင့်မှုနှင့်ပတ်သက်သည့် တရားစွဲဆိုမှုများနှင့် ပြစ်ဒဏ်ချမှတ်မှုများ၏ အရေအတွက်ကို ထုတ်ပြန်ပေးခြင်း မရှိပါ။ ရဲတပ်ဖွဲ့သည် လာရောက်တိုင်ကြားသော အဓမ္မပြုကျင့်မှုများကိုသာ အမှုဖွင့်ပြီး စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လေ့ရှိသည်။ သို့ရာတွင် တိုင်းရင်းသားလူမျိုးစုဒေသများတွင် အစိုးရစစ်သားများကျူးလွန်သော အဓမ္မပြုကျင့်မှုများကို စစ်တပ်က အရေးယူဆောင်ရွက်ခြင်းမျိုး အလွန်ရှားပါးသည်။ (အခန်း(ဆ)ကြည့်)

လင်မယားချင်းကျူးလွန်စော်ကားခြင်းအပါအဝင် အမျိုးသမီးများအပေါ် အိမ်ထောင်ရေးအကြမ်းဖက်ခြင်းသည် ပြဿနာတစ်ရပ်အဖြစ် ရှိနေဆဲဖြစ်သည်။ ကျော်ကြားသော အပြည်ပြည်ဆိုင်ရာ အင်နာ်ဂျီအိုတစ်ဖွဲ့၏ မှတ်ချက်အရ မိသားစုအတွင်း ကျူးလွန်စော်ကားခြင်းများ ရှိနေပြီး ယင်းလုပ်ရပ်များကို လူမှုရေးအရ လက်ခံနိုင်သည်ဟု ထင်မှတ်ယူဆကြသည်ဟု သိရသည်။ လင်မယားချင်း ကျူးလွန်စော်ကားခြင်း သို့မဟုတ် အိမ်ထောင်ရေးအကြမ်းဖက်မှုများနှင့် ပတ်သက်ပြီး အစိုးရက စာရင်းကိန်းဂဏန်းများ ထိန်းသိမ်းထားခြင်းမရှိသည့်အတွက် ၎င်းတို့ကို ခန့်မှန်းရန်ခက်သည်။ အိမ်ထောင်ရေး အကြမ်းဖက်မှုနှင့် လင်မယားချင်း ကျူးလွန်မှု (အဓမ္မပြုကျင့်မှုအပါအဝင်)များအတွက် သီးသန့်ပြဋ္ဌာန်းထားသော ဥပဒေမရှိသော်လည်း တစ်ဖက်သားကို ခန္ဓာကိုယ်ပိုင်းဆိုင်ရာ ထိခိုက်နာကျင်စေမှုနှင့် ပတ်သက်သော ဥပဒေများ ရှိသည်။ ထိုအမှုများနှင့်ပတ်သက်ပြီး ထောင်ဒဏ်တစ်နှစ်မှ တစ်သက်တစ်ကျွန်းအထိ ချမှတ်နိုင်သလို ငွေဒဏ်လည်း ထပ်မံချမှတ်နိုင်သည်။

လိင်ပိုင်းဆိုင်ရာကျူးလွန်စော်ကားခြင်း။ ။ လိင်ပိုင်းဆိုင်ရာကျူးလွန်စော်ကားခြင်းများသည် ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်မှုမြောက်ပြီး ဒဏ်ငွေ သို့မဟုတ် ထောင်ဒဏ် တစ်နှစ်အထိ ချမှတ်နိုင်သည်။ သို့ရာတွင် ထိုသို့သော အမှုများကို တိုင်ကြားလေ့မရှိသဖြင့် ထိုကျူးလွန်မှုများ မည်မျှအထိ ပြန့်ပွားနေသည်ကို သိရှိနိုင်ခြင်းမရှိပေ။

မျိုးဆက်ပွားမှုဆိုင်ရာ ရွေးချယ်ဆုံးဖြတ်ပိုင်ခွင့်။ ။ စုံတွဲများနှင့် လူတစ်ဦးချင်းစီသည် ကလေးဘယ်နှဦး ယူမည်၊ အချိန်မည်မျှခြားမည်၊ မည်သည့်အချိန်တွင် မွေးမည်ကို လွတ်လပ်စွာဆုံးဖြတ်ရွေးချယ်ပိုင်ခွင့်ရှိသည်။ အစိုးရတွင် ကလေးများများ မွေးဖွားခြင်းကို လိုလားသော ပေါ်လစီရှိသော်လည်း သားဆက်ခြားခြင်းဟူသော ခေါင်းစဉ်အောက်မှနေ၍ အစိုးရနှင့် ပုဂ္ဂလိက ဆေးခန်းများအား ပဋိသန္ဓေတားဆေးများနှင့် ကိရိယာများကို ပေးခွင့်ပြုထားသည်။ မျိုးဆက်ခြားခြင်းနှင့်ပတ်သက်သည့် ဝန်ဆောင်မှုဆိုင်ရာ လိုအပ်ချက်များမှာလည်း ပြည့်မီခြင်းမရှိပေ။

အဓိက အဟန့်အတားမှာ ထိုဝန်ဆောင်မှုများ၏ စရိတ်စကနှင့် ဝန်ဆောင်မှုများကို လက်လှမ်းမီနိုင်စွမ်းတို့ပင်ဖြစ်သည်။ မျိုးဆက်ပွား ကျန်းမာရေး ဝန်ဆောင်မှုများနှင့် သန္ဓေတားပစ္စည်းများမှာ ပုဂ္ဂလိကဆေးခန်းများတွင်သာ အကန့်အသတ်နှင့်ရနိုင်သည်။ ပဋိသန္ဓေတား ပစ္စည်းများဖြန့်ချိခြင်းကို ကျန်းမာရေးအာဏာပိုင်များက တင်းကြပ်စွာထိန်းချုပ်သည်။ ၂၀၁၀ ပြည့်နှစ်တွင် ၃၈ ရာခိုင်နှုန်းရှိသော အသက် ၁၅ နှစ်မှ ၄၉ နှစ်အတွင်းရှိ အမျိုးသမီးများသည် ခေတ်မီးနည်းဖြင့် ပဋိသန္ဓေတားပစ္စည်းများကို သုံးစွဲခဲ့ကြသည်ဟု ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့က ၂၀၁၂ ခုနှစ် ကမ္ဘာလူဦးရေ အစီရင်ခံဖော်ပြချက်တွင် ဖော်ပြခဲ့ပါသည်။ ကျေးလက်ကျန်းမာရေးဝန်ထမ်းများသည် ကွန်ဒုံးအသုံးပြုရေးကိုသာ အကြံပေးပိုင်ခွင့်ရှိသည်။ အခြားထိုးဆေးနှင့် တားဆေးများ အသုံးပြုလိုပါက ကျေးလက်သားဖွားသူနာပြု တစ်ဦးဦးထံတွင် ပြသဖို့လိုအပ်သည်။ သို့ရာတွင် သားဖွားသူနာပြုဦးရေ ရှားပါးလွန်းခြင်းကြောင့် ထိုဝန်ဆောင်မှုများကို လက်လှမ်းမီမှုနှင့် ပုံမှန်ရရှိနိုင်မှုတို့တွင် အကန့်အသတ်များစွာရှိနေခဲ့သည်။ ကုလသမဂ္ဂ၏ လူဦးရေရန်ပုံငွေအဖွဲ့ (ယူအင်အန်အက်ဖ်ပီအေ)၏ ၂၀၁၀ ပြည့်နှစ် အချက်အလက်များအရ မီးဖွားစဉ် မိခင်သေဆုံးမှုနှုန်းမှာ ၁၀၀,၀၀၀ ဦး မွေးဖွားလျှင် ၂၀၀ ဦးရှိကြောင်း ခန့်မှန်းခဲ့ကြသည်။ နိုင်ငံတကာအဖွဲ့အစည်းများကမူ ထိုကိန်းဂဏန်းအရေအတွက်မှာ ရမ်းဆချက်သာဖြစ်ကြောင်း သတိပေးပြောကြားခဲ့ကြပြီး အစိုးရအနေဖြင့် ၁၉၈၃ ခုနှစ်ကတည်းက သန်းကောင်စာရင်းကောက်ယူမှုမရှိကြောင်း သိရသည်။ ကလေးမီးဖွားစဉ်မိခင်သေဆုံးရသည့် အဓိကအချက်များမှာ ဆင်းရဲနွမ်းပါးခြင်း၊ လင်ပိုင်းဆိုင်ရာနှင့် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုနှင့် မိခင်နှင့်ကလေး ကျန်းမာရေးဝန်ဆောင်မှုများကို အကန့်အသတ်နှင့်သာ ရရှိခြင်း၊ အဆိုပါကိစ္စနှင့်ပတ်သက်၍ အသိုင်းအဝိုင်းအတွင်း သတင်းအချက်အလက်ရရှိမှုနှင့် အသိဉာဏ်နည်းခြင်း၊ နေအိမ်တွင် မွေးဖွားမှု အရေအတွက် မြင့်မားခြင်းနှင့် ကျွမ်းကျင်သော မီးဖွားပေးသူ သူနာပြုများ၏ အရည်အချင်းချို့တဲ့ခြင်းတို့ကြောင့် ဖြစ်သည်။

ခွဲခြားဆက်ဆံခြင်း ။ ။ ပစ္စည်းပိုင်ဆိုင်ခွင့်နှင့် အမွေဆက်ခံခွင့်များ အပါအဝင် ဥပဒေဆိုင်ရာ အခွင့်အရေးများကို အမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူခံစားခွင့်ရှိသည်။ သို့သော်အစိုးရက ထိုဥပဒေများကို အာဏာသက်ဝင်အောင် ဆောင်ရွက်ပေးခြင်း ရှိမရှိ မသေချာပေ။ အမျိုးသမီးများသည် အစဉ်အလာအားဖြင့် အမျိုးသားများသာ လုပ်ကိုင်သောအလုပ်များ (ဥပမာ– သတ္တုတူးဖော်ခြင်း၊ သစ်တော၊ လက်သမားလုပ်ငန်း၊ ပန်းရံ၊ ရေလုပ်ငန်း) စသည်များတွင် ဝင်ရောက်လုပ်ကိုင်မှု နည်းပါးသည်။ ထို့ပြင် စစ်ဘက်ဆိုင်ရာ အရာရှိရာထူးများကဲ့သို့ အချို့သော ပညာရပ်နယ်ပယ်များတွင်လည်း ဝင်ရောက်လုပ်ကိုင်ခွင့်မရှိစေရန် ကန့်သတ်ခံထားရလေ့ရှိသည်။ ဆင်းရဲမွဲတေမှုသည် ကျား/မ အချိုးမညီဘဲ အမျိုးသမီးများအပေါ်ပိုမိုသက်ရောက်သည်။

ကလေးသူငယ်များ

မွေးစာရင်းသွင်းခြင်း ။ ။ မြန်မာနိုင်ငံသားဥပဒေအရ နိုင်ငံသားဖြစ်မှုသည် မိဘနှစ်ပါးထံမှ ဆင်းသက်သည့် မိဘနှစ်ပါးလုံးသည် နိုင်ငံ၏ နိုင်ငံသားဖြစ်ရန်လိုသည်။ ထို့ပြင် ထိုမိဘနှစ်ပါးလုံးသည် တရားဝင်အသိအမှတ်ပြုထားသော တိုင်းရင်းသားလူမျိုး ၁၃၅ စုထဲရှိ တစ်ခုခုမှ ဆင်းသက်လာသူများဖြစ်ရမည်။ ရန်ကုန်နှင့် မန္တလေးတို့ကဲ့သို့သော မြို့ကြီးများတွင် မြန်မာလူမျိုးအများစုအတွက် မွေးစာရင်းမှတ်ပုံတင်လျှောက်ထားရာတွင် အလွယ်တကူဆောင်ရွက်နိုင်သည်။ မြို့ကြီးများတွင် အခြေခံပြည်သူ့ဝန်ဆောင်မှုများကို ရရှိရန်နှင့် နိုင်ငံသား အသိအမှတ်ပြု ကတ်ပြားများလျှောက်ထားရန်အတွက် မွေးစာရင်းမှတ်ပုံတင်ခြင်း ပြုလုပ်ရမည်ဖြစ်သည်။ မြို့နယ်များနှင့် ကျေးလက်ဒေသများတွင်မူ မွေးစာရင်းမှတ်ပုံတင်ခြင်းမှာ လေးနက်မှုမရှိခြင်း သို့မဟုတ် လုံးဝမရှိခြင်းမျိုးရှိသည်။ ဝေးလံခေါင်ဖျားသော ဒေသများတွင် ပြည်သူ့ဝန်ဆောင်မှုရရှိရန် ခက်ခဲရှုပ်ထွေးခြင်းမှာ မွေးစာရင်းမှတ်ပုံတင်ထားခြင်း မရှိသောကြောင့် ဖြစ်သော်လည်း များသောအားဖြင့် ယင်းဝန်ဆောင်မှုများမရှိသောကြောင့်လည်းဖြစ်သည်။ ရိုဟင်ဂျာများအတွက် မွေးစာရင်းရရှိရေးမှာမူ သိသာထင်ရှားသော ပြဿနာတစ်ခုဖြစ်သည်။ (အပိုင်း–၂ (ဃ)တွင် ကြည့်ရန်)

ပညာရေး ။ ။ ဥပဒေက စတုတ္ထတန်း (အသက် ၁၀ နှစ်ခန့်) အထိ ကလေးအားလုံး အခမဲ့ မသင်မနေရပညာရေးစနစ်ကို ရရှိစေရမည်ဟု ဆိုသည်။ သို့ရာတွင် အစိုးရသည် ပြည်သူ့ပညာရေးအတွက် ရန်ပုံငွေနှင့် အရင်းအမြစ်များကို အလွန်နည်းပါးစွာ ခွဲဝေသတ်မှတ်ပေးထားပြီး ကျောင်းများသည် တရားဝင်မဟုတ်သော ငွေကြေးများ ပုံမှန်ကောက်ခံခဲ့သည်။ စီးပွားရေးအကြပ်အတည်းကြောင့် ကလေးများ ကျောင်းတက် ရောက်မှုနှုန်းမှာ အလွန်နည်းပါးသည်။ ယခင်နှစ်များနှင့် မတူသည်မှာ အဆိုပါ ငွေကြေးကောက်ခံခြင်းများသည် လျော့နည်းလာပြီး ကောက်ခံခွင့်အာဏာမှာလည်း နည်းသွားသည်ဟု ရန်ကုန်မြို့ရှိ အချို့သော ကလေးအခွင့်အရေးဆိုင်ရာ တက်ကြွလှုပ်ရှားသူများက မှတ်ချက်ပေးသည်။

ကလေးသူငယ်များကို စော်ကားကျူးလွန်ခြင်း။ ။ ကလေးငယ်များကို မဖွယ်မရာဆက်ဆံမှုနှင့်ပတ်သက်၍ တားဆီးပိတ်ပင်ထားသော ဥပဒေများရှိသော်လည်း ပြည့်မီခြင်း သို့မဟုတ် အာဏာသက်ဝင်ခြင်းတို့တွင် အားနည်းသည်။ အစိုးရသည် ယူနီဆက်ဖ်နှင့် ပူးပေါင်း၍ ကလေးငယ်များအား မဖွယ်မရာဆက်ဆံခြင်း၊ ရောင်းစားခြင်းနှင့် ကလေးငယ်များကို အသုံးချ၍ အခြားအမြတ်ထုတ်ခြင်းများအား အကာအကွယ်ပေးသော သတ်မှတ်ပြဋ္ဌာန်းချက်များပါဝင်သည့် ၁၉၉၃ ခုနှစ် ကလေးသူငယ်ဆိုင်ရာ ဥပဒေကို အားကောင်းအောင်ဆောင်ရွက်ခဲ့သည်။ ဥပဒေကို ဖောက်ဖျက်ကျူးလွန်သူတို့အား ထောင်ဒဏ် နှစ်နှစ်အထိ သို့မဟုတ် ငွေဒဏ်ကျပ် ၁၀,၀၀၀ (၁၂ ဒေါ်လာ) အထိ ချမှတ်နိုင်သည်။ ကလေးများ အထူးသဖြင့် မိန်းကလေးများ အိမ်ဖော်အဖြစ် ငှားရမ်းခံရပြီး စော်ကားကျူးလွန်ခြင်း မကြာခဏ ခံကြရသည်ဟု ထင်ရှားသော နိုင်ငံတကာအင်နာ်ဂျီအို တစ်ခုက အစီရင်ခံခဲ့သည်။ အင်နာ်ဂျီအိုက အမှုတစ်ခုကို ကိုးကားဖော်ပြခဲ့ရာ ယင်းအမှုတွင် သရုပ်ဆောင်မင်းသမီးတစ်ဦးက ၎င်း၏ ၁၈ နှစ်အရွယ် အိမ်ဖော်မလေးတစ်ဦးကို ပြင်းထန်စွာကျူးလွန်စော်ကားခဲ့သဖြင့် ထိုမိန်းကလေးမှာ သေဆုံးသွားခဲ့ရပြီး သရုပ်ဆောင်မင်းသမီးမှာလည်း လူသတ်မှုဖြင့် ဖမ်းဆီးထိန်းသိမ်းခြင်းခံရသည်။ ဤအမှုသည် ပြဿနာ၏ အချက်အလက်ကို ထုတ်ဖော်ပြသရန် အကူအညီပေးခဲ့သည်။ သို့မဟုတ်ပါက လမ်းစပျောက်နေမည်ဖြစ်သည်။ ကလေးသူငယ်များကို အခြားသောပုံစံဖြင့် ကျူးလွန်စော်ကားမှုများကိုလည်း အစီရင်ခံစာအရ သိရသည်။ သြဂုတ် ၁၆ ရက်က ပြည်မြို့ရှိ ဒေသဆိုင်ရာ အာဏာပိုင်များသည် အသက် ၂ နှစ်မှ ၁၆ နှစ်အရွယ်ရှိ မိဘမဲ့နှင့် လမ်းပေါ်ရှိ လေလွင့်ကလေးဦးရေ ၃၈ ဦးကို ဝေးလံသော တောထူထပ်သည့် ဒေသအတွင်းသို့ ၎င်းတို့ကို စွန့်ပစ်ရန် ရည်ရွယ်ချက်ဖြင့် ပို့ဆောင်ပေးခဲ့သည်ဟု အစီရင်ခံစာအရသိရသည်။ လူ့အခွင့်အရေးဆိုင်ရာအုပ်စုများနှင့် ဒေသခံတက်ကြွလှုပ်ရှားသူများက အာဏာပိုင်များကို မကျေနပ်ကြောင်း ပြောဆိုခဲ့ကြပြီး ကလေးများကို ဘုန်းကြီးကျောင်းတစ်ကျောင်းသို့ ပြန်ပို့ပေးခဲ့သည်။ လူ့အခွင့်အရေး ဆိုင်ရာ အုပ်စုတစ်စုက အသက် ၁၃ နှစ်အောက်အရွယ်ရှိ ကလေးများကို အတင်းအကြပ်ခိုင်းစေမှု ဆိုင်ရာ အမှုပေါင်း ၂၁ မှုကို မှတ်တမ်းတင် ထားခဲ့သည်။ (အပိုင်း–၇ (၇)တွင် ကြည့်ရန်)

ကလေးများလက်ထပ်ခြင်း။ ။ အသက် ၁၈ နှစ်ပြည့်ပြီးသူများသာ လက်ထပ်ရမည်ဟု ဥပဒေက ပြဋ္ဌာန်းထားသော်လည်း ကလေးလက်ထပ်ခြင်းများဖြစ်ပွားနေပါသည်။

ကလေးငယ်များအား လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ် အမြတ်ထုတ်ခြင်း။ ။ ကလေးငယ်များသည် ဘဝရှင်သန်ရပ်တည်ရေးအတွက် ကြားခံတစ်စုံတစ်ဦး၏ ပါဝင်ပတ်သက်မှုမရှိဘဲ ပြည့်တန်ဆာလုပ်ငန်းတွင် လုပ်ကိုင်ခဲ့ရကြောင်းနှင့် အသက် ၁၈ နှစ်အောက် ကလေးများအား လိင်ပိုင်းဆိုင်ရာ ကျူးလွန်စော်ကားခြင်းအမှု ရှစ်မှုရှိခဲ့ကြောင်းကို လူ့အခွင့်အရေးဆိုင်ရာ လှုပ်ရှားသော အုပ်စုတစ်စုက အစီရင်ခံခဲ့သည်။ ကလေးပြည့်တန်ဆာတစ်ဦးနှင့် ပျော်ပါးသူသည် ထောင်ဒဏ် ၁၀နှစ် ပြစ်ဒဏ်စီရင်ခြင်းခံရမည်ဟု ဥပဒေက သတ်မှတ်သည်။ ဥပဒေက ညစ်ညမ်း ရုပ်ဝတ္ထုပစ္စည်းများကို တားဆီးပိတ်ပင်ထားပြီး ပြစ်ဒဏ်မှာ ထောင်ဒဏ် သုံးနှစ်မှ ငါးနှစ်အထိဖြစ်သည်။ အသက်မပြည့်သူများ (အသက် ၁၄ နှစ်အောက်)နှင့် လိင်ဆက်ဆံခြင်းကို အလိုတူသည်ဖြစ်စေ မတူသည်ဖြစ်စေ အမမှုပြုကျင့်မှုအဖြစ် ဥပဒေက သတ်မှတ်ထားသည်။ ကျူးလွန်ခံရသူမှာ အသက် ၁၂ နှစ်မှ ၁၄ နှစ်အတွင်း အရွယ်ဖြစ်ပါက ကျူးလွန်သူအတွက် ထောင်ဒဏ် ၁၀ နှစ်မှ တစ်သက်တစ်ကျွန်း အထိ ချမှတ်နိုင်သည်။ ကလေးသူငယ်များကို ရည်ရွယ်သော လိင်ခရီးသွားလုပ်ငန်းကို ဥပဒေအရ သတ်သတ်မှတ်မှတ်ပိတ်ပင်ထားဆီးထားခြင်း မရှိသော်လည်း ၁၉၄၉ ခုနှစ်ပြည့်တန်ဆာနှိပ်ကွပ်ရေး ဥပဒေပုဒ်မ ၁၃ နှင့် ပြည့်တန်ဆာဥပဒေအရ ပြည့်တန်ဆာခေါင်းလုပ်ခြင်းနှင့်

ပြည့်တန်ဆာလုပ်ခြင်းကို ပိတ်ပင်ကန့်သတ်ထားသည်။ ပြစ်မှုဆိုင်ရာ ဥပဒေအရလည်း ကလေးသူငယ် အသက် ၁၄ နှစ်အောက်နှင့် လိင်ဆက်ဆံခြင်းကို တားမြစ်ပိတ်ပင်ထားသည်။

အစိုးရသည် ကလေးသူငယ်များ၏ အခွင့်အရေးနှင့်သာယာဝပြောရေးအတွက် အရင်းအမြစ်များကို သိသာထင်ရှားစွာအသုံးပြုခြင်း မရှိပါ။ စီးပွားရေးအခြေအနေ ပိုမိုကျပ်တည်းလာသည်နှင့်အမျှ မိဘများသည် ကလေးများကို ကျောင်းမှထုတ်ပြီး စက်ရုံ၊ အလုပ်ရုံများနှင့် လက်ဖက်ရည်ဆိုင်များတွင် အလုပ်လုပ်စေခြင်း၊ တောင်းရမ်းခိုင်းခြင်းများ ပြုလုပ်ကြသည့်အတွက် ကလေးငယ်များမှာ ဘေးအန္တရာယ်ကြုံတွေ့နိုင်ချေအလွန်များသည်။ ဆိုင်ရာလုပ်ငန်းအရည်အချင်းလုံးဝမရှိသော သို့မဟုတ် မဆိုစလောက်သာရှိသော ကလေးများသည် တရားမဝင် စီးပွားရေးလုပ်ငန်းများနှင့် လမ်းပေါ်မှ အလုပ်များတွင် ဝင်ရောက်လုပ်ကိုင်ခြင်းများ တစ်နေ့တခြား ပိုမိုများပြားလာကာ ထိုကလေးများသည် မူးယစ်ဆေးဝါး၊ အသေးစားရာဇဝတ်မှုများ၊ ဖမ်းဆီးခံရနိုင်ခြေရှိခြင်း၊ လိင်ကိစ္စနှင့် လုပ်အားခေါင်းပုံဖြတ်ရန်အတွက် လူကုန်ကူးခံရခြင်း၊ အိတ်ခ်ျအိုင်ဗီ/အိဒ်စ် စသောအန္တရာယ်များ ကျရောက်ခြင်းခံရမည့် အခြေအနေနှင့် ရင်ဆိုင်နေကြရသည်။

ကလေးစစ်သားများ ။ ။ မြန်မာစစ်တပ်နှင့် တိုင်းရင်းသားလူနည်းစုစစ်တပ်များက ရှေးယခင်ကပင် ကလေးစစ်သားများကို အသုံးပြုခဲ့ကြသည်။ (အပိုင်း -၁(ဆ) တွင်ကြည့်)

ရှေ့ပြောင်း ဒုက္ခသည်ကလေးများ။ ။ ပဋိပက္ခဖြစ်ပွားနေသော ဒေသများတွင် နိုင်ငံတွင်း ရွှေ့ပြောင်းဒုက္ခသည်ဖြစ်နေသော ကလေးများ၏ သေဆုံးမှုနှုန်းမှာ နိုင်ငံအတွင်း ရှိ ကျန်ဒေသများအားလုံးရှိ ကလေးသေဆုံးမှုနှုန်းထက်မြင့်မားသည်။ ထို့ပြင် ကလေးများသည် ပညာသင်ကြားနိုင်ရန် အခွင့်အလမ်းလည်း အလွန်နည်းပါးသည်။

မိဘမဲ့ကျောင်းသို့ အပို့ခံရသောကလေးများ ။ ။ ကလေးများစွာသည် အစားအစာနှင့် ပံ့ပိုးမှုလုံလောက်ခြင်းမရှိသော မိဘမဲ့ ကလေးဂေဟာများတွင် ထားရှိခြင်းခံရသည်။

အပြည်ပြည်ဆိုင်ရာကလေးသူငယ်နှင့် အဓမ္မခေါ်ဆောင်ခြင်းများ ။ ။ မြန်မာနိုင်ငံသည် ၁၉၈၀ ပြည့်နှစ် ဟိတ်ဂ်မြို့၊ အပြည်ပြည်ဆိုင်ရာ ကလေးသူငယ်များအဓမ္မခေါ်ဆောင်ခံရခြင်း၏အရပ်ဘက်ရှုထောင့်များဆိုင်ရာ ကွန်ဗင်းရှင်းတွင် ပါဝင်ထားခြင်းမရှိပါ။

ဂျူးဆန့်ကျင်ရေးဝါဒ

ရန်ကုန်မြို့၌ ဂျူးဘာသာဝင်အနည်းငယ်တို့ ဝတ်ပြုဆုတောင်းရာ ဂျူးဘုရားကျောင်းတစ်ခုရှိသည်။ ဂျူးဆန့်ကျင်ရေး အပြုအမူများ ရှိကြောင်း အစီရင်ခံစာများမရှိပါ။

လူကုန်ကူးခြင်း

အသေးစိတ်သိရှိလိုပါက နိုင်ငံခြားရေးဝန်ကြီးဌာန၏ နှစ်စဉ်လူကုန်ကူးမှုဆိုင်ရာ အစီရင်ခံစာကို www.state.gov/j/tip တွင် ကြည့်ရှုနိုင်သည်။

မသန်စွမ်းသူများ

ကိုယ်ခန္ဓာ၊ အာရုံခံစားမှု၊ အသိဉာဏ်နှင့် စိတ်ပိုင်းဆိုင်ရာချို့တဲ့သူများအား အလုပ်ခန့်ထားရေး၊ ပညာသင်ကြားရေး၊ ကျန်းမာရေးစောင့်ရှောက်မှု သို့မဟုတ် အခြားသော နိုင်ငံ့ဝန်ဆောင်မှုများပေးရာတွင် ခွဲခြားဆက်ဆံခြင်းအား ကာကွယ်ပေးသော ဥပဒေတစ်စုံတစ်ရာ ပြဋ္ဌာန်းထားခြင်းမရှိပါ။ ယင်းသို့ ချို့တဲ့သူများအား အစိုးရက လုံလောက်သော ကာကွယ်မှုများမပေးပါ။ အစိုးရသည် မသန်စွမ်းသူများ၏ အလုပ်အကိုင်၊ ပညာရေးနှင့် ကျန်းမာရေးဝန်ဆောင်မှုများကို ရယူပိုင်ခွင့်နှင့် နိုင်ငံတော်၏ အခြားဝန်ဆောင်မှုအမျိုးမျိုးကို ရယူရာတွင်

ခွဲခြားဆက်ဆံခြင်းမျိုးကို ရည်ရွယ်ချက်ရှိရှိ ကျင့်သုံးခြင်းမရှိပေ။ သို့ရာတွင် မသန်စွမ်းသူများအတွက် အထောက်အကူဖြစ်စေသည့် တရားဝင်အရင်းအမြစ်များမှာမူ နည်းပါးလှသည်။ အဆောက်အအုံများ၊ အများပြည်သူသုံး သယ်ယူပို့ဆောင်ရေး စနစ်များနှင့် အစိုးရဌာနများတွင် မသန်စွမ်းသူများ အလွယ်တကူ ဝင်ရောက်အသုံးမပြုနိုင်ရန်အတွက် မဖြစ်မနေ ဆောင်ရွက်ပေးရန် ဥပဒေပြဋ္ဌာန်းထားခြင်းမျိုး မရှိပေ။

ကျန်းမာရေးဝန်ကြီးဌာနသည် မသန်စွမ်းသူများ ပြန်လည်ထူထောင်ရေးအတွက် ဆေးဝါးကုသစောင့်ရှောက်ပေးရမည့် တာဝန်ရှိသည်။ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနက အသက်မွေးဝမ်းကျောင်းဆိုင်ရာ လေ့ကျင့်သင်ကြားပေးခြင်းကို တာဝန်ယူထားသည်။ အစိုးရသည် မျက်မမြင်များအတွက် ကျောင်း သုံးကျောင်း၊ နားမကြားသူများအတွက် ကျောင်း နှစ်ကျောင်း၊ အရွယ်ရောက်ပြီး မသန်စွမ်းသူများအတွက် ပြန်လည်ထူထောင်ရေးစခန်း နှစ်ခု ဖွင့်လှစ်ပေးထားသည်။ သို့သော် အစိုးရသည် မသန်စွမ်းသူများအတွက် ရည်ရွယ်ထားသော ကျောင်းများနှင့် အခြား အစီအစဉ်များအတွက် ရန်ပုံငွေ အလုံအလောက်ပံ့ပိုးပေးခြင်း မရှိပေ။

မသန်စွမ်းဖြစ်နေသော စစ်မှုထမ်းဟောင်းများမှာမူ ဦးစားပေးခြင်းခံရသည်။ များသောအားဖြင့် အရပ်ဘက်ဌာနများတွင် မူရင်းစစ်ဘက်လစာနှင့် တူညီသောအလုပ်များ ခန့်ထားလေ့ရှိသည်။ အရပ်ဘက်ဝန်ထမ်းများ မသန်မစွမ်းဖြစ်ပါက အခိုက်အတန့် မသန်စွမ်းဖြစ်ခြင်းအတွက် လစာ၏ သုံးပုံနှစ်ပုံကို တစ်နှစ်အထိ ခံစားခွင့်ရှိပြီး အမြဲတမ်းမသန်မစွမ်းဖြစ်ပါက အခွန်ပေးဆောင်စရာမလိုသော အမြဲတမ်းထောက်ပံ့ကြေးငွေတစ်ရပ်ကို ရရှိခံစားရမည်။ သို့ရာတွင် ပုဂ္ဂလိကကဏ္ဍတွင် မသန်မစွမ်းဖြစ်ခဲ့ရသော လုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းကာကွယ်စောင့်ရှောက်ပေးရေးအတွက် အစိုးရက စီမံဆောင်ရွက်ပေးခြင်းမရှိပေ။ မတ်အတွင်းက အစိုးရသည် သေဆုံးသွားသော စစ်မှုထမ်းများ၏ မိသားစုများနှင့် ထိခိုက်ဒဏ်ရာရခဲ့သော စစ်မှုထမ်းများကို ကူညီထောက်ပံ့ရန် ဥပဒေတစ်ရပ်ကို ပြဋ္ဌာန်းပေးခဲ့သည်။

တိုင်းရင်းသား/လူမျိုးနှင့်လူမျိုးစုများ

တိုင်းရင်းသားလူမျိုးစုအမျိုးမျိုးတို့သည် စုစုပေါင်းလူဦးရေ၏ ၃၀ မှ ၄၀ ရာခိုင်နှုန်းအထိရှိပြီး တိုင်းရင်းသား ပြည်နယ် ခုနစ်ခုသည် နိုင်ငံ၏ စုစုပေါင်းပိုင်နက်မြေ၏ ၆၀ ရာခိုင်နှုန်းနီးပါးရှိသည်။ တိုင်းရင်းသားလူမျိုးစုများနှင့်ပတ်သက်ပြီး အစိုးရပိုင်းဆိုင်ရာနှင့် လူ့အဖွဲ့အစည်းဆိုင်ရာ ခွဲခြားဆက်ဆံမှုအမျိုးမျိုး အကျယ်အပြန့်ရှိနေသည်။ အစိုးရစစ်တပ်နှင့် တိုင်းရင်းသားလူနည်းစုများအကြား တင်းမာမှုများ ဆက်လက်မြင့်မားမှုရှိနေဆဲဖြစ်သည်။ စစ်တပ်သည် အချို့သော တိုင်းရင်းသားနယ်မြေများတွင် အခြေစိုက်ထားပြီး မြို့တော်များ၊ မြို့များနှင့် အဝေးပြေးလမ်းမကြီးများကို ထိန်းချုပ်ထားသည်။ တိုင်းရင်းသားလူနည်းစုများအပေါ် ကျူးလွန်မှုများတွင် သတ်ဖြတ်ခြင်း၊ ရိုက်နှက်ခြင်း၊ နှိပ်စက်ညှဉ်းပန်းခြင်း၊ အတင်းအကြပ်စေခိုင်းခြင်း၊ အတင်းအကြပ် နေရာရွှေ့ပြောင်းစေခြင်းနှင့် အစိုးရစစ်သားများက တိုင်းရင်းသား အမျိုးသမီးများကို အဓမ္မပြုကျင့်ခြင်းများ ပါဝင်သည်။ အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည်လည်း လူ့အခွင့်အရေးချိုးဖောက်မှုများကို ကျူးလွန်ခဲ့ကြသည်။(အပိုင်း–၁(ဆ) တွင်ကြည့်ရန်)

နှစ်ကုန်ပိုင်းတွင် အစိုးရသည် ကချင်ပြည်နယ်အတွင်းရှိ ကေအိုင်အေမှလွဲ၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ကြီးများ အားလုံးနှင့် ပဏာမအပစ်အခတ်ရပ်စဲရေး သဘောတူညီမှုကို ရယူခဲ့သည်။ အဆိုပါ လက်နက်ကိုင် ပဋိပက္ခတို့တွင် ကေအိုင်အေနှင့် အစိုးရစစ်တပ်များအကြား ဒီဇင်ဘာအတွင်း ဆက်လက်၍ တိုက်ပွဲများဖြစ်ပွားခဲ့သည်။ အစိုးရသည် ကရင်အမျိုးသားအစည်းအရုံး၊ ရှမ်းပြည်နယ်တပ်မတော်နှင့် မွန်ပြည်သစ် ပါတီတို့နှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုကို လက်မှတ်ရေးထိုးခဲ့သည်။

ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာမှုဆလင်အများစုသည် နေရာပြောင်းရွှေ့ခြင်းခံရပြီး ယာယီစခန်းများတွင် ဆက်လက်၍ နေထိုင်ကြရကာ ၎င်းတို့အား ပညာရေး၊ကျန်းမာရေး စောင့်ရှောက်မှုနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အကန့်အသတ်ဖြင့် ထားရှိသည်။ ရိုဟင်ဂျာများသည် သူတို့၏လူမျိုးများကို အခြေခံ၍ ခွဲခြားဆက်ဆံခြင်းခံကြရသည်။ ရခိုင်ပြည်နယ်တွင် ဖြစ်ပွားခဲ့သော ပဋိပက္ခသည်ကြီးမားသော မူဆလင်အသိုင်းအဝိုင်းကို ဆိုးကျိုးသက်ရောက်မှုရှိခဲ့သည့်အပြင် တိုင်းရင်းသားမျိုးနွယ်စုဖြစ်သော အစ္စလာမ်ဘာသာဝင် ကမန်လူမျိုးများကိုလည်း သက်ရောက်ခဲ့သည်။ ရိုဟင်ဂျာအများစုမှာ ခရီးသွားလာခြင်း၊ စီးပွားရေးလုပ်ကိုင်ဆောင်ရွက်ခြင်း၊ ပညာသင်ခြင်းနှင့် မွေးစာရင်း၊ သေစာရင်းနှင့် လက်ထပ်ထိမ်းမြားခြင်းအတွက် မှတ်ပုံတင်ခြင်း အစရှိသော ကိစ္စရပ်များတွင် အလွန်တင်းကြပ်သော တားဆီးကန့်သတ်မှုများကို ကြုံတွေ့ကြရသည်။(အပိုင်း–၂(ဃ) တွင်ကြည့်ရန်)

တိုင်းရင်းသားလူနည်းစုများသည် များသောအားဖြင့် ကိုယ်ပိုင်ဘာသာစကားကိုသာ နေအိမ်တွင်ပြောဆိုကြသော်လည်း တိုင်းရင်းသား လူနည်းစုများ၏ နယ်မြေများအပါအဝင် အစိုးရက ထိန်းချုပ်ထားသော နိုင်ငံအစိတ်အပိုင်းအားလုံးရှိ နိုင်ငံပိုင်ကျောင်းများ၌ မြန်မာဘာသာစကားကိုသာ မဖြစ်မနေသင်ကြားကြရပြီး ဒေသခံဘာသာစကားကိုမူ အကန့်အသတ်ဖြင့်သာ သင်ကြားကြရသည်။ တိုင်းရင်းသားလူနည်းစုဒေသများ၌ပင် မူလတန်းနှင့် အလယ်တန်းကျောင်းများတွင် သက်ဆိုင်သော တိုင်းရင်းသားဘာသာစကားများကို သင်ကြားခြင်းမရှိပေ။ နိုင်ငံတွင်း၌ တိုင်းရင်းသားလူနည်းစု ဘာသာစကားများဖြင့် ပုံနှိပ်ထုတ်ဝေမှုများလည်း မရှိသလောက် နည်းပါးသည်။ တိုင်းရင်းသားဘာသာစကားဖြင့် ကလေးများကို ပညာသင်ကြားခွင့်သည် များစွာသော ငြိမ်းချမ်းရေးဆွေးနွေးပွဲများတလျှောက်တွင် အရေးပါသော တောင်းဆိုမှုတစ်ခုဖြစ်လာခဲ့သည်။ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၊ ခရစ်ယာန်ကျမ်းစာသင်ကျောင်းများ၊ အစ္စလာမ်ဘာသာရေးကျောင်းများအရေအတွက်ကို အစိုးရက ကန့်သတ်ထားကာ တင်းတင်းကြပ်ကြပ်ချုပ်ကိုင်ထားသည်။

လူအဖွဲ့အစည်းအတွင်း ကျူးလွန်စော်ကားခြင်း၊ ခွဲခြားဆက်ဆံခြင်းနှင့် လိင်ပိုင်းဆိုင်ရာ တိမ်းညွှတ်မှုနှင့် ကျား–မ ကွဲလွဲခြင်းတို့အပေါ် အခြေခံ၍ အကြမ်းဖက်ခြင်းများ

ပြစ်မှုဆိုင်ရာ ဥပဒေအရ လိင်ပိုင်းဆိုင်ရာအပြုအမူလွဲများနှင့် သဘာဝကိုလွန်ဆန်သော ကျူးလွန်မှုများကို တားမြစ်အရေးယူ အပြစ်ပေးရာတွင် အမျိုးသားရော အမျိုးသမီးပါ အတူတူပင်ဖြစ်သည်။ သို့သော် ဥပဒေများကို အတင်းအကြပ် သက်ရောက်စေခြင်းမရှိပါ။ လူအခွင့်အရေးလှုပ်ရှားသူများ၏ အစီရင်ခံစာအရ ဖေဖော်ဝါရီတွင် လှည်းကူးမြို့၌ မိန်းမလျာတစ်ဦးကိုဖမ်းဆီးခဲ့ပြီး မေတွင် ပြန်လွှတ်ပေးခဲ့သည်။ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၇၇ (သဘာဝကိုလွန်ဆန်သောကျူးလွန်မှု) အရဖမ်းဆီးခဲ့ခြင်းဖြစ်ပြီး ရဲက ၎င်းမိန်းမလျာကို ခန့်မှန်းခြေ အမှူပေါင်း ငါးမူဖြင့် အရေးယူခဲ့ခြင်းသည် ညှဉ်းပန်းနှိပ်စက်ပြီး လာဘ်ငွေတောင်းယူရန်အတွက်ဖြစ်သည်။ လိင်တူဆက်ဆံသူများ၊ မိန်းမလျာများ၊ နှစ်ဖက်ချွန်များ၊ လိင်ပြောင်းထားသူများ (LGBT) ၏ အစီရင်ခံစာအရ ရဲများ၏ညှင်းပန်းနှိပ်စက်ခြင်းတွင် တရားလက်လွတ်ဖမ်းဆီးခြင်း (ဥပမာ–မော်ဂင်ရိပ်ခိုမှု)၊ ထိန်းသိမ်းခြင်း၊ အချို့ကျူးလွန်မှုများတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ အဓမ္မကျူးလွန်မှုများပါဝင်သည်ဟု သိရှိရသည်။ ထို့ပြင် LGBT လှုပ်ရှားသူများ၏ အဆိုအရ ခွဲခြားဆက်ဆံခြင်းနှင့် ဆက်စပ်နေသော ဖြစ်ရပ်များမှာ လူမှုအဖွဲ့အစည်းအတွင်း ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပေါ်နေကြောင်း သိရှိရသည်။

လုပ်ငန်းခွင်အတွင်း လိင်ပိုင်းဆိုင်ရာ တိမ်းညွှတ်မှုကို အခြေခံသော ခွဲခြားဆက်ဆံခြင်းရှိခဲ့ပြီး LGBT ဖြစ်သူများကို ရာထူးတိုးပေးရန် ငြင်းပယ်ခြင်းနှင့် အလုပ်မှထုတ်ပယ်ခြင်းတို့ကို ခံခဲ့ကြရသည်ဟု အစီရင်ခံစာများအရ သိရသည်။ လှုပ်ရှားသူများ၏ အစီရင်ခံစာအရ မိန်းမလျာနှင့် လိင်တူဆက်ဆံသူများဟု မိမိတို့ကိုမိမိ ပွင့်ပွင့်လင်းလင်းခံယူထားသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများမှာ ကန့်သတ်ခြင်းခံထားရသည်။ ထို့ပြင် လူမှုအသိုင်းအဝိုင်းတစ်ခုလုံး၏ အထွေထွေထောက်ပံ့မှုများကို မရရှိခဲ့ကြောင်းလည်း သိရှိရပါသည်။

လူအဖွဲ့အစည်းအတွင်း အကြမ်းဖက်မှုများနှင့် ခွဲခြားဆက်ဆံမှုများ

အိပ်ခ်ျအိုင်ဗီ/အိုင်ဒစ် ဝေဒနာရှင်များအပေါ် လူမှုအဖွဲ့အစည်းအတွင်း အကြမ်းဖက်မှုများ သို့မဟုတ် ခွဲခြားဆက်ဆံခြင်းများ ရှိခဲ့သည်ဟု အစီရင်ခံစာများအရသိရသည်။ လှုပ်ရှားသူများ၏ အစီရင်ခံစာအရ လူအဖွဲ့အစည်းအတွင်း အထွေထွေခွဲခြားဆက်ဆံမှုအပြင် ဝေဒနာရှင်များသည် အများပြည်သူနှင့် ပုဂ္ဂလိကဆိုင်ရာ အခန်းကဏ္ဍအတွင်းရှိ အလုပ်ခွင်တွင် အလုပ်ပြုတ်ခြင်းကဲ့သို့သော ရလဒ်များ ပါဝင်သည်ဟုသိရှိရသည်။

အပိုင်း(၇) ။ ။အလုပ်သမားရပိုင်ခွင့်များ

(က) လွတ်လပ်စွာသင်းပင်းဖွဲ့စည်းခွင့်နှင့် အလုပ်ရှင်နှင့်အလုပ်သမားဆွေးနွေးညှိနှိုင်းခွင့်

အလုပ်သမားဝန်ကြီးဌာန၏ တရားမျှတသော စည်းမျဉ်းများပါဝင်သည့် ဥပဒေသည် အလုပ်သမားများနှင့် အလုပ်ရှင်များ၏ ရပိုင်ခွင့်များကို ကာကွယ်ပေးခြင်းဖြင့် လွတ်လပ်သော သမဂ္ဂများဖွဲ့စည်းခွင့်၊ အလုပ်ရှင်နှင့် အလုပ်သမားအပြန်အလှန်ဆွေးနွေးညှိနှိုင်းခွင့်၊ တရားဝင်ဆန္ဒထုတ်ဖော်နိုင်ခွင့်နှင့် အလုပ်ရှင်က ညှိနှိုင်းဆွေးနွေးမှု မပြီးမချင်းအလုပ်ရုံကို ပိတ်ထားနိုင်ခွင့်တို့ကို ရရှိစေသည်။ ၁၉၂၆ ခုနှစ် ကုန်သွယ်ရေးသမဂ္ဂဥပဒေကို ရုပ်သိမ်းသည့် အလုပ်သမားအဖွဲ့အစည်းများဥပဒေသည် သီသာထင်ရှားသော အလုပ်သမားဆိုင်ရာ အခွင့်အရေးများကို တိုးပွားရရှိစေပြီး ယင်းဥပဒေသည် မတ်တွင်စတင်၍ သက်ဝင်လှုပ်ရှားလာခဲ့သည်။ အလုပ်သမားအဖွဲ့အစည်းများ ဥပဒေကို အကောင်အထည်မဖော်ခင် အစိုးရသည် အလုပ်သမားများကို လွတ်လပ်စွာစည်းရုံးခွင့်မပြုခဲ့ချေ။

ထိုဥပဒေအရ အလုပ်သမားများသည် သူတို့၏ နယ်ပယ်နှင့် လှုပ်ရှားမှုများအတွင်းရှိသော အလုပ်သမားအဖွဲ့အစည်းများကို လွတ်လပ်စွာဝင်ရောက်နိုင်ခွင့်ရရှိကြမည်ဖြစ်သည်။ အလုပ်သမားသမဂ္ဂများသည် အလုပ်သမားဝန်ကြီးဌာန၏ မှတ်ပုံတင်အရာရှိချုပ်ရုံးရှိ မြို့နယ်မှတ်ပုံတင်အရာရှိများထံတွင် မှတ်ပုံတင်ကြရမည်ဖြစ်သည်။ အလုပ်သမားအဖွဲ့အစည်းမှ အသင်းအဖွဲ့လှုပ်ရှားမှုကြောင့် အလုပ်ထုတ်ခံရ သောသူများကို အလုပ်ပြန်ခန့်ရန် တောင်းဆိုမှုကို ဥပဒေက ခွင့်ပြုထားသည်။

ဥပဒေသည် အလုပ်ရှင်နှင့်အလုပ်သမားများကြား ဆက်ဆံရေးတိုးတက်ကောင်းမွန်ရန်နှင့် အလုပ်ရှင်၊ အလုပ်သမားအားလုံးကို ကိုယ်စားပြုနိုင်ရန်အတွက် သမဂ္ဂများအား အလုပ်ရှင်နှင့် ညှိနှိုင်းခွင့်ပေးထားသည်။ ပဋိပက္ခများကို ကိုင်တွယ်ဖြေရှင်းခြင်းနှင့် အပေးအယူ လုပ်ငန်းစဉ်များ စီမံခန့်ခွဲခြင်းနှင့် စပ်လျဉ်း၍မူ ဆောင်ရွက်ပိုင်ခွင့်ပေးမထားချေ။

ဇပြီတွင် အလုပ်ရှင်အလုပ်သမားပဋိပက္ခဖြေရှင်းရေးဆိုင်ရာ ဥပဒေသည် စတင်၍ အကျုံးဝင်ခဲ့သည်။ ယင်းဥပဒေက တစ်ဦးချင်းစီနှင့် အလုပ်သမားအကြား ဖြစ်ပွားသော ပဋိပက္ခများ၊ လုပ်ငန်း၊ မြို့နယ်၊ ဒေသဆိုင်ရာနှင့် အမျိုးသားရေးဆိုင်ရာအဆင့်များတွင် ဖြစ်ပွားပါက ညှိနှိုင်းခြင်း သို့မဟုတ် ခုံသမာဓိဖွဲ့၍ ပြဿနာကို ဖြေရှင်းပေးစေရန် လုပ်ငန်းကိုချမှတ်ပေးခဲ့သည်။ ဤဥပဒေသည် မူဝါဒအတွင်း ဥပဒေနှင့်လျော်ညီစွာ တာဝန်ချပေးသည်။ သို့သော် အလုပ်ရှင်များသည် ခုံသမာဓိအဖွဲ့နှင့် ညှိနှိုင်းရေးအဖွဲ့က ထုတ်ပြန်ခဲ့သော ဆုံးဖြတ်ချက်များကို လျစ်လျူရှုကြသည်ဟု အစောပိုင်းအစီရင်ခံစာများအရသိရသည်။ ဥပဒေက ပဋိပက္ခဖြေရှင်းရေးဆိုင်ရာ အသေးစိတ်လုပ်ထုံး လုပ်နည်းများကို ဖော်ပြပေးခဲ့သည်။

ဤဥပဒေသက်ဝင်ခဲ့ပြီးနောက် အလုပ်သမားများသည် သမဂ္ဂများနှင့် အဖွဲ့အစည်းများကို လွတ်လပ်စွာစတင်ဖွဲ့စည်းခဲ့ကြသည်။ မေတွင် ရန်ကုန်မြို့အစွန်အဖျားတွင်ရှိသော စက်ရုံများရှိ အလုပ်သမားများစွာတို့သည် ၎င်းတို့၏ အလုပ်ရှင်များကို လုပ်ခပိုမိုတိုးပေးဖို့ ဆန္ဒပြ တောင်းဆိုခဲ့ကြသည်။ မေတွင် အထည်ချုပ်စက်ရုံ၊ အစားအစာ ထုတ်လုပ်ရေးစက်ရုံ၊ ရှူးဖိနပ်စက်ရုံ၊ အဖျော်ယမကာထုတ်လုပ်ရေးစက်ရုံနှင့် စတီးစက်ရုံအပါအဝင် အမျိုးမျိုးသော ကုန်ချောထုတ်လုပ်ရေးစက်ရုံများရှိ အနည်းဆုံးအလုပ်သမား ၂၀ ဦးနှင့် ၅၀ ဦးထက်များသော အလုပ်သမားများသည် ဆန္ဒပြခဲ့ကြသည်။ ဤကိစ္စတွင် အစိုးရ၏ ဟန့်တားနှောက်ယှက်မှုများ မရှိကြောင်းနှင့် ဆန္ဒပြအလုပ်သမား တော်တော်များများမှာ အလုပ်ရှင်များထံမှ လုပ်ခများတိုး၍ ရရှိခဲ့ကြသည်။ ကွက်ကျားဆန္ဒပြမှုများသည် မေနောက်ပိုင်း ဆန္ဒပြသည့် အကြိမ်များ လျော့နည်းသွားစဉ် ဆက်လက်၍ ဤနှစ်တလျှောက်ဖြစ်ပွားခဲ့သည်။

ဤနှစ်အတွင်း အိုင်အယ်လ်အို အလုပ်သမားအရေးလှုပ်ရှားသူများနှင့် မီဒီယာများက အစီရင်ခံရာတွင် အလုပ်သမားသမဂ္ဂများကို ဝင်ရောက်သော သို့မဟုတ် အလုပ်သမားသမဂ္ဂများကို ဖွဲ့စည်းသော များစွာသော အလုပ်သမားတို့သည် သူတို့၏ အလုပ်ရှင်များက နောက်ပိုင်းတွင် အလုပ်ဖြုတ်ပစ်ခြင်း သို့မဟုတ် ဆိုးရွားသောတုံ့ပြန်မှုပြုလုပ်ခြင်းကြောင့် စိုးရိမ်မကင်းဖြစ်ရကြောင်း ဖော်ပြသည်။ ဤအတော အတွင်း အလုပ်ထုတ်ပစ်ခြင်းဆိုင်ရာ ပမာဏကို မသိရှိရသော်လည်း အလုပ်ရှင်များက အလုပ်သမားများအပေါ် ပြင်းပြင်းထန်ထန် ပြုမူ ဆောင်ရွက်ခြင်းသည် လွတ်လပ်စွာအဖွဲ့အစည်းဖွဲ့ခွင့် မူဝါဒကို အားနည်းလာအောင် ခြိမ်းခြောက်ခဲ့သည်။ စိုးရိမ်စရာအချက်တစ်ခုမှာ ဤဥပဒေသည် အလုပ်ထုတ်ပယ်ခြင်းနှင့် အမှန်တကယ်အလုပ်သမားအဖွဲ့အစည်းကို မှတ်ပုံတင်ခြင်းမပြုခင် စည်းရုံးဆောင်ရွက်နေသော အလုပ်သမားများအား ခွဲခြားဆက်ဆံခြင်းကို ကာကွယ်မှု ပေးမထားခြင်းဖြစ်သည်။

ဒီဇင်ဘာ ၃၁ ရက်အထိ အလုပ်သမားသမဂ္ဂအဖွဲ့ပေါင်း ၃၇၉ ဖွဲ့ကို အောင်မြင်စွာ မှတ်ပုံတင်ခဲ့သည်။ အများစုမှာ လုပ်ငန်းအဆင့် အလုပ်သမားသမဂ္ဂများဖြစ်ကြသည်။

နှစ်ကုန်ပိုင်းတွင် အစိုးရသည် အလုပ်သမားအရေးဆောင်ရွက်သူ၊ တက်ကြွလှုပ်ရှားသူများ အားလုံးကို အကျဉ်းထောင်မှ လွှတ်ပေးခဲ့သည်ဟု အိုင်အယ်လ်အိုက အစီအရင်ခံသည်။

ဥပဒေအသစ်အပေါ် ဝေဖန်ချက်များအနက် တစ်ခုမှာ လွတ်လပ်စွာ သင်းပင်းဖွဲ့စည်းခြင်းအား ကန့်သတ်ထားသော ရရှိပြီးသား ဥပဒေပြဋ္ဌာန်းမှုအားလုံးကို အလုံးစုံမရုပ်သိမ်းခြင်းပင်ဖြစ်သည်။ နိုဝင်ဘာ ၂၁ ရက်တွင် ၁၉၄၆ ခုနှစ်က ပြဋ္ဌာန်းခဲ့သော ပြည်သူ့လုပ်သားများ၏ အခြေခံရပိုင်ခွင့်နှင့် လုပ်ငန်းတာဝန်များ၊ ဥပဒေနှင့် ကုန်သွယ်ရေးသမဂ္ဂတစ်ခုတည်းစနစ်ကို ပြဋ္ဌာန်းခဲ့သော ၁၉၇၆ ခုနှစ် ပြင်ဆင်ဖြည့်စွက်ချက်များမှာ တရားမဝင်တော့ကြောင်းကို သမ္မတက ကြေညာခဲ့သည်။ သို့သော် အမိန့်ကြော်ငြာစာအမှတ် ၆/၈၈ အရ ထုတ်ပြန်ထားသော သက်ဆိုင်ရာအစိုးရဌာနများတွင် မှတ်ပုံတင်မထားသော သမဂ္ဂများအပါအဝင် အဖွဲ့အစည်းကြီးများနှင့် အသင်းအဖွဲ့များအတွက် တင်းကြပ်သော ပြစ်ဒဏ်များ မှာမူ ဥပဒေတွင် ဆက်လက်ပါရှိမည်ဖြစ်သည်။

(ခ) **အတင်းအဓမ္မ အလုပ်စေခိုင်းခြင်း သို့မဟုတ် မဖြစ်မနေလုပ်အားပေးစေခိုင်းခြင်းကို တားမြစ်ခြင်း**

ဥပဒေအရ အပြစ်ပေးခံရသောသူမှအပ မည်သူ့ကိုမဆို အတင်းအကြပ်စေခိုင်းခြင်း၊ မဖြစ်မနေ လုပ်အားပေးစေခြင်း (ရာဇဝတ်မှုဆိုင်ရာ ပြစ်ဒဏ်တစ်ခုမှတစ်ပါး)ကို ဥပဒေက တားမြစ်ထားပြီး အခြားသူများအား အတင်းကြပ်စေခိုင်းသူများကိုလည်း ဥပဒေအရ ပြစ်ဒဏ်ချမှတ်ရန် ဖော်ပြထားသည်။

ဖေဖော်ဝါရီတွင် အစိုးရသည် ဗြိတိသျှကိုလိုနီခေတ် ဥပဒေ နှစ်ခုကို ဖျက်သိမ်းခဲ့သည်။ အဆိုပါ ဥပဒေများသည် နိုင်ငံတော်ခွင့်ပြုချက်အမိန့်ဖြင့် အသုံးပြုသော အတင်းအဓမ္မအလုပ်စေခိုင်းမှုကို ခွင့်ပြုခဲ့သည်။ အစိုးရသည်တစ်ပြိုင်တည်း ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေဟုခေါ်တွင်သော အတင်းအဓမ္မအလုပ်စေခိုင်းမှုအပေါ် ပြဋ္ဌာန်းထားသည့် ဥပဒေအသစ်တစ်ခုကို ထုတ်ပြန်ခဲ့သည်။ သို့သော် ဖေဖော်ဝါရီတွင် ထုတ်ပြန်ခဲ့သော ဥပဒေဆိုင်ရာစကားရပ်များသည် အိုင်အယ်လ်အိုက ဖြစ်စေချင်သော စံချိန်စံညွှန်းများနှင့် မကိုက်ညီခဲ့ပါ။

မတ်တွင် အစိုးရသည် ထိုဥပဒေ၌ ရှင်းလင်းသောစကားရပ်အသစ်များဖြင့် ဖွင့်ဆိုခြင်း၊ တားမြစ်ခြင်းနှင့် အတင်းအဓမ္မ အလုပ်စေခိုင်းမှုကို ရာဇဝတ်မှုအဖြစ် သတ်မှတ်ခြင်းတို့ကို ထည့်သွင်းကာ ဥပဒေကိုပြင်ဆင်ခဲ့သည်။

ဤနှစ်အတွင်း အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းများနှင့် ကိုက်ညီသော အတင်းအဓမ္မအလုပ်စေခိုင်းမှုအပေါ် ပြဋ္ဌာန်းသော ဥပဒေအသစ်တစ်ခုကို ထုတ်ပြန်လိုက်သည်။ အစိုးရနှင့် စစ်တပ်များ၏ အတင်းအဓမ္မအလုပ်စေခိုင်းမှုများ၊ အတင်းအကြပ်လုပ်အားပေးစေခိုင်းမှုများက ဆက်လက်၍ အဓိကပြဿနာဖြစ်နေသည်။ နိုင်ငံတကာလေ့လာသူများ၏ နိုင်ငံတစ်ဝန်းလေ့လာချက်များအရ လမ်းဖောက်ခြင်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ ကင်းစောင့်စေခြင်းနှင့် အခြားပြုပြင်ထိန်းသိမ်းမှု စီမံကိန်းလုပ်ငန်းများ၊ အထူးသဖြင့် ကျေးရွာအဆင့်နှင့် တိုင်းရင်းသားများနေထိုင်ရာဒေသများရှိ နိုင်ငံသားများကို အစိုးရက အတင်းအဓမ္မ ဖိအားပေးခိုင်းစေနေသည်ဟု သိရသည်။ အတင်းအဓမ္မအလုပ်စေခိုင်းခြင်း ဆက်လက်ဖြစ်ပွားနေသည်ဟု အစီရင်ခံစာများအရ သိရသော်လည်း အပြည်ပြည်ဆိုင်ရာ အလုပ်သမားများ အဖွဲ့အစည်းကမူ ၂၀၁၁ ခုနှစ်နှင့်စာလျှင် ထိုအဖြစ်အပျက်ဆိုင်ရာ အစီရင်ခံစာများ လျော့နည်းခဲ့သည်ဟု မှတ်ချက်ပေးသည်။ ဤသို့ လျော့နည်းသွားရခြင်း၏ ဖြစ်နိုင်ခြေရှိသော အကြောင်းရင်းတစ်ခုမှာ ဇပြီအတွင်း၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမိန့်တစ်ခု ထုတ်ပြန်ခဲ့ခြင်းကြောင့်လည်း ဖြစ်နိုင်သည်။ ယင်းအမိန့်တွင် အတင်းအဓမ္မအလုပ်စေခိုင်းခြင်း ကျူးလွန်သော စစ်ဖက်အမှုထမ်းများအား တပ်ဆိုင်ရာ ဥပဒေကို ချိုးဖောက်ကျူးလွန်သော ပြစ်မှုကျူးလွန်သူများဟု မသတ်မှတ်ဘဲ အရပ်ဘက်ဆိုင်ရာ တရားရုံးများတွင် ရင်ဆိုင်ရမည့် ပြစ်မှုဆိုင်ရာ ကျူးလွန်သူများဟု သတ်မှတ်ဖော်ပြထားသည်။ အဓမ္မအလုပ်စေခိုင်းမှု ပပျောက်ရေးဆိုင်ရာ တိုးတက်မှုတွင် စစ်တပ်က ကျူးလွန်သော အတင်းအဓမ္မအလုပ်စေခိုင်းခြင်းဆိုင်ရာ အမှုများသည် ဒေသရှိ အာဏာပိုင်များက ကျူးလွန်သော အတင်းအဓမ္မအလုပ်စေခိုင်းခြင်းဆိုင်ရာ အမှုများထက် ပိုမိုလျင်မြန်စွာ ပပျောက်သွားသည်။ သို့သော် အစီရင်ခံစာများက ဤနှစ်အတွင်း အဓမ္မအလုပ်စေခိုင်းမှုကို ပုံမှန်အသုံးချခြင်းနှင့် ပိုမိုလုပ်ဆောင်လာခဲ့ကြကြောင်း စွပ်စွဲထားကြသည်။

မတ်အတွင်း၌ အပြည်ပြည်ဆိုင်ရာ အလုပ်သမားများအဖွဲ့အစည်းက အစိုးရနှင့် နားလည်မှုဆိုင်ရာ စာချွန်လွှာတစ်စောင်ကို လက်မှတ်ရေးထိုးခဲ့သည်။ အဆိုပါစာချွန်လွှာတွင် ၂၀၁၅ ခုနှစ်တွင် အဓမ္မစေခိုင်းမှုပုံစံအမျိုးမျိုး ပပျောက်စေရန် ပြည့်စုံကျယ်ပြန့်သော ကြိုတင်ထိန်းချုပ်မှုဆိုင်ရာ မဟာဗျူဟာကို ယေဘုယျအကျဉ်းဖော်ပြထားပါသည်။

အသေးစိတ်သိရှိလိုပါက နိုင်ငံခြားရေးဝန်ကြီးဌာန၏ နှစ်စဉ်လူကုန်ကူးမှုဆိုင်ရာ အစီရင်ခံစာကို www.state.gove/j/tip တွင် ကြည့်ရှုနိုင်သည်။

(ဂ) ကလေးလုပ်သားပိတ်ပင်တားမြစ်ခြင်းနှင့် အလုပ်လုပ်နိုင်မည့် အနည်းဆုံးအသက်အရွယ်

ကလေးလုပ်သားများအတွက် အနည်းဆုံးအသက်အရွယ်မှာ ၁၃ နှစ်ဟု ဥပဒေတွင် ပါရှိသည်။ ဥပဒေက လုပ်ငန်းခွင်နေရာများရှိ ကလေးသူငယ်များကို ကာကွယ်ရန် ၁၄ နှစ်မှ ၁၇ နှစ်အထိ လူငယ်ဟု ခွဲခြားသတ်မှတ်ထားပြီး မပင်ပန်းသော အလုပ်တာဝန်များကိုသာ စေခိုင်းခွင့်ပြုထားသည်။ "မပင်ပန်းသောအလုပ်တာဝန်"တွင် မည်သို့သောအလုပ်တာဝန်များဟူ၍ သတ်မှတ်ထားခြင်းမရှိပေ။ ကလေးစစ်သား စုဆောင်းခြင်းအပါအဝင် ကလေးများကို အဓမ္မအလုပ်စေခိုင်းမှုသည် ဥပဒေနှင့် ဆန့်ကျင်သည်ဟု ဖော်ပြပါရှိသည်။ စစ်ဥပဒေအရလည်း ကလေးစစ်သားစုဆောင်းခြင်းကို တားမြစ်ထားသည်။

ယူနီဆက်ဖ်သည် ကလေးသူငယ်များကို အကာအကွယ်ပေးခြင်းနှင့် ပတ်သက်သော ဌာနတွင်းအစည်းအဝေးများနှင့် အလုပ်ရုံဆွေးနွေးပွဲများကို ပိုမိုလွယ်ကူချောမွေ့စေရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ကလေးသူငယ်ကာကွယ်ရေးဥပဒေများ၊ အနိမ့်ဆုံး အသက်အရွယ်၊ သက်သောင့်သက်သာရှိသောအလုပ်စသည့် ကိစ္စများနှင့်ပတ်သက်၍အလုပ်သမားဝန်ကြီးဌာနနှင့် ယူနီဆက်ဖ်တို့ လုပ်ကိုင်ဆောင်ရွက်ခဲ့သည်။

လက်တွေ့တွင်မူ ကလေးသူငယ်ဥပဒေကို လိုက်နာကျင့်သုံးခြင်းမရှိပေ။ ကလေးလုပ်သားပြဿနာမှာ ကျယ်ကျယ်ပြန့်ပြန့်နှင့် ထင်သာမြင်သာစွာ ဆက်လက်ရှိနေဆဲဖြစ်သည်။ မြို့ကြီးများတွင် နေထိုင်သောကလေးများမှာ များသောအားဖြင့် အစားအစာထုတ်လုပ်သော လုပ်ငန်းများနှင့် အသေးစားစက်မှုထုတ်ကုန်လုပ်ငန်းများ၊ လမ်းဘေးစျေးသည်များ သို့မဟုတ် အမှိုက်သိမ်းသူများနှင့် စားသောက်ဆိုင်၊ လက်ဖက်ရည်ဆိုင်များတွင် စားပွဲထိုးများအဖြစ် အမျိုးမျိုးသောအလုပ်များကို လုပ်ကိုင်ကြသည်။ ကျေးလက်ဒေသရှိ ကလေးများမှာမူ မိသားစု၏ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများတွင် လုပ်ကိုင်ကြပြီး များသောအားဖြင့် ဆင်းရဲမှု၏ အကျိုးရလဒ်များဖြစ်သည်။

ကလေးစစ်သားစုဆောင်းခြင်းကို ကျူးလွန်သူများအတွက် ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ်ကျခံစေရမည်ဟူ၍ပြဋ္ဌာန်းထားသော ဥပဒေများရှိသည်။ အစိုးရသည် အချို့သောအမှုများတွင် ကလေးစစ်သားများကို ပြန်လည်လွှတ်ပေးပြီး စုဆောင်းခြင်းပြုလုပ်ခဲ့သော စစ်တပ်အရာရှိများကို ပညာပေးခဲ့သည်။ သို့သော် အစိုးရစစ်တပ်သည် ကလေးစုဆောင်းခြင်းနှင့် စစ်တပ်နှင့်စပ်ဆိုင်သည့် လုပ်ငန်းများတွင် ကလေးများကို ဆက်လက်အသုံးပြုနေဆဲဖြစ်သည်ဟု အစီရင်ခံစာများအရသိရသည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကလည်း ကလေးစစ်သားစုဆောင်းမှုများ ဆက်လက်လုပ်ဆောင်နေသည်ဟု အစီရင်ခံစာများအရသိရသည်။ (အခန်း-၁(ဆ)တွင်ကြည့်ရန်)

(ဃ) လက်ခံနိုင်ဖွယ်ရှိသော အလုပ်အကိုင်အခြေအနေများ

အစိုးရဝန်ထမ်းများနှင့် အနည်းငယ်သော သမားရိုးကျလုပ်ငန်းများမှ အလုပ်သမားများမှာ အနိမ့်ဆုံးလုပ်ခလစာ သတ်မှတ်ချက် အကာအကွယ်ကို ခံစားရသည်။ အနည်းဆုံး လုပ်ခလစာဥပဒေမှာ သက်ဝင်လှုပ်ရှားမှုမရှိခဲ့ပါ။

အစိုးရ လုပ်ငန်းများ၏ အလွန်နည်းပါးသော လုပ်ခလစာများကြောင့် အကျင့်စာရိတ္တပျက်ပြားမှုနှင့် အလုပ်ပျက်ကွက်သူများ ဖြစ်ပေါ်စေရန် တွန်းအားပေးသကဲ့သို့ ဖြစ်စေခဲ့သည်။ ပုဂ္ဂလိကလုပ်ငန်းတွင်မူ မြို့ပေါ်ရှိ ကာယအလုပ်သမားများမှာ လုပ်ငန်းကျွမ်းကျင်မှု မရှိသော်လည်း တစ်နေ့လျှင် ကျပ်ငွေ ၁,၀၀၀ မှ ၂,၅၀၀ အထိ (၁.၁၇ ဒေါ်လာမှ ၂.၉၄ ဒေါ်လာ) ခံစားခွင့်ရရှိနေကြပြီး ကျေးလက်စိုက်ပျိုးရေးလုပ်ငန်းမှ လုပ်သားများမှာ ယေဘုယျအားဖြင့် လုပ်အားခနည်းပါးစွာရရှိကြသည်။ ပုဂ္ဂိကလုပ်ငန်းများရှိ ကျွမ်းကျင်သော လုပ်သားများမှာ ကျေးလက်ဒေသ လယ်ယာလုပ်ငန်းခွင်ရှိ အလုပ်သမားများနှင့် မြို့ပြရှိ ကာယအလုပ်သမားများထက် ဝင်ငွေပိုမိုရရှိကြသည်။

ဥပမာအားဖြင့် ကျွမ်းကျင်သော စက်ရုံလုပ်သားများ၏ တစ်လလုပ်ခလစာမှာ ကျပ်ငွေ ၅၀,၀၀၀ မှ ၁၀၀,၀၀၀ အထိရှိကြောင်း (၅၉ ဒေါ်လာမှ ၁၁၈ ဒေါ်လာအထိ ရှိကြောင်း) ပုဂ္ဂလိက လုပ်ငန်းရှင်တို့၏အဆိုအရသိရသည်။

အစိုးရဌာနမှ ဝန်ထမ်းများ၏ အလုပ်လုပ်ချိန်ကို ရက်သတ္တ တစ်ပတ်တွင် ၅ ရက်၊ နာရီအားဖြင့် ၃၅ နာရီအဖြစ် ဥပဒေက သတ်မှတ်ထားပြီး ပုဂ္ဂိုကကဏ္ဍမှ လုပ်သားများအတွက်မူ ရက်သတ္တ တစ်ပတ်လျှင် ၆ ရက်၊ နာရီအားဖြင့် ၄၄ နာရီ သတ်မှတ်ထားသည်။ သတ်မှတ်ချိန်ထက်ကျော်၍ ထပ်မံအလုပ်ဆင်းရပါက အချိန်ပိုကြေးထပ်မံဆောင်းပေးသည်။ နိုင်ငံပိုင်လုပ်ငန်းများမှ စက်ရုံလုပ်သားများမှာ ရက်သတ္တ တစ်ပတ်လျှင် ၄၄ နာရီမှ ၄၈ နာရီ အလုပ်လုပ်ရပြီး များသောအားဖြင့် စက်ရုံအမျိုးအစားပေါ်တွင် မူတည်နေသည်။ စက်ရုံလုပ်သားတို့၏ အနားယူအားလပ်ချိန်ကို ရက်သတ္တ တစ်ပတ်လျှင် ၂၄ နာရီ (တစ်ရက်) ဥပဒေက ခွင့်ပြုပေးထားသည်။ တစ်နှစ်အတွက် လစာ ခံစားခွင့်ရသော အားလပ်ရက် ၂၁ ရက် ခွင့်ပြုထားကြောင်း သိရသည်။ လက်တွေ့တွင်မူ လုပ်ခလစာ၊ အလုပ်လုပ်ချိန် တို့နှင့် ပတ်သက်သော ထုတ်ပြန်မှုများကို လိုက်နာမှုအားနည်းပြီး ကျေးလက်စိုက်ပျိုးရေးကဏ္ဍနှင့် အခြားတရားမဝင်ကဏ္ဍများတွင် လုပ်သားအများစု ဝင်ရောက်လုပ်ကိုင်ကြသဖြင့် အနည်းအငယ်သော လုပ်သားတို့တွင်သာ အကျိုးခံစားရကြောင်း သိရသည်။ အမျိုးသားဆင်းရဲ မွဲတေမှုဝင်ငွေ အဆင့်သည် ၁ ရက်ကို ကျပ် ၁,၀၀၀ ထက်နည်းသော ဝင်ငွေရရှိသည်ဟု ခန့်မှန်းခဲ့ကြသည်။

အလုပ်သမားဝန်ကြီးဌာနသည် ပုဂ္ဂလိက ကဏ္ဍရှိ အလုပ်သမားများ၏ အခြေအနေကို ကြီးကြပ်ကွပ်ကဲသည်။ ဥပဒေသည် များသောအားဖြင့် အစိုးရလုပ်ငန်းကဏ္ဍများတွင်သာ အကျိုးသက်ရောက်မှုရှိပြီး ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများကမူ မကြာခဏ ဆိုသလို ဥပဒေကိုချိုးဖောက်လေ့ရှိကြောင်း သိရသည်။ အလုပ်သမားဝန်ကြီးဌာနသည် တစ်နိုင်ငံလုံးအတွက် စစ်ဆေးရေးအရာရှိ ၆၀ ဦးရှိသည်။ ထို့ကြောင့် ဥပဒေလိုက်နာမှု အားနည်းနေသည်။